# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၁၆)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

၂၀၁၂ ခုနှစ်၊ မေ ၉ ရက်၊ ကြာသပတေးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဒါတိုဆရီ မိုဟာမက် နာဂျစ်တွန်း ရာဇတ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် (၆)နိုင်ငံနှင့် UNODC တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# UNODC နှင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ (၆)နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ (၆)နိုင်ငံ နားလည်မှု စာချွန်လွှာဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေကြသော မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် (၆)နိုင်ငံနှင့် UNODC တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ရဲချုပ် ကျော်ကျော်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ (၆)နိုင်ငံတို့၏ တစ်နိုင်ငံချင်းအလိုက် မူးယစ်ဆေးဝါးထိန်းချုပ်ရေး ဆောင်ရွက်ချက်များနှင့် (၆)နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ UNODC နှင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ (၆)နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတစ်ဝန်း မိသားစုများ၏ ကျန်းမာကြံ့ခိုင်သောလူမှုဘဝကို ဖော်ဆောင်လျက်ရှိသော စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့

သတင်းဆောင်းပါးစာမျက်နှာ ➤ ၈

# မန်ယူနည်းပြအဖြစ်မှ ဖာဂူဆန်အနားယူတော့မည်



မန်ချက်စတာယူနိုက်တက်အသင်းနည်းပြ အသက် ၇၀ နှစ်အရွယ်ရှိ ဖာဂူဆန်သည် ယခုနှစ်ဘောလုံးရာသီကုန်၌ နည်းပြအဖြစ်မှ အနားယူတော့မည်ဖြစ်ကြောင်း မေ ၈ ရက်က ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်သည်။

ဖာဂူဆန်သည် မန်ယူနည်းပြအဖြစ် ၂၆ နှစ်ကြာ တာဝန်ယူခဲ့ရာ အင်္ဂလန်ပရီမီယာလိဂ်သမိုင်းတွင် ကလပ်တစ်သင်းတည်း၌ နည်းပြအဖြစ် တစ်ဆက်တည်းတာဝန်ယူခဲ့သည့် နှစ်အကြာဆုံးနည်းပြလည်း ဖြစ်သည်။

ဖာဂူဆန်သည် မန်ယူအသင်းအား ပရီမီယာလိဂ်ဖလား (၁၃)ကြိမ် ရယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား *စာမျက်နှာ ၈ ကော်လံ ၁* ❐

## ယနေ့ မာတိကာ


အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်း — စာ - ၃

လူသားချင်းစာနာထောက်ထားမှု အရင်းတည်နှစ် ၁၅၀ ပြည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ (ဆောင်းပါး) — စာ - ၆

လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ တိုးချဲ့ပြင်ဆင်ဖွဲ့စည်း — စာ - ၉





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံသည် သဘာဝရေမြေသယံဇာတများ ပေါကြွယ်ဝပြီး စိုက်ပျိုးရန်အတွက် ကောင်းမွန်သော ရာသီဥတု ဖြစ်တည်လျက်ရှိသည်။ လယ်ယာကဏ္ဍကို အဓိကအခြေခံ အားထားနေသည့် နိုင်ငံဖြစ်သည်နှင့်အညီ စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက် လိုအပ်ချက်ကို တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာ မြေစနစ်သို့ လုပ်ကိုင်လျက်ရှိရာတွင် အခြေခံလုပ်ငန်းဖြစ်သည့် မြေယာများကို ဇကကွက်၊ ဟက်တာကွက်များဖော်ထုတ်ခြင်း၊ ပြုပြင်ခြင်း၊ ရေသွင်းရေထုတ်စနစ်ကောင်းရန် မြေပြုပြင်ခြင်း၊ ရေသွင်းမြောင်း ရေထုတ်မြောင်းကောင်းမွန်ရန် ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လမ်းများကို ရာသီမရွေးအသုံးပြုနိုင်ရန် ဖောက်လုပ်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးရမည်ဖြစ်သည်။

သီးနှံအရည်အသွေးနှင့် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များသည် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ တီထွင်ကြံဆပြီး တောင်သူလယ်သမားများ လက်ဝယ်အရောက် လေ့ကျင့်ပညာပေးလျက်ရှိသည်။ အဓိကသီးနှံအမယ်ဖြစ်သော ဆန်စပါးအပါအဝင် သီးနှံအမယ်အလိုက် အထွက်နှုန်းများ တိုးတက်မြင့်မားရေးနှင့် ဈေးကွက်အရည်အသွေး မြင့်မားရေးအတွက် အဆင့်မြင့်နည်းပညာဖြင့် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အဓိကအခြေခံသော့ချက်သည် ခိုင်မာသော ပြည်တွင်းပြည်ပဈေးကွက် ရရှိရေးဖြစ်သည်။

ယခင်က စိုက်ပျိုးသီးနှံများကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချခဲ့ရာ ယခုအခါ အဆင့်မြင့် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကအားထားစိုက်ပျိုးလျက်ရှိရာ အရည်အသွေးကောင်းစပါးများကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ဂျပန်နိုင်ငံ ဆန်တင်ဒါကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် Global တင်ဒါစနစ်ဖြင့် တင်သွင်းယှဉ်ပြိုင်ခဲ့သည့်အနက် တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီအား တန်းမြင့်ဆန် ငါးရာခိုင်နှုန်း တန်ချိန် ၅၀၀၀ ကို တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံမှထွက်ရှိသော အဆင့်တန်းမီ ဆန်ကောင်း ဆန်သန့်များကို အလားတူ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ပါက စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မည်ဖြစ်သည်။

အဆင့်မြင့်ဆန်များ တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်း စပါးမျိုးစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ ခေတ်မီသိုလှောင်ရုံများတည်ဆောက်ခြင်း၊ ခေတ်မီဆန်စက်များ တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ချိန်က မြန်မာ့ဆန်သည် ဈေးကွက်တွင် မျက်နှာပန်းလှခဲ့ရာ ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာ့ဆန်နေရာရရှိရေးအတွက် ကြိုးစားကြရမည်ဖြစ်သည်။ လယ်ယာထွက်ကုန်များ ပြည်တွင်းပြည်ပဈေးကွက်သို့ တိုးမြှင့်ရောင်းချနိုင်ခြင်း၊ ခိုင်မာသော ဈေးကွက်ရရှိခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးအခွင့်အလမ်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## မကွေးတိုင်းဒေသကြီးအတွင်း လမ်း/တံတားများ ဖောက်လုပ်တည်ဆောက်

**နေပြည်တော် မေ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် မေ ၄ ရက် နံနက်ပိုင်းက ဧရာဝတီတံတား (မလွန်)အထူးစီမံကိန်းကြီး အဖွဲ့(၄) အင်ဂျင်နီယာမှူးကြီးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သရက်- မင်းလှလမ်း၊ စစ္စနိုး- ရေနံ့မ- ကန်တုတ်လမ်းတစ်လျှောက် ကျောက်ခင်းခြင်း၊ ကတ္တရာလောင်းခြင်း၊ လမ်းပခုံးများခင်းကြိတ်ခြင်း၊ လမ်းဘေးဝဲယာထောင်လိုက်နှင့် ကန့်လန့်ဖြတ်ရေမြောင်းများ ဖောက်လုပ်ခြင်းနှင့် စက်ယန္တရားများဖြင့် လမ်းခင်းကြိတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ မလွန်-စစ္စနိုး-ရေနံ့မ-ကန်တုတ်လမ်းသည် ဧရာဝတီတံတား(မလွန်)မှ ပုသိမ်-မုံရွာလမ်းသို့ ဆက်သွယ်ထားသောလမ်းဖြစ်သည်။

ထို့နောက် ပုသိမ်-မုံရွာလမ်း၊ မင်းဘူး-အမ်းလမ်းနှင့် ဆားဖွက်ချောင်း တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး) လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖျာပုံမြို့ဝင်ကြေးကောက်ခံသည့် မောင်းလက်တံဂိတ် နေရာပြောင်းရွှေ့ပေးစေချင်

ဖျာပုံခရိုင် ဖျာပုံမြို့သည် ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ ခရီးသွားလာရာတွင် မြို့သူမြို့သားများနှင့် ခရီးသွားပြည်သူများသည် အဝေးပြေးကားလမ်းမကြီးများပေါ်ရှိ မြို့အဝင်ဂိတ်များတွင် မောင်းလက်တံနှင့် တားပြီး ဂိတ်ကြေးပေးဆောင်ကြရသည်။ ထိုကဲ့သို့ပေးဆောင်ရာတွင် ဖျာပုံမြို့၏ မြောက်ဘက် ဖျာပုံ-ရန်ကုန်အဝေးပြေးကားလမ်းမပေါ်ရှိ ချောင်းတွင်းကျေးရွာအနီး မြို့ဝင်ကြေးကောက်ခံသည့် မောင်းလက်တံဂိတ်နေရာသည် မြို့သူမြို့သားများနှင့် ခရီးသွားပြည်သူများအတွက် အသုံးပြုနေသည့် ဒီဂျစ်တယ်ဆီပန့်ဆိုင်နှင့် မြို့အဝင်ဆိုင်းဘုတ်ကြားတွင် တည်ရှိသဖြင့် ဒီဂျစ်တယ်ဆီပန့်ဆိုင်သို့ ဆီထည့်လာသည့်ကားများ၊ ဆိုင်ကယ်များဆီထည့်ပြီး မြို့ထဲသို့ ပြန်အဝင်တွင် မြို့ဝင်ကြေး ကောက်ခံနေသဖြင့် မကြာခဏ ပြဿနာဖြေရှင်းနေရသည့်အတွက် မြို့နေပြည်သူများ အခက်အခဲနှင့်ကြုံတွေ့နေရသည်။



ဖျာပုံမြို့နေ ပြည်သူတစ်ဦးက "ကျွန်တော်တို့ ဖျာပုံ မြို့သူ မြို့သားတွေ ဖျာပုံမြို့နယ်နိမိတ်အစပ်မှာရှိတဲ့ ဒီဂျစ်တယ်ဆီပန့်ဆိုင်ကို ဆီသွားထည့်ပြီး မြို့ထဲကိုအပြန် ကိုယ်ပိုင်ဝယ်ယူထားတဲ့ ခြံမြေတွေကို မကြာခဏ သွားရောက်ကြည့်ရှုပြီး မြို့ထဲသို့ ပြန်လာတဲ့အချိန်တွေမှာ ယခု မောင်းတံဂိတ်တောင်းခံနေတဲ့ မြို့ဝင်ဂိတ်ကို ဖြတ်ကျော်ပြီး ပြန်လာတိုင်း ဂိတ်ကြေးပေးနေရတာ အဆင်မပြေတဲ့အတွက် မြို့ဝင်ဂိတ်နေရာကို ပြောင်းရွှေ့ပေးသင့်ပါတယ်"ဟု ပြောပြသည်။

ဖျာပုံမြို့သည် ဖွံ့ဖြိုးတိုးတက်လာပြီး မြို့နယ်နိမိတ်ကျယ်ပြန့်လာသည့်အတွက် မြို့နယ်စည်ပင်အဖွဲ့မှ ခွင့်ပြုထားသော ယခုမြို့ဝင်ဂိတ်ကြေးကောက်ခံသည့် မောင်းလက်တံနေရာကို မြို့သူ မြို့သားများနှင့် ခရီးသွားပြည်သူများအဆင်ပြေစေရန် မြို့နယ်နိမိတ်အစပ်ရှိ ဒီဂျစ်တယ်ဆီပန့်ဆိုင် အပြင်ဘက် အဝေးပြေးကားလမ်းမပေါ်တွင် သင့်တော်သည့်နေရာတွင် သတ်မှတ်နေရာပေး၍ ပြောင်းရွှေ့ကောက်ခံမှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းအသိပေး ရေးသားလိုက်ရပါသည်။ **ချမ်းသာ**

ထင်သာမြင်သာ ပြုပြင်စရာ

## ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ သင်တန်းများဖွင့်

**ရန်ကုန် မေ ၈**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ယမန်နေ့နံနက် ၇ နာရီခွဲတွင် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၉၃)နှင့် အရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ်(၃၈)တို့ ဖွင့်လှစ်ရာ ပါမောက္ခချုပ် ဦးညီညီစံက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၉၈ ဦး၊ သင်တန်းသူ ၁၁၅ ဦး စုစုပေါင်း ၂၁၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် မေ ၈**

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ စီးတီးစတားဟိုတယ်၌ မေ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားမှူးအဖြစ် ဆရာမျိုးမြင့်ညိမ်းက ဆောင်ရွက်ပြီး စာနယ်ဇင်းအသီးသီးမှ သိလိုသည်များကို စာရေးဆရာ ဖေမြင့်က ရှင်းလင်းပြောကြားသည်။ စာရေးဆရာဖေမြင့်က မြန်မာစာပေ ကျဆင်းနေရခြင်းအကြောင်းရင်းနှင့် မြန်မာစာပေ တိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို အကျဉ်းရှင်းလင်းပြောကြားသည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် စာတမ်းငါးစောင်ဖတ်ကြားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

MHC MAHA TOE UMTA
မဟာတိုး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
2013,September 28 မှစ၍ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များပို့ပေးပါမည်။
၁။ သံဝေဇနီယလေးဌာန၊ သက်သေနဂိုရ်၊ တပ်ချီမဟာ၊ နယူးဒေလီ (၁၄)ရက်ခရီး
၂။ သီရိလင်္ကာ ကန္ဒီဗုဒ္ဓမြတ်စွယ်တော်၊ အနုရာဓပူရမူလစေတီပင်၊ ကိုလံဘို (၇)ရက်ခရီး
၃။ ဘန်ကောက်မြဘုရား၊ အယုဒ္ဓယမြို့ဟောင်း၊ ပတ္တရား၊ ချင်းမိုင်၊ လန်ပန်း (၇)ရက်ခရီး
၄။ ကမ္ဘောဒီးယား၊ အန်ကောဝပ်ကျောင်းတော် (၃)ရက်ခရီး
AIRBUS A320
Golden
Golden Myanmar Airlines

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအတွက် ငွေလှူဒါန်း

**နေပြည်တော် မေ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှ အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီး ဌာနကြီးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်လင်းလင်းတင်က ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ခန်းမ၌ ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က စာတမ်းများကို ဖတ်ကြား တင်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်လှုပ်ရှား

**ရန်ကုန် မေ ၈**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒဂုံမြို့နယ် အထက(၁) သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေတွင်းရေကန်များ အဘိတ်ဆေးခတ်ခြင်း၊ ခန်းဆီးလိုက်ကာများ ဆေးစိမ်ခြင်းတို့ကို ကျောင်းအားကစားရုံ၌ ယနေ့ နံနက် ၁၀ နာရီတွင်ပြုလုပ်ရာ ကျောင်းအုပ်ကြီး ဦးအောင်ကိုကို၊ ဒဂုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ ယင်းမာလှိုင်နှင့် အဖွဲ့တို့က လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၈**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို မေ ၇ ရက် နံနက် ၉ နာရီက ပြည်နယ်ဝန်ကြီးရုံးခန်း၌ ကျင်းပရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များနှင့် ပြည်နယ်မှ တာဝန်ရှိသူများသည် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများနှင့် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် တာဝန်ယူရမည့်အပိုင်းကို အလေးအနက်ထား ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (၆)နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ရန် အသင့်ရှိပါကြောင်း၊ အာဆီယံ၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ ခုနှစ် မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက် ပြည့်မီစေရေးတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းက မေ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ (၆)နိုင်ငံ နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

ယင်းနောက် UNODC ဗန်ကောက်ဌာနေကိုယ်စားလှယ် Mr. Jeremy Douglus က အမှာစကား ပြောကြားပြီး မြန်မာ၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများက အစည်းအဝေးအကြံပြုချက်များ၊ ဆောင်ရွက်ချက်များ တင်ပြဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာ အထောက်အကူပြုစီမံကိန်း အဆိုပြုချက်အား ဆွေးနွေးခြင်း၊ နေပြည်တော်ကြေညာစာတမ်းအပေါ် ဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာ ဒေသခွဲလုပ်ငန်းစီမံချက်နှင့် UNODC ဒေသဆိုင်ရာ အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပြည်တွင်းသတင်း**

# အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာ**
**(အမှတ်၊ ၃၁/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်)**

**အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် လက်ရှိကျင့်သုံးဆောင်ရွက်နေသော အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ စိစစ်ကြပ်မတ်ခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | သူရဦးသောင်းလွင် | ဥက္ကဋ္ဌ |
| (ခ) | ဦးမော်သန်း<br>ပါမောက္ခချုပ်(အငြိမ်းစား) | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်မင်းထွန်း<br>ဒုတိယပါမောက္ခချုပ်(အငြိမ်းစား) | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) | အဖွဲ့ဝင် |
| (င) | ဒေါ်ဝါဝါထွန်း<br>မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမောင်မောင်လေး<br>မြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ကြည်ကြည်စိန်<br>ပါမောက္ခ(အငြိမ်းစား) | အဖွဲ့ဝင် |
| (ဇ) | ဦးကေကေ<br>ညွှန်ကြားရေးမှူး(အငြိမ်းစား) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အတွင်းရေးမှူး |

၂။ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခွန်စည်းကြပ်ကောက်ခံရာတွင် ရသင့်ရထိုက်သော အခွန်ရရှိခြင်း ရှိ၊ မရှိ စိစစ်ရန်၊

(ခ) နိုင်ငံတော်အတွင်း ဆောင်ရွက်နေသည့် ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများမှ အခွန်ကောက်ခံရရှိမှုကို စိစစ်ရန်၊

(ဂ) အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ စိစစ်တွေ့ရှိချက် သုံးသပ်အကြံပြုချက်များအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တင်ပြရန်၊

(ဃ) ရသင့်ရထိုက်သော အခွန်ရရှိရေး၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရေးအတွက် လက်ရှိအခွန်ကောက်ခံမှုနှင့်ပတ်သက်၍ လေ့လာသုံးသပ်အကြံပြုရန်၊

(င) မြန်မာနိုင်ငံ၏ အခွန်ကောက်ခံမှု စနစ်တကျဖြစ်စေရေးနှင့် အခွန်ပြည့်ပြည့်ဝဝရရှိရေး ရည်မှန်းချက်အား အထောက်အကူပြုရန်။

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# မြိုင်ကြီးငူနှင့် ဘားအံတို့၌ စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများဖွင့်

**နေပြည်တော် မေ ၈**

အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၆)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၇)ဖွင့်ပွဲကို မေ ၆ ရက် နံနက်ပိုင်းက မြိုင်ကြီးငူ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၂)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးမှန်သမျှ သုံးတတ်က**
**မုချမီးဘေး စဉ်ကင်းဝေး**

## နိုင်ငံတကာသတင်း

# ဂျူးအခြေစိုက်အိမ်ရာ တည်ဆောက်မှု ဝန်ကြီးချုပ် နေတန်ယာဟု ဆိုင်းငံ့ထား

**တဲလ်အဗစ် မေ ၈**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက အနောက်ဘက်ကမ်းတွင် ဂျူးအခြေစိုက်အိမ်ရာသစ်များတည်ဆောက်ရေး အစီအစဉ်ကို ဆိုင်းငံ့မိန့်တစ်ရပ်ကို တရားဝင်မဟုတ်သော်လည်း ထုတ်ပြန်ထားကြောင်း ယင်းအရေးလှုပ်ရှားသောအဖွဲ့က ပြောကြားသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး စကားဝိုင်းများ ပြန်စတင်ရေး အမေရိကန်၏ လုံ့လစိုက်ထုတ်မှုကို နေတန်ယာဟုက လက်ခံဖွယ်အရိပ်လက္ခဏာရှိနေသည်ဟု သတင်းတွင် ဖော်ပြသည်။ အဆိုပါ ထွက်ပေါ်နေသည့်သတင်းနှင့်ပတ်သက်ပြီး အစ္စရေးအစိုးရက အတည်ပြုခြင်း၊ ငြင်းဆန်ခြင်းမရှိချေ။

အိမ်ရာတည်ဆောက်မှုနှင့် ပတ်သက်ပြီး အစ္စရေးနှင့် ပါလက်စတိုင်းကြား အငြင်းပွားမှု မျက်နှာစုံညီ ဆွေးနွေးပွဲများသည် ယတိပြတ်အဖြေထွက်မလာဘဲ ၂၀၁၀ ခုနှစ်တွင် ရပ်တန့်သွားခဲ့သည်။

အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်တွင် အစ္စရေးတို့ အခြေစိုက်အိမ်ရာများ ၁၉၆၇ ခုနှစ်မှစတင် ကျူးကျော် တည်ဆောက်ခဲ့ရာ အိမ်ရာ ၁၀၀ ထက်မနည်းရှိနေပြီး ဂျူးအခြေစိုက်နေထိုင်သူပေါင်း ၅၀၀၀၀၀ ခန့် ရှိနေသည်။

**ငြင်းဆိုလျက်ရှိ**

ယင်းသို့ အခြေစိုက်အိမ်ရာတည်ဆောက်မှုများသည် နိုင်ငံတကာဥပဒေအရ တရားမဲ့ကျူးကျော်မှုတစ်ရပ်အဖြစ်ရှိနေသော်လည်း အစ္စရေးတို့က ယင်းလုပ်ရပ်ကို ဝန်ခံခြင်းမပြုဘဲ တွင်တွင်သာ ငြင်းဆိုလျက်ရှိသည်။ **(ဘီဘီစီ)**

# ဆီးရီးယားကိုတိုက်ခိုက်ရန် ဝေဟင်ပိုင်နက်ကျူးကျော်ခဲ့မှု အစ္စရေးတို့အား လက်ဘနွန်ဝန်ကြီးချုပ် ရှုတ်ချ

**ဘေရွတ် မေ ၈**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီး စစ်ဘက်သုတေသနအဆောက်အအုံကို လေကြောင်းမှတိုက်ခိုက်ရာတွင် အစ္စရေးလေယာဉ်များသည် လက်ဘနွန်ဝေဟင်ပိုင်နက်ကို ကျူးကျော်ဖြတ်သန်းခဲ့မှုအပေါ် လက်ဘနွန်ယာယီဝန်ကြီးချုပ် နာဂျစ်မီကာတီက ပြစ်တင်ရှုတ်ချလိုက်သည်။

**ပြောကြား**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် လက်ဘနွန်ဆိုင်ရာ ကုလသမဂ္ဂ အထူးညှိနှိုင်းရေးမှူးတို့နှင့်အတူ တွေ့ဆုံ ဆွေးနွေးရာ၌ လက်ဘနွန်ယာယီဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။



အစ္စရေးတို့အနေဖြင့် လက်ဘနွန်၏ဝေဟင်ပိုင်နက်ကို ကျူးကျော်ခြင်းသည် လက်ဘနွန်တို့၏ အချုပ်အခြာအာဏာပိုင်မှုကို ထိပါးရာရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ဘနွန်နိုင်ငံတွင် ရောက်ရှိနေသော ဆီးရီးယားဒုက္ခသည်များအရေးကိုလည်း ဖြေရှင်းဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ၎င်းက တိုက်တွန်းပြောကြားသည်။ **(ဆင်ဟွာ)**

# မက္ကဆီကိုနိုင်ငံ၌ လောင်စာဆီတင်ယာဉ် ပေါက်ကွဲမှုဖြစ်ပွား

**မက္ကဆီကိုစီးတီး မေ ၈**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးဆင်ခြေဖုံးရှိ အဝေးပြေးကားလမ်းမတစ်ခုပေါ်တွင် မေ ၇ရက် နံနက်က လောင်စာဆီတင်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၀ သေဆုံးပြီး ၃၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။ အဆိုပါ လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုကြောင့် အီကာတီပက်ဧရိယာအတွင်း အဆောက်အအုံများနှင့်ကားများပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

ယင်းပေါက်ကွဲမှုသည် မက္ကဆီကိုစီးတီးနှင့် ပါချူကာမြို့အကြား အဝေးပြေးကားလမ်းမပေါ်တွင် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းကို ဆေးရုံအတွင်း၌ ဖမ်းဆီးပြီး ၎င်းကို ယင်းဆေးရုံ၌ ပင်ဆေးဝါးကုသမှုပေးထားကြောင်း အရာရှိများက ဆက်လက်ပြောကြားသည်။ အဆိုပါ ဧရိယာအတွင်းတွင် အနည်းဆုံးနေအိမ် ၃၀နှင့် ကားအစီး ၂၀ ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများ၏ ပြောကြားချက်အရ သိရသည်။ **(ဘီဘီစီ)**



# ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ မီးတောင်ပေါက်ကွဲ

**မနီလာ မေ ၈**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် မီးတောင်တစ်လုံး သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ပေါက်ကွဲပြီးနောက် အနည်းဆုံး တောင်တက်သမား ငါးဦးသေဆုံးပြီး အချို့ပိတ်မိနေကြောင်း မေ ၈ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြသည်။

**ပေါက်ကွဲမှုဖြစ်ပွား**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း မြို့တော်မနီလာအရှေ့တောင်ဘက် ကီလိုမီတာ ၃၃၀ (၂၀၆ မိုင်) အကွာတွင်ရှိသော မေယွန်အမည်ရှိ အဆိုပါမီးတောင်သည် မေ ၇ ရက်အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီး ကြီးမားသောချော်ရည်ချော်ခဲနှင့် ပြာမှုန့်များ ဝေဟင်အထက်သို့ ပန်းထွက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**စေလွှတ်ပေးထား**

ယင်းမီးတောင် ရုတ်တရက်ပေါက်ကွဲမှုဖြစ်ပွားစဉ်အတွင်း၌ ပိတ်မိသူ သို့မဟုတ် ဒဏ်ရာရရှိသူတောင်တက်သမားများအား ကယ်ဆယ်ရန် အဆိုပါပေါက်ကွဲမှုဖြစ်သည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရဟတ်ယာဉ်များ စေလွှတ်ပေးထားခဲ့ကြောင်း သိရသည်။

ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူငါးဦးနှင့် ဒဏ်ရာရရှိသူ ခုနစ်ဦးရှိသည်ဟု နောက်ဆုံးထုတ်ပြန်ချက်အရ သိရကြောင်း သဘာဝဘေးအန္တရာယ်သက်သာလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီ အကြီးအကဲ အဒူယာဒိုဒီရော်ဆာရီယိုက ယင်းနေ့တွင် ပြောကြားခဲ့သည်။

**မသိရသေး**

သေဆုံးသူ သို့မဟုတ် ဒဏ်ရာရရှိသူများမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရသေးကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

ထိုသို့ မတော်တဆထိခိုက်ခံရသူများထဲတွင် ဂျာမနီနှင့်ဩစတြေးလျမှ ခရီးသည်များပါရှိသည်ဟုလည်း အခြားထုတ်ပြန်ချက်များက ဆိုသည်။ **(ပရက်စ်တီဗွီ)**

**တင်မောင်လွင် စုစည်းသည်**

# ကိုကင်းများသယ်ဆောင်လာသူသီလရှင်အတုများ ကိုလံဘီယာလေဆိပ်တစ်ခုမှ ရဲတပ်ဖွဲ့ ဖမ်းဆီး

**ဘိုဂိုတာ မေ ၈**

သီလရှင်များနှင့်တူအောင် ဝတ်ဆင်ထားသူ အမျိုးသမီးသုံးဦးအား မူးယစ်ဆေးဝါးဖောက်ကားမှုဖြင့် ကိုလံဘီယာလေဆိပ်၌ ဖမ်းဆီးရမိခဲ့ကြောင့် မေ ၇ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အောက်ပုံ)**

အသက် ၂၀၊ ၃၂ နှင့် ၃၇ နှစ် အရွယ်အသီးသီးရှိ အဆိုပါအမျိုးသမီးများသည် ၎င်းတို့၏ခန္ဓာကိုယ်ပေါ်တွင် ၂ ကီလိုစီရှိ ကိုကင်းအထုပ်များကို ရစ်ပတ်ချည်နှောင်ထားပြီး သယ်ဆောင်လာခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

၎င်းအမျိုးသမီးများသည် သီလရှင်များဖြစ်ပုံမပေါ်ဘဲ ၎င်းတို့၏ ဝတ်ရုံများကလည်း အစစ်အမှန်မဟုတ်သည့်အတွက်ကြောင့် ၎င်းတို့ကို သံသယဖြစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းအမျိုးသမီးများသည် မြို့တော်ဘိုဂိုတာမှ ဆန်အင်န်ဒရက်စ်ကျွန်းသို့ အားလပ်ရက် အပျော်ခရီးထွက်သူများနှင့်အတူ ခရီးသွားနေခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့တာဝန်ရှိသူများအနေဖြင့် အဆိုပါအမျိုးသမီးများအား မသင်္ကာ၍ စစ်ဆေးရာ ၎င်းတို့၏ဝတ်ရုံအောက်ရှိ ခြေထောက်များတွင် ရစ်ပတ်ချည်နှောင်ထားသည့် ကိုကင်းအထုပ်များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအမျိုးသမီးများသည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဖြင့် တရားစွဲခံရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ခေါင်းဆောင် အော်စကာဒေးဗစ်က ပြောကြားသည်။ **(ဘီဘီစီ)**




Project Title: SHAE THOT
Cesvi project Code: BIRC71
Donor: USAID
Donor Project code: Pact-USAID 095A0002
Procedure Code: BIRC71/OLT/001

cesvi

CESVI Italian NGO operating in Myanmar, is going to implement a Livelihood Project funded by USAID (contract 095A0002) that provides for the supplying of the following items:

- Lot 1: Neem Cake
- Lot 2: Gypsum ($CaSO_4$ 24% and sulphur 17%)
- Lot 3: Armo Fertilizer chemical compound 16:16:8:13 (N:P:K:S)

Applicants interested in the tender can collect the tender dossier within 14 of May 2013 at Cesvi Country Office in Yangon, No. 111-A1, University Avenue, Kamayut Township, Yangon.

The envelopes must be handed to the above address before 12.00 p.m. on the 3rd of June 2013. This deadline has to be considered as a fix term and CESVI will not accept any delay justification *even if due to the post service*.

Any application received after this deadline will not be considered.



လမ်းပြည် 09-50-37438 532200



**ကျေးဇူးဆပ်**

ခင်ပြုံးချို၏ P.P စာအုပ်အမှတ် ၆၃၈၃၀၇ သည် ၃-၅-၂၀၁၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၃၀၀၇၄၄၆



**ပျောက်ဆုံးကြောင်း**

ကျွန်တော်မွန်ကျော်သန်း၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၅၃၆၃၄၅၉



Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

| Basic Spoken English | |
|---|---|
| Mon to Thurs-7:30-9:30am | 13,27 May |
| Mon to Thurs-3:00-5:00pm | 13,27 May |
| Mon to Thurs-5:00-7:00pm | 13,27 May |
| Sat & Sun -3:45-6:45pm | 18 May |
| Mon to Thurs-10:00-12:00am | 20 May |
| Sat & Sun -9:00-12:00am | 25 May |
| Sat & Sun -12:30-3:30pm | 25 May |
| Mon to Thurs-1:00-3:00pm | 27 May |
| **Pre-Intermediate English** | |
| Sat & Sun - 12:00-3:00pm | 25 May |
| Mon to Thurs-7:30-9:30am | 27 May |
| **Intermediate English** | |
| Mon to Thurs-1:00-3:00pm | 20 May |

| Grammar Foundation Course | |
|---|---|
| Sat & Sun - 9:00-12:00am | 18 May |
| Mon to Thurs- 7:30-9:30am | 20 May |
| **Basic Writing Course** | |
| Mon to Thurs - 3:00-5:00pm | 20 May |
| **Structure & Written Expression** | |
| Mon to Thurs - 10:00-12:00am | 13 May |
| Sat & Sun - 12:30-3:30pm | 18 May |
| **Vocabulary Enrichment Course** | |
| Mon toThurs- 3:30-5:00pm | 20 May |
| Sat & Sun - 10:00- 12:00 am | 8 Jun |

IELTS,IELTS(SPEAKING), SAT,API,AWC,TOEFL

No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp. ☎ 243950

*✱ ကျော်ဖုံးမှ*

မီဒီယာညွှန်းကိန်းများတွင် ဒေသတွင်း၌ ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ပြီးခဲ့သည့်အပတ်က ကျင်းပခဲ့သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် နယူးယောက်အခြေစိုက် Freedom House၊ ပါရီအခြေစိုက် Reporters Without Borders နှင့် ဗန်ကောက်အခြေစိုက် Southeast Asian Press Alliance အစရှိသည့် စာနယ်ဇင်းလွတ်လပ်မှုအပေါ် စောင့်ကြည့်နေကြသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာတို့တွင် အထင်ကရဖြစ်သောအသင်းအဖွဲ့များက မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအပေါ် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် မိမိတို့ဒေသတွင်းတွင် တောက်ပပြီး အလားအလာကောင်းသည့် တစ်ခုတည်းသော မီဒီယာပတ်ဝန်းကျင်အခင်းအကျင်းပင်ဖြစ်ကြောင်း" စသည်ဖြင့် မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး အထက်ပါအတိုင်း အကျယ်တဝင့်ရေးသား၍ အသိအမှတ်ပြုထားသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။

ဆောင်းပါးရှင် KAVI က အာဆီယံပေါင်းစည်းရေးတွင် မီဒီယာ၏ အရေးပါမှုနှင့် ပတ်သက်၍ ဆက်လက်ရေးသားရာတွင် "၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည့် အလှမ်းကျယ်လှသော အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံနိုင်ငံများရှိ စာနယ်ဇင်းသမားများနှင့်မီဒီယာများ၏ တက်ကြွစွာပါဝင်မှုမရှိဘဲ ဖြစ်ပေါ်လာနိုင်ခြေမရှိကြောင်း၊ ဥရောပ၊ မြောက်အမေရိကနှင့် လက်တင်အမေရိကတို့တွင်လည်း မီဒီယာများသည် ဒေသတွင်း ပေါင်းစည်းမှုနှင့် အတူယှဉ်တွဲနေထိုင်လိုမှုတို့အပေါ် အဓိကမောင်းနှင်အားဖြစ်ခဲ့ကြောင်း။

အရှေ့တောင်အာရှဒေသအတွင်းရှိ မီဒီယာအခင်းအကျင်းများမှာ တူညီမှုမရှိဘဲ အသွင်ကွဲပြားခြားနားမှု များစွာရှိနေကြောင်း၊ ယင်းအချက်ကြောင့်ပင် ဒေသတွင်းမီဒီယာ၏ပုံရိပ်လွှာကို ခြုံငုံဖော်ပြရန် လွန်စွာခဲယဉ်းနေခြင်းဖြစ်ကြောင်း၊ ၄င်းသည် ပြီးခဲ့သည့်နှစ်များအတွင်း မီဒီယာနှင့် ပတ်သက်သော လုပ်ငန်းများတွင် နီးကပ်စွာအတူတကွ ပူးပေါင်းလုပ်ဆောင်ရေးအတွက် ဘုံစံညွှန်းစံကိန်းများကို သတ်မှတ်ရာတွင် ခက်ခဲနေရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်း၊ ဒေသ၏နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ လူမှုယဉ်ကျေးမှုဆိုင်ရာ အခြေပြမြေပုံများနှင့် အာဆီယံပဋိညာဉ်တို့တွင် အာဆီယံကိုယ်ပိုင်လက္ခဏာများထိန်းသိမ်းမှုနှင့် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းထူထောင်မှုတို့ကို တိုးမြှင့်ပေးရာ၌ မီဒီယာအခန်းကဏ္ဍ၊ သတင်းအချက်အလက်များ လွတ်လပ်စွာ စီးဆင်းစေမှုတို့အား အရေးကြီးလုပ်ငန်းအဖြစ် သီးသီးသန့်သန့် ဖော်ပြထားကြောင်း၊ သို့ရာတွင် အာဆီယံခေါင်းဆောင်များသည် ယခုတိုင် အဆိုပါကိစ္စကို လေးလေးနက်နက် ဆောင်ရွက်ခြင်းမရှိကြသေးကြောင်း။

မကြာသေးမီက ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ထိပ်သီးညီလာခံတွင် အာဆီယံခေါင်းဆောင်များသည် သာမန်ပြည်သူတို့ကို အလေးဂရုထားသည့် အာဆီယံဆက်သွယ်ရေးဆိုင်ရာ စီမံချက်ကို အပြီးသတ်အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးများအား တာဝန်ပေးအပ်ခဲ့ကြောင်း၊ လက်ရှိတွင် ယင်းစီမံချက်ကို အဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံချင်းအလိုက်သာ ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

အာဆီယံ၏မီဒီယာကဏ္ဍများသည် ယခုနှစ်မှစတင်၍ ၂၀၁၅ ခုနှစ်အလွန်ကာလများအထိ အတူတကွ ပူးပေါင်းလုပ်ဆောင်သွားကြရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အာဆီယံ၏ အနာဂတ်သည် ယင်းအဖွဲ့အစည်းအား လူငယ်တို့၏ ယုံကြည်စိတ်ချကြမှုအပေါ်တွင် မူတည်နေခြင်းကြောင့်ဖြစ်ကြောင်း" ဖော်ပြထားသည်ကို တွေ့ရပါသည်။

လာမည့်နှစ်များတွင် မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲမှုသည် ယခုထက်ပိုမိုပြီး အရှိန်အဟုန်ဖြင့် ပြောင်းလဲလာဦးမည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌရာထူးနေရာကို လက်ခံဆောင်ရွက်ချိန်တွင် မြန်မာ့မီဒီယာလောကသည် နိုင်ငံတကာ စံနှုန်းများနှင့်အညီ လွတ်လပ်ခွင့်နှင့် စည်းကမ်းလိုက်နာစောင့်စည်းမှုတို့ကို တစ်ပြိုင်တည်းကျင့်သုံးသည့် လူမှုတာဝန်သိသော မီဒီယာပုံစံ (Social Responsibility Model) အဖြစ် ရောက်ရှိနေရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု ဖိတ်ခေါ်လိုက်ရပါသည်။

*◆ ကျော်ဖုံးမှ*

မကြာမီ သဘောတူညီမှု လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီသည် မြန်မာနိုင်ငံတွင် အခြားစီမံကိန်းများဖြစ်သော စက်မှုလယ်ယာလုပ်ငန်းစီမံကိန်း၊ လမ်းကွန်ရက်များ ဖွံ့ဖြိုးရေးစီမံကိန်းများ စသည့်စီမံကိန်းငါးခုတို့တွင်လည်း အကူအညီအထောက်အပံ့များပေးသွားမည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံသည် မြန်မာနိုင်ငံတွင် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျက်ရှိသည်။

**(ဆင်ဟွာ)**

နိုင်ငံတကာနှင့်ပြည်တွင်းသတင်း

# အာဆီယံ-ထိုင်း ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲတွင် စင်ကာပူကို မြန်မာအနိုင်ရ

**သတင်း - ညီမြတ်သော်တာ**

**နေပြည်တော် မေ ၈**

ထိုင်းဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အာဆီယံ- ထိုင်း ယူ-၁၄ ဘောလုံးပြိုင်ပွဲကို ယနေ့ စတင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှာ ပွဲဦးထွက်နိုင်ပွဲရရှိခဲ့သည်။ မြန်မာအသင်းသည် ပွဲဦးထွက် ပွဲစဉ်တွင် စင်ကာပူအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရပြီး တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ချမ်းဇော်ဟိန်းကသွင်းယူပေးခဲ့သည်။ အဆိုပါပြိုင်ပွဲကို အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားပြီး အုပ်စု(က)တွင် ထိုင်း(ခ)၊ မြန်မာ၊ ဘရူနိုင်း၊ စင်ကာပူ၊ အုပ်စု(ခ)တွင် ထိုင်း(က)၊လာအို၊ ကမ္ဘောဒီးယားနှင့် မလေးရှားတို့ပါဝင်ကြသည်။ ပြိုင်ပွဲကို မေ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်စုစီမှ ထိပ်ဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

မြန်မာလူငယ်အသင်းသည် မေ ၉ ရက်တွင် ဘရူနိုင်းအသင်း၊ မေ ၁၀ ရက်တွင် ထိုင်း(ခ)အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာယူ-၁၄ အသင်းမှာ အာရှယူ-၁၄ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းလည်းဖြစ်သည်။ ပြိုင်ပွဲဝင်မြန်မာလူငယ်ယူ-၁၄အသင်းတွင် နည်းပြချုပ်တီရှီမာ (ဂျပန်)၊ လက်ထောက်နည်းပြ ဦးသိုင်းထွန်းဇော်၊ ဦးခင်မောင်ထွေး၊ ဦးမြင့်ဦး၊ ဦးမင်းထွန်းလင်း၊ ကစားသမားများအဖြစ် ဒွေးကိုကို၊ ထက်ဖြိုးဝေ၊ ချမ်းဇော်ဟိန်း၊ အောင်ဝဏ္ဏစိုး၊ သူရစံ၊ ထွန်းဆိုင်၊ မြတ်ကောင်းခန့်၊ ဟိန်းစိုး၊ ကောင်းထက်ကျော်၊ ဇင်မင်းလတ်၊ အောင်ဇင်မြင့်၊ ကျော်ဖြိုးဝေ၊ သက်ပိုင်ထွေး၊ စည်သူမိုးခန့်၊ မျိုးသီဟဝင်း၊ ထက်ဝေယံ၊ ထက်ဝေလျှံစိုးနှင့် အောင်မြင့်မြတ်တို့ ပါဝင်ကြသည်။

# KTV အဆောက်အအုံအတွင်း ဂဟေဆော်ရာမှ ဆိုဖာပေါ် မီးပွားကျ၍ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၈**

မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် သိပ္ပံလမ်း လမ်း ၆၀ နှင့် ၆၁ လမ်းကြား အိမ်အမှတ် မ/၆၊ ၁+၂တွင် ဦးထွန်းဝင်း(၃၃ နှစ်) တာဝန်ခံဆောက်လုပ်နေသော KTV အဆောက်အအုံတွင် ယနေ့ ညနေ ၄ နာရီ ၄၄ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် ၅၀ ကျော်တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်မှာ KTV အဆောက်အအုံအတွင်း ထုပ်တန်း၊ သံဒိုင်းများ ဂဟေဆော်ရာမှ တိုက်ခန်းအတွင်းရှိ ဆိုဖာများပေါ်သို့ မီးပွားများ ကျရောက်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်ရာတွင် မီးတောက်များ မထွက်ဘဲ မီးခိုးလုံးများသာထွက်လာသဖြင့် ဒေသခံများအထိတ်အလန့်ဖြစ်ခဲ့ပြီး မီးလောင်မှုမှာ ပြင်ပပတ်ဝန်းကျင်သို့ ကူးစက်မှုလုံးဝမရှိဘဲ အဆောက်အအုံအတွင်းရှိ ဆိုဖာများ၊ ဖိုက်ဘာပြားများ၊ သစ်အချောထည်များ၊ လျှပ်စစ်ဝိုင်ယာကြိုးများနှင့် အတွင်းရှိပစ္စည်းများ မီးလောင်နေသဖြင့် အချိန်အတော်ကြာ မီးငြိမ်းသတ်ခဲ့ရသည်ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါ အဆောက်အအုံသစ်မှာ အလျား ၁၈၆ ပေ၊ အနံ ၄၅ ပေရှိ RC တစ်ထပ်တိုက်ဖြစ်ပြီး မီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင်များက သွပ်မိုးများ၊ အုတ်နံရံများကို ဖောက်ထွင်း၍ ခက်ခက်ခဲခဲ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါမီးလောင်မှုအားသက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ပင်လယ်ကွေ့၌ စစ်ရေးလေ့ကျင့်မှုမှသည်

**မောင်မဟာ**

**အရှေ့အလယ်ပိုင်းဒေသမှာ မတည်မငြိမ်ဖြစ်နေချိန်မှာပဲ အမေရိကန်နဲ့ မိတ်ဖက်နိုင်ငံပေါင်း ၄၁နိုင်ငံတို့က ပင်လယ်ကွေ့ရေပြင်မှာ စစ်ရေးလေ့ကျင့်မှုကို မေ ၅ ရက်ကနေပြီး မေ ၃၀ ရက်မတိုင်မီအထိ ပြုလုပ်နေကြပြီဖြစ်ပါတယ်။**

ဒီလို အမေရိကန်နဲ့ အခြားနိုင်ငံတွေက ရေတပ်သင်္ဘောတွေနဲ့ ရက်ရှည်စစ်ရေးလေ့ကျင့်မှုဟာ ကမ္ဘာ့ရေနံသင်္ဘောတွေဖြတ်သန်းရာ ရေလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေမယ့် ခြိမ်းခြောက်မှုတွေ၊ ပိတ်ဆို့မှုတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေရဲ့ရန်က ကာကွယ်ဖို့အတွက်ဖြစ်တယ်လို့ ဆိုပါတယ်။

အခု စစ်ရေးလေ့ကျင့်မှုဟာ ပင်လယ်ကွေ့ရေပြင်မှာပြုလုပ်ခဲ့တဲ့ ဒေသတွင်း စစ်ရေးလေ့ကျင့်မှုမှာတော့ အကြီးမားဆုံးဖြစ်ပြီး နိုင်ငံတကာ စီးပွားရေးနဲ့ ကုန်သွယ်ရေးကို ကာကွယ်စောင့်ရှောက်မှုပုံရိပ်ကိုလည်း ထင်ဟပ်ပြသရာ ရောက်တယ်လို့လည်း အမေရိကန်တို့က ပြောကြားနေပါတယ်။

ဒါ့အပြင် ပင်လယ်ကွေ့ရေပြင် လုံခြုံရေးနဲ့ ပင်လယ်ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေကို ကာကွယ်စောင့်ရှောက်မှုတစ်ရပ်လည်းဖြစ်ပြီး ဘယ်လိုခြိမ်းခြောက်ပိတ်ဆို့တားဆီးမှုမဆို စုပေါင်းအားနဲ့ ကာကွယ်နိုင်တယ်ဆိုတဲ့ အချက်ကိုလည်း အခုလို စုပေါင်းစစ်ရေးလေ့ကျင့်မှုက ဖော်ပြနေတယ်လို့ ဆိုပါတယ်။

ပင်လယ်ကွေ့ရေပြင်နဲ့ ဆက်စပ်နေတဲ့ ဟော်မုဇ်ရေလက်ကြားကို ပြီးခဲ့တဲ့နှစ်က အီရန်တို့က ပိတ်ဆို့ဖို့ ခြိမ်းခြောက်ခဲ့တာနဲ့ ပတ်သက်ပြီး စွမ်းအင်သယ်ယူရေး မဟာဗျူဟာကျတဲ့ ရေလမ်းကြောင်းကို နောက်ထပ်ခြိမ်းခြောက်မှုတွေ မပြုလုပ်နိုင်အောင် အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေကစုပေါင်းပြီး စစ်ရေးလေ့ကျင့်မှုကို သီတင်းသုံးပတ်ခန့်ကြာအောင်ပြုလုပ်နေတာ ဖြစ်ပါတယ်။

နိုင်ငံတကာ ရေကြောင်းလမ်းတွေကို နိုင်ငံတကာကထိန်းသိမ်းကာကွယ်ဖို့တာဝန်ရှိတယ်လို့ အမေရိကန် အမှတ် (၅) တပ်မနဲ့ ရေတပ် တပ်မှူးတစ်ဦးဖြစ်တဲ့ဂျွန်ဒဗလျူမီလာက ပြောကြားလိုက်ပါတယ်။ အခုလိုစစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်မှုကို စစ်သင်္ဘော ၆၅ စင်း၊ ရေငုပ်သင်္ဘော ၁၈ စင်းနဲ့ အထောက်အကူပြု ရေယာဉ်ပေါင်းများစွာတို့က ပါဝင်ဆင်နွှဲနေခြင်းဖြစ်ပါတယ်။

ဒီလိုကြီးမားတဲ့ စစ်ရေးလေ့ကျင့်မှုတွေပြုလုပ်နေချိန်မှာ အီရန်တို့ကလည်း စစ်ရေးလေ့ကျင့်မှုပြုလုပ်မယ်လို့ ပြောကြားနေပါတယ်။ အီရန်ကြည်းတပ်ရဲ့ စစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံ အစ်ဖာဟန်ပြည်နယ်အလယ်ပိုင်းမှာ မကြာခင်ပြုလုပ်မယ်လို့ အီရန်စစ်ဘက်မှ ဗိုလ်မှူးချုပ်အာမက်ရီဇာက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အီရန်နိုင်ငံဟာ ၂၀၁၃ ခုနှစ်အတွင်းမှာ စစ်ရေးလေ့ကျင့်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်လို့ မကြာခင်ပြုလုပ်မယ့် စစ်ရေးလေ့ကျင့်မှုဟာ သုံးကြိမ်မြောက်ဖြစ်လာမှာပါ။ အီရန်တို့ကတော့ အမေရိကန်တို့ရဲ့ စစ်ရေးလေ့ကျင့်မှုဟာ ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်ရာရောက်တယ်လို့ တုံ့ပြန်နေပါတယ်။

အီရန်တို့က ဗျူကလီးယားအစီအစဉ်တွေပြုလုပ်တာ၊ ဆီးရီးယားတပ်ဖွဲ့ဝင်တွေကို စစ်ရေးလေ့ကျင့်မှုပေးနိုင်အောင် ကြိုးစားနေတာနဲ့ ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ဖို့ ခြိမ်းခြောက်လေ့ရှိတာတွေကသာ ဒေသတွင်းတည်ငြိမ်မှုကို ပျက်ပြားအောင် ဆောင်ရွက်နေတာလို့ အမေရိကန်တို့က ပြောကြားနေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်နဲ့ အခြားနိုင်ငံ ၄၁ တို့ကတော့ ပင်လယ်ကွေ့ရေပြင်မှာ စစ်ရေးလေ့ကျင့်မှုတွေပြုလုပ်နေပြီဖြစ်လို့ အကျိုးသက်ရောက်မှု ဘယ်လောက်အထိ ရှိလာနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် SAW SAN DAY ၏ PP အမှတ် A-၁၇၇၀၉၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၁၄၂၇၁၄







## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအတွက် ပရိဘောဂ/ကွန်ပျူတာနှင့် စက်ကိရိယာပစ္စည်းများဝယ်ယူရန် လိုအပ်ပါသဖြင့် ပစ္စည်းတင်သွင်းလိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) ကွန်ပျူတာစားပွဲ(၂၃)လုံး၊ ရုံးသုံးစားပွဲအလုံး(၉၀)၊ ကုလားထိုင်အလုံး(၁၁၀)၊ ဗီရို(၁)လုံး၊ စာအုပ်စင်(၆)ခု၊ ကျောက်သင်ပုန်း အခု(၂၀)၊ စကားပြောစင်(၄)ခု၊ လမ်းလျှောက်သစ်သားခုံ(၁၀)လုံး၊ ရေစင်(၁)ခု

(ခ) ကွန်ပျူတာ(၇၂)လုံး၊ ပရင်တာ(၄၂)လုံး၊ ပရိုဂျက်တာ(၂)လုံး

(ဂ) မိတ္တူကူးစက်(၁၅)လုံး၊ ဖက်စ်(၅)လုံး၊ Air Con (၅)လုံး၊ ရေအေးစက်(၁၈)လုံး၊ မော်တော်ယာဉ်(၈၉)စီး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၆-၅-၂၀၁၃ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၅-၂၀၁၃ရက် (၁၆:၀၀)နာရီ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊မုံရွာမြို့။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၄၃၁၅/၂၄၃၁၀တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအတွက် အောက်ဖော်ပြပါ အရေအတွက်အတိုင်း အဆောက်အအုံ၊ လမ်း၊တံတားများဆောက်လုပ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီ၊လုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) ရုံးအဆောက်အအုံ ၅ လုံး၊ တက္ကသိုလ်ပင်မအဆောက်အအုံတစ်လုံး၊ ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ၁၈လုံး၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲ၁၇လုံး၊ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲခြောက်လုံး၊ အရာရှိဝန်ထမ်းအိမ်ရာ ၅လုံး၊ ရေလှောင်ကန်တစ်ကန်၊ သင်တန်းသားအိပ်ဆောင်တစ်ဆောင်၊ အေးရိပ်သာတစ်လုံး၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်၃လုံး။

(ခ) လမ်း(၆၅)လမ်း၊ တံတား ၂၈စင်း၊ ရေဆင်းမြောင်းတစ်ခု၊ ရေပေးရေးလုပ်ငန်း ၁၂ခု၊ ကတ္တရာဝယ်ယူခြင်း ၄ခု

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၆-၅-၂၀၁၃ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်းလျှောက်ထားနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၅-၂၀၁၃ရက် ၁၆:၀၀နာရီ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေကြီးအစိုးရအဖွဲ့၊မုံရွာမြို့

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဖုန်း-၀၇၁-၂၄၃၁၅/၂၄၃၁၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# လူသားချင်းစာနာထောက်ထားမှု အရင်းတည် နှစ် ၁၅၀ ပြည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ

**ကြည်ထွန်း(လူမှုဝန်ထမ်း)**

နှစ်စဉ် မေလ ၈ရက်သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ စစ်မြေပြင်၌ ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ရေးအတွက် အမျိုးသားကယ်ဆယ်ရေးအသင်းအဖွဲ့များ တည်ထောင်ရန်နှင့်စစ်ပွဲကာလတွင် လေးစားလိုက်နာအပ်သည့် အခြေခံစည်းမျဉ်းများ တစုတစည်းတည်းပါဝင်သော သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုရန် နိုင်ငံတော်အစိုးရများကို တိုက်တွန်းထားသော ဟင်နရီဒူးနန့်၏ "ဆိုလ်ဖာရီနို အောက်မေ့ဖွယ်" စာအုပ်ထုတ်ဝေပြီး တစ်နှစ်အကြာ ၁၈၆၃ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(The International Committee of the Red Cross-ICRC) ကို စတင်ဖွဲ့စည်းခဲ့သည်။ ICRC ၏တက်ကြွနိုးကြားသော လှုပ်ရှားမှုသက်တမ်းကား နှစ်ပေါင်း ၁၅၀တိုင်ခဲ့ပြီ။ ကမ္ဘာပေါ်တွင် ဤသို့သော သက်တမ်းရင့်လူမှုအကျိုးပြုပရဟိတအဖွဲ့အစည်းမျိုးကား ရှားလှသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၈၀နိုင်ငံတွင် လူမျိုးပေါင်း၁၂၅မျိုးကို ကိုယ်စားပြုသည့် ဝန်ထမ်းပေါင်း ၁၃၀၀၀ခန့်ဖြင့် ဆောင်ရွက်လျက်ရှိကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ထီးထီးမားမားရပ်တည်လျက်ရှိသည်။ ICRC ကိုစတင်တည်ထောင်ခဲ့သူနှင့် ပထမဆုံးသော ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဟင်နရီဒူးနန့်အား ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သော မေလ ၈ရက်(၈-၅-၁၈၂၈)ကို "ကမ္ဘာ့ကြက်ခြေနီနေ့"ဟု ဂုဏ်ပြုသတ်မှတ်ထားသည်။

ကမ္ဘာပေါ်တွင် စစ်ပွဲနှင့်အခြားသော အကြမ်းဖက်မှုပုံစံများ၏ သဘောသဘာဝမှာ စဉ်ဆက်မပြတ်ပြောင်းလဲလျက်ရှိသည်။ စိန်ခေါ်မှုအသစ်များစွာ ထွက်ပေါ်လျက်ရှိသော်လည်း ICRC က ယင်း၏လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အသစ်သစ်သော ပြောင်းလဲမှုများနှင့်လိုက်လျောညီထွေဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုက ထောက်ခံအတည်ပြုထားသော စည်းမျဉ်းစည်းကမ်းများကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (International Humanitarian Law-IHL) ဟုခေါ်သည်။ ဂျီနီဗာသဘောတူစာချုပ်များသည် အဆိုပါ ဥပဒေ၏ အဓိကသဘောတူစာချုပ်များဖြစ်ကာ မြန်မာနိုင်ငံအပါအဝင် ၁၉၅နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

၁၈၆၄ ခုနှစ် ပထမဂျီနီဗာသဘောတူစာချုပ်မှ အစပြု၍ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်လေးခုနှင့် ၁၉၇၇ နောက်ဆက်တွဲသဘောတူစာချုပ်နှစ်ခုအရ ကမ္ဘာ့နိုင်ငံများက ICRC ကို လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခရောက်သူများအား ကာကွယ်စောင့်ရှောက်ရန်နှင့် အထောက်အပံ့ပေးရန် လုပ်ငန်းတာဝန်ကို အပ်နှင်းထားသည်။ ယင်း၏ အဓိကတာဝန်မှာ တိတိကျကျကြားနေပြီး ခွဲခြားမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်တွင်းမငြိမ်မသက်မှုများကြောင့် ဒုက္ခရောက်ရသော အရပ်သားများနှင့် စစ်သည်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် အထောက်အပံ့ပေးရန်ဖြစ်သည်။

ICRC သည် ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီး၏ မူလအစဖြစ်သည်။ အဆိုပါ လှုပ်ရှားမှုများမှာ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင်ရှိသည်ဖြစ်ရာ အဖွဲ့ဝင်နှင့်စေတနာလုပ်အားရှင်ပေါင်း သန်း ၁၀၀ ခန့်ပါဝင်လှုပ်ရှားလျက်ရှိသည်။ အခြေခံမူခုနစ်ရပ်ဖြစ်သည့် လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ဖြင့် လူမှုကရုဏာလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ ခွဲခွဲခြားခြားမရှိဘဲ လူသားများ ဆင်းရဲဒုက္ခမခံစားရအောင် ကြိုတင်တားဆီးပြီး ဖြစ်ပွားပါကလည်း လျော့နည်းသက်သာလာစေရန်နှင့် လူ့ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်ပင်ဖြစ်သည်။

ICRC ကပေါက်ဖွားသော မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ခုနှစ်က စတင်ဖွဲ့စည်းသည်။ ထိုစဉ်က ဗြိတိသျှအင်ပါယာ၏ ပြည်နယ်ခွဲသာဖြစ်သဖြင့် အိန္ဒိယကြက်ခြေနီအသင်းခွဲ အဆင့်သာရှိခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယမှခွဲထုတ်သောအခါ မြန်မာနိုင်ငံကြက်ခြေနီအသင်းဟူ၍ အမည်တွင်လာသည်။ မြန်မာနိုင်ငံလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီးနောက် ၁၉၄၉ ခုနှစ်တွင် ဂျီနီဗာအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကိုက်ညီစေရန်အတွက် လည်းကောင်း၊ တရားလွှတ်တော်၏ ခွင့်ပြုချက်အရအဆိုပါအသင်းကို ပြင်ဆင်ဖွဲ့စည်းသည်။ အသင်းကြီး၏ဥက္ကဋ္ဌမှာ ထိုစဉ်က တရားဝန်ကြီးဆာဘဦးဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ဆာဘဦး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံလိုက်ရသောအခါ တရားလွှတ်တော် တရားဝန်ကြီးဦးအောင်ခိုင်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်က အမျိုးသမီးသူနာပြု တာဝန်ခံချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။

"ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ကြက်ခြေနီ၏ အခြေခံမူခုနစ်ရပ်ကို ဦးထိပ်ပန်ဆင်ကာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ သက်တမ်းမှာလည်း ၇၅ နှစ်ကျော် စိန်ရတုလွန်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်းတစ်သင်း ဖြစ်လာသည်။ ၁၉၅၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြဋ္ဌာန်းပေးကာ အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ယခုအချိန်တွင် မြန်မာပြည်အနှံ့ဖွဲ့စည်းထားသော ကြက်ခြေနီအသင်းအဆင့်ဆင့်သည် အသင်းဝင်နှင့်သူနာပြုတပ်ဖွဲ့ဝင်အင်အား၁၀၀၀၀၀ ကျော်ရှိနေပြီး စနစ်တကျလေ့ကျင့်ပေးထားသော စေတနာလုပ်အားရှင် ၁၄၀၀၀ ကျော်ခန့်က ရောဂါဘေးနှင့် သဘာဝ ဘေးအန္တရာယ်ကျရောက်မှုတိုင်းတွင် စွမ်းစွမ်းတမံပါဝင်ထမ်းရွက်လျက်ရှိသည်ကို တွေ့ရသည်။

ICRC၏ မြားမြောင်ကျယ်ဝန်းသော လုပ်ငန်းတာဝန်များအနက် ပဋိပက္ခကြောင့် သို့မဟုတ် စစ်ကြောင့်မသန်စွမ်းဖြစ်သွားရသူများအား လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်များလည်းပါဝင်သည်။ ၁၉၈၆ ခုနှစ်ကတည်းက ရန်ကုန်အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံကြီးတွင် ခြေတုလက်တုထုတ်လုပ်ရေး အလုပ်ရုံကို တည်ဆောက်ပေးထားသည်။ ယခုအချိန်အထိ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အလုပ်ရုံသုံးခု၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အလုပ်ရုံသုံးခု၊ ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသော အလုပ်ရုံတစ်ခု စုစုပေါင်း ခြေတုလက်တုပြုလုပ်ပေးရာ အလုပ်ရုံခုနစ်ခု ရှိနေပြီဖြစ်သည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ခြေတုလက်တုဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသော ဝန်ဆောင်မှုပြုနိုင်မည့်အစီအမံကောင်းများ ချမှတ်ခဲ့သည်။ ICRC သည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာပြည်တစ်ဝန်းတွင် ဒေသအနှံ့ အခမဲ့ ခြေတုရရှိရေးအစီအစဉ်ကို ရုပ်လုံးဖော်လျက်ရှိရာ အောင်မြင်မှုအရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်အုပ်စုနှင့် တစ်အုပ်စုဆက်ဆံရာ၌ ဘဝနှင့်ဆန္ဒ မကိုက်ညီကြသောအခါ ငြင်းကြ၊ ခုန်ကြ၊ ပဋိပက္ခများဖြစ်ကြရသည်။ အကြီးမားဆုံးလက်နက်ကိုင်ပဋိပက္ခဖြစ်သည့် ကမ္ဘာစစ်ကြီးနှစ်ကြိမ်ကိုလည်း ကြုံတွေ့ခဲ့ရပြီ။ လူ့အသက်ပေါင်းများစွာ စတေးခဲ့ရသည့်အပြင် အသက်မသေဘဲ ကျန်ရစ်သူများစွာတို့မှာမသန်မစွမ်းဒုက္ခိတဘဝသို့ ရောက်ရှိခဲ့ရသည်။ ရုပ်ဝတ္ထုပစ္စည်းများ၊ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်မှာ သင်ခန်းစာယူဖွယ် ကောင်းလှသည်။ သို့ရာတွင် လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနလွှမ်းကဲမှု၊ လက်နက်ချင်းဆိုင် ဂုဏ်ချင်းပြိုင်မှုတို့နှင့်အတူ တင်းမာမှုများလျော့ပါးမသွားဘဲ ဒေသအချို့၌ စစ်ရိပ်စစ်ငွေ့များကိုပင်တွေ့မြင်နေရသည်။

ICRC သည် စစ်ပွဲများ၌လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှုမရှိဘဲကြားနေသည်။ ဒုက္ခရောက်သူများအနက် အရေးအကြီးဆုံးနှင့် အဆောတလျင် အကူအညီပေးရမည့် ကိစ္စများကို ဦးစားပေးဆောင်ရွက်တတ်သည်။ လူတိုင်း၏ စိတ်ချယုံကြည်မှုကို အမြဲတစေရရှိစေရန် အားထုတ်နေသည်။ ဤကဲ့သို့ အဖိုးအနဂ္ဃထိုက်သော အဖွဲ့အစည်းကြီးတစ်ရပ် မားမားမတ်မတ်ရှိနေခြင်းမှာ အပြစ်မဲ့ပြည်သူများအတွက် လွန်စွာကံကောင်းလှသည်။ ကမ္ဘာပေါ်တွင် လူ့ပယောဂကြောင့် ဖြစ်ပွားရသော ပဋိပက္ခများ မချုပ်ငြိမ်းနိုင်သရွေ့ကာလပတ်လုံး ICRC ကဲ့သို့သော လူမှုကရုဏာရှေ့ဆောင်အဖွဲ့အစည်းမျိုးရှိဖို့လိုသည်။ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ဘေးရန်ခပ်သိမ်းအေးငြိမ်းကြပါစေဟု တောင်းဆုခြွေလျက် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုအပ်ပါသည်။

**ICRC သည် စစ်ပွဲများ၌လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှု မရှိဘဲကြားနေသည်။ ဒုက္ခရောက်သူများအနက် အရေးအကြီးဆုံးနှင့် အဆောတလျင် အကူအညီပေးရမည့် ကိစ္စများကို ဦးစားပေးဆောင်ရွက်တတ်သည်။**

## နိုင်ငံ့ကိုယ်စားပြုကစားနိုင်မည့် အရည်အချင်းစစ်မှန်သူများအား စနစ်တကျရွေးချယ်

**နေပြည်တော် မေ ၈**

နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း (Training Center-1)၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မေ ၆ရက် နံနက် ၈ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ဖူဆယ်အားကစားသမား ရွေးချယ်နိုင်ရေးအတွက် ဖူဆယ်လေ့ကျင့်ရေး အားကစားကွင်း၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပဏာမလက်ရွေးစင် အမျိုးသား/အမျိုးသမီး ဖူဆယ်အသင်းနှင့် နေပြည်တော် (Gold Camp)ရှိ ပဏာမလက်ရွေးစင် အမျိုးသား/အမျိုးသမီး ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့ကိုယ်စားပြု ကစားနိုင်ရန်အတွက် အရည်အချင်း စစ်မှန်သူများအား စနစ်တကျရွေးချယ်သွားရန်၊ အားကစားသမားများ တစ်ဦးချင်းနှင့် အသင်းလိုက် စွမ်းရည်တိုးတက်လာစေရေးအတွက် Joint Training များ စေလွှတ်ရေး၊ နိုင်ငံတကာဖိတ်ခေါ် အားကစားပြိုင်ပွဲ(Pre SEA Games) များ ကျင်းပနိုင်ရေး သက်ဆိုင်ရာအားကစားနည်းများအလိုက် တာဝန်ခံအရာရှိများနှင့် နည်းပြများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နေပြည်တော် မေ ၈**

ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနလက်အောက်ရှိ လူကုန်ကူးခံရသူများအား ထိန်းသိမ်းစောင့်ရှောက်ရာ Pathumthani ဂေဟာမှ အမျိုးသားတစ်ဦးနှင့် Kre-dtrakarn မှ အမျိုးသမီးတစ်ဦးတို့ကို မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CBT-IP) မှ ပြန်လည်လက်ခံခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံမှ ပေးပို့သည့် Case Report များအရ အဆိုပါ လူကုန်ကူးခံရသူနှစ်ဦး၏ ကိုယ်ရေးအချက်အလက်များမှာ ပြည့်စုံသေချာမှု မရှိသေးသောကြောင့် ပြန်လည်စိစစ်နိုင်ရန် မြန်မာနိုင်ငံလူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ သင့်လျော်သည့် သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ပြီး မိသားစုနေရပ်လိပ်စာများ သေချာစွာစုံစမ်းသိရှိပြီးမှ လူကုန်ကူးခံရသူများ၏ နေရပ်ဇာတိအရောက် ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုပြန်လည်လက်ခံမယ့်အမျိုးသမီးက လားဟူ(သို့မဟုတ်) 'ဝ' ဒေသကလို့သိရပြီး အမျိုးသားကတော့ မွန်ပြည်နယ်ကလို့ အကြမ်းဖျင်းသိရပါတယ်။ သူတို့ဟာ ထိုင်းနိုင်ငံမှာ ငယ်စဉ်ကတည်းက ရောက်နေတဲ့အတွက် သူတို့ရဲ့နေရပ်လိပ်စာတွေကို အခုထိတော့ သေသေချာချာမမှတ်မိသေးပါဘူး။ နိုင်ငံသားဟုတ် မဟုတ် ခိုင်လုံတဲ့အထောက်အထား မတွေ့ရသေးပေမယ့် သေချာစွာပြန်လည်စိစစ်ပြီး မိဘဆွေမျိုးသားချင်းများနဲ့ ကျန်းမာချမ်းသာစွာ ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ဖို့ သူတို့ရဲ့ မွေးရပ်ဇာတိမြေတွေကို ကျွန်တော်တို့က ပြန်လည်ပို့ဆောင်ပေးမှာပါ။ လူကုန်ကူးခံရတဲ့သူတွေကို ပြန်လည်လက်ခံပေးဖို့ ညှိနှိုင်းလာတယ်ဆိုရင် နိုင်ငံသားဟုတ်မဟုတ် သေချာစွာပြန်လည်စိစစ်ပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့(CBTIP)က ပြန်လည်လက်ခံကူညီစောင့်ရှောက်ပေးသွားမှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**မင်းမင်းဇော်(ကလေး)**

## ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူနှစ်ဦးအား မြန်မာနိုင်ငံက ပြန်လည်လက်ခံခေါ်ယူမည်



## တောင်ညိုလမ်းဆုံ ကားနှစ်စီးပွတ်တိုက်မိ

**နေပြည်တော် မေ ၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်ညိုလမ်းဆုံ မြို့မဈေးထိပ်တွင် မေ ၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အမှတ်(၅) နယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်မျိုး သွားရောက်စစ်ဆေးရာ ဝဏ္ဏသိဒ္ဓိအဝိုင်းမှ မြို့မဈေးဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ဦးခင်ဇော်ဝင်း (၄၂ နှစ်)ယာဉ်အမှတ် ၄ခ/. . . မှန်လုံဌာနပိုင်ယာဉ်နှင့် ယင်းကားနောက်မှ ဖြိုးဇော်ဇော်(၄၄ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် ဘ/. ဗင်အဖြူရောင်တို့ တောင်ညိုလမ်းဆုံ အရောက်၌ နှစ်စီးပွတ်တိုက်မိခဲ့ရာ ဗင်အဖြူရောင်ယာဉ် ဘ/. . . မှာ ညာဘက်တံခါး ပျက်စီးသွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ နေပြည်တော်ယာဉ်မှုစစ်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

မြန်ပြည်တစ်ခွင်သာစေချင်
မီးတွင်မပေါ့နှင့်

ပြည်တွင်းသတင်း

# (၁၁) ကြိမ်မြောက် အာဆီယံချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၈**

(၁၁)ကြိမ်မြောက် အာဆီယံချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံတွင် မေလ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယခု (၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်းနှင့် လာအိုနိုင်ငံတို့ဖြစ်သည်။

ပြိုင်ပွဲကို စီနီယာတန်းပြိုင်ပွဲနှင့် ဂျူနီယာတန်းပြိုင်ပွဲဟူ၍ နှစ်မျိုးခွဲခြားကျင်းပမည်ဖြစ်ပြီး ထိုပြိုင်ပွဲနှစ်ခုလုံးတွင် အတိုက်ပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုးစီ ပါဝင်မည်လည်းဖြစ်သည်။

ဤပြိုင်ပွဲ၏ထူးခြားချက်မှာ လျှပ်စစ်ကိုယ်ကာဗာများဖြင့် တိုက်ရိုက်အမှတ်ပေးမည့်အစီအစဉ်ဖြစ်သည်။ ဤအမှတ်ပေးစနစ်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးလုပ်သည့်စနစ်ဖြစ်ပြီး မြန်မာကစားသမားများအတွက်လည်း စမ်းသပ်မှုတစ်ခုပင်ဖြစ်ကြောင်း တိုက်ကွမ်ဒိုလက်ရွေးစင်ကစားသမားဟောင်း ဒေါ်စိုးစိုးမြာက ပြောပါသည်။ "ပုံမှန်အားဖြင့်တော့ ဒိုင်လူကြီးတွေက ထိချက်ကိုကြည့်ပြီးအမှတ်ပေးတဲ့စနစ်ကို အသိများကြပါတယ်။ ဒါပေမယ့် လျှပ်စစ်ကိုယ်ကာဗာ ဝတ်ဆင်ကစားပြီး ထိချက်အတိုင်း အမှတ်ပေးတဲ့စနစ်ကိုတော့ အချို့နိုင်ငံပြိုင်ပွဲတွေမှာ အသုံးပြုနေပြီဖြစ်ပေမယ့် ဒီမှာတော့ အခုမှစတင်စမ်းသပ်အသုံးပြုကြည့်မှာဖြစ်ပါတယ်။ ဒီနည်းက ထိရုံနဲ့ Score ဘုတ်မှာ အမှတ်တက်မှာမဟုတ်ဘဲ ပွတ်ထိထိမှ အမှတ်တက်မှာလည်း ဖြစ်ပါတယ်။ ဒီအမှတ်ပေးစနစ်ကြောင့် ဒီပြိုင်ပွဲမှာ မြန်မာအသင်းရဲ့အနေအထားကို ခန့်မှန်းပြောဆိုဖို့ခက်ပါတယ်" ဟု ဒေါ်စိုးစိုးမြာက ရှင်းပြသည်။

ဤပြိုင်ပွဲတွင် အထူးအစီအစဉ်အဖြစ် အသက်(၂၉)နှစ်နှင့်အထက် နည်းပြဆရာများကစားကြမည့် ကကွက်ပြိုင်ပွဲအစီအစဉ်လည်း ပါဝင်မည်ဖြစ်သည်။ မြန်မာအသင်းမှ အမျိုးသားနည်းပြနှစ်ဦးနှင့် အမျိုးသမီးနည်းပြနှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း ဒေါ်စိုးစိုးမြာက ပြောပါသည်။

ပြိုင်ပွဲ ပွဲစဉ်များကို နေ့စဉ် နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**စိုးညွန့်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ကျောက်ဖြူမြို့၌ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၈**

စစ်တွေမြို့၌ ရောက်ရှိနေသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းအောင်၊ ဦးကျော်ကျော်ဝင်း၊ ဒေါက်တာဘရွှေ၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ ဦးကျော်ခင်၊ ဦးအောင်သန်းတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UNOCHA၊ UNHCR ၊ UNICEF အဖွဲ့များမှ



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒေသတာဝန်ခံ ကိုယ်စားလှယ်များသည် ကျောက်ဖြူမြို့နယ်အတွင်း ယာယီနေရာချထားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် မေ ၅ ရက်တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ငလပွေ့ဘုန်းတော်ကြီးကျောင်း၌ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ငလပွေ့ဆရာတော် ဘဒ္ဒန္တအဂ္ဂအမှူးပြုသည့် သံဃာတော်ငါးပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူငယ်အဖွဲ့များမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ ဗဟိုကော်မတီအတွင်းရေးမှူး ဗိုလ်ချုပ်ဇော်ဝင်းက ဒေသတစ်ခု၏ တည်ငြိမ်အေးချမ်းမှုသည် တရားဥပဒေစိုးမိုးမှုပင်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ ပဋိပက္ခမဖြစ်စေရန် တရားဥပဒေစိုးမိုးရေးကို သိရှိလိုက်နာဆောင်ရွက်အောင် လူမျိုး၊ ဘာသာမခွဲခြားဘဲ ဥပဒေအရ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းလမ်းများနှင့် အညီ ဆန္ဒများကို မေးမြန်း၍ အကောင်းဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြင်ပဝင်ရောက်စွက်ဖက်မှုများကို အလေးဂရုပြုရမည်ဖြစ်ကြောင်း၊ မိုးရာသီမကျရောက်မီ ဒုက္ခသည်များအား လူသားချင်းစာနာစိတ်ဖြင့် အမိုးအကာအောက်ရောက်ရှိရေး၊ ရေရှည်တွင် အသက်မွေးဝမ်းကျောင်းအလုပ်များ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကမှာ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိပါက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိနေပါကြောင်း၊ မိမိအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင်များက လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လတ်တလော ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ရေရှည်တွင် စက်မှုဇုန်၊ ဟိုတယ်ဇုန်၊ စီးပွားရေးဇုန်များ ဆောင်ရွက်ပေးနိုင်မည့် အခွင့်အလမ်းများ၊ နိုင်ငံသား စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရည်ရွယ်ချက်များ၊ ယင်းလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုရှိရှိဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်များ၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍအရေးကြီးပုံကို ရှင်းလင်းပြောကြား၍ နိုင်ငံတော်၏ပညာရေး အဆင့်မြှင့်ဆောင်ရွက်နေမှုအခြေအနေများနှင့် ရခိုင်ပြည်နယ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ဒေသခံလူထုကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးပြောကြားရာတွင် စိတ်ခံစားချက်များရှိနေသော်လည်း တည်ငြိမ်အေးချမ်းမှ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ကို ဦးဆောင် ဆွေးနွေးပေးမှုများကို လက်ခံကြိုဆိုပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားများကို သိရှိနိုင်ပါရန်အတွက် ပြည်သူလူထုနှင့်တွေ့ဆုံမှုများကို ယခုထက်ပိုမိုထိတွေ့၊ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သင့်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးကို လက်တွေ့ကျကျ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်း၊ ဥပဒေအရ ကျောသားရင်သား ခွဲခြားမှုမရှိဘဲ ဝန်ထမ်းများက လျင်လျင်မြန်မြန် အရေးယူ ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန် ယုံကြည်မှုများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်းမှ ထွက်သွားသူများကို ယာယီနေရာချထားပေးရာတွင် အမှန်တကယ် ထွက်သွားသူများကိုသာ စိစစ်လက်ခံပေးစေလိုကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စီးပွားရေးကို ယခင်အစဉ်အလာအတိုင်း ပြန်ကောင်းလာအောင် ရေရှည်တွင်စဉ်းစားလုပ်ဆောင်စေလိုကြောင်း၊ ယခုဆွေးနွေးချက်များကို လူထုအား ပြန်လည်ရှင်းလင်း၍ တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဘက်မှလည်း မိမိတို့၏ ဆွေးနွေးတင်ပြချက်များကို ထည့်သွင်းစဉ်းစား၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# Elite Tech Open ဂေါက် ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ Elite Tech Group Company က အဓိကကူညီပံ့ပိုးမည့် ၂၀၁၃ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အနေဖြင့် Elite Tech Open Golf Championship 2013 ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ ဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း-၀၉-၄၃၀၉၅၆၇၈၊ မြန်မာပီဂျီအေ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ရန်ကုန်ဂေါက်ကွင်း ဖုန်း-၀၉-၇၃၁၅၈၈၀၂ နှင့် ၀၁-၆၃၅၅၆၃ တို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ **ကိုကျော်**

# ပုဂ္ဂလိကသတင်းစာများ ထွက်ရှိလာပြီးနောက် အပတ်စဉ်ထုတ်ဂျာနယ်များ အရောင်းအေး

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

**ရန်ကုန် မေ ၈**

ပြန်ကြားရေးဝန်ကြီးဌာနက ပုဂ္ဂလိကသတင်းစာများကို လွန်ခဲ့သည့် ဧပြီလအတွင်းက ထုတ်ဝေခွင့်ပြုခဲ့ပြီးနောက် ဂျာနယ်များအရောင်းအဝယ် အေးလာကြောင်း တာမွေမြို့နယ် ဂျာနယ်အရောင်းဆိုင်တစ်ဆိုင်မှ ဂျာနယ်ရောင်းသူတစ်ဦးက ပြောသည်။

"ကျွန်တော့်ဆိုင်မှာ ပုဂ္ဂလိကသတင်းစာတွေ မထွက်ခင်ကဆိုရင် ထွက်သမျှ ဂျာနယ်တွေက တစ်ပတ်အတွင်းမှာ တဖြည်းဖြည်းကုန်သွားတာများတယ်။ အခုတစ်ပတ်နှစ်ပတ် မကုန်တော့ဘူး၊ အကျန်တွေသိပ်များတယ်။ အရောင်းအတော်လေးအေးသွားတယ်"ဟု ဦးခင်ရွှေက ပြောသည်။

"ဂျာနယ်ဖတ်တဲ့ ပရိသတ်တွေက သတင်းစာဖတ်ပရိသတ်တွေ ဖြစ်လာတယ်။ ဂျာနယ်ကတစ်စောင်ကို သုံးလေးငါးရာပေးရတယ်။သတင်းစာက တစ်စောင်ကို နှစ်ရာကျပ်ဆိုတော့ သတင်းစာပဲဖတ်လာတာတွေ့ရတယ်။ ယခင် ဂျာနယ်ဖတ်ပရိသတ်တွေက သတင်းစာတွေဘက်ကို အာရုံပြောင်းလာတာတွေ့ရတယ်"ဟု ဦးခင်ရွှေက ဆက်လက်ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနက လွန်ခဲ့သော ဧပြီလမှစပြီး ပုဂ္ဂလိကသတင်းစာ ၂၆ စောင်အထိ ထုတ်ဝေခွင့်ပြုခဲ့ပြီးဖြစ်သည်။ ယင်းတို့တွင် မြန်မာဘာသာဖြင့်ထုတ်ဝေသော သတင်းစာမှာ ၂၄ စောင်ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခွင့်ပြုထားသည်မှာ နှစ်စောင်သာရှိသည်။ အဆိုပါ သတင်းစာများအနက် လောလောဆယ် ထွက်ရှိလာသော ပုဂ္ဂလိက သတင်းစာမှာ ၁၀ စောင်ပင် ဈေးကွက်သို့ရောက်ရှိလာသော်လည်း ပြည့်မီအောင် ထုတ်လုပ်လာခြင်းကို မတွေ့ရသေးပါ။ အချို့သော သတင်းစာများမှာ ထွက်ရှိရန်ပြင်ဆင်နေကြဆဲဖြစ်ကြောင်း သိရသည်။



ယခု ထုတ်ဝေခွင့်ပြုထားသော ပုဂ္ဂလိကသတင်းစာ ၂၆ စောင်နှင့် ယခင်က ထုတ်ဝေလျက်ရှိသောအစိုးရပိုင်နှင့် ဌာနဆိုင်ရာပိုင် သတင်းစာများ ပေါင်းလိုက်မည်ဆိုပါက မြန်မာနိုင်ငံတွင် နေ့စဉ်ထွက်ရှိသောသတင်းစာ စောင်ရေမှာ ၃၀ ကျော်ရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေသန်း ၆၀ တွင် ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ လက်ရှိထွက်ရှိနေသော သတင်းစာများနှင့် ဂျာနယ်များကို အများဆုံးဝယ်ယူဖတ်ကြသူအများစုမှာ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများနှင့် အခြားဝင်ငွေကောင်းသူများကသာ အများဆုံးဖတ်ရှုနေကြသည်ကို လေ့လာတွေ့ရှိရသည်။ ၇၀ ရာခိုင်နှုန်းသော ပြည်သူများမှာ သတင်းစာမဖတ်ကြဟုမဆိုလိုပါ။ ဝင်ငွေအပေါ်တွက်ဆနေရခြင်း၊ သတင်းစာများ ကျေးလက်ဈေးကွက်သို့ ရောက်ရှိမှု နည်းပါးခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ သတင်းစာနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ သို့သော် အနည်းနှင့်အများ ဖတ်ရှုကြသည်။ အများဆုံးဖတ်ကြသူများမှာ မြို့ပြနေစီးပွားရေး အဆင်ပြေကြသူများနှင့် ဝင်ငွေအတန်အသင့်ရှိသူများဖြစ်ပါသည်။ ဆိုလိုသည်မှာ ထွက်ရှိဆဲ၊ ထွက်ရှိရန်ပြင်ဆင်နေသောသတင်းစာ အစောင် ၃၀ ကျော်ကို ၃၀ ရာခိုင်နှုန်းသော ပြည်သူများကသာ အများစု ဖတ်ရှုကြပါလိမ့်မည်။

**(မြန်မာ့အလင်း)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

သတင်းဆောင်းပါး

# နိုင်ငံတစ်ဝန်း မိသားစုများ၏ ကျန်းမာကြံ့ခိုင်သောလူမှုဘဝကို ဖော်ဆောင်လျက်ရှိသော စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့

သတင်းဆောင်းပါး
သူရဇော်(သတင်းစဉ်)
ဓာတ်ပုံ
ဇော်မင်းလတ်(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၇-၅-၂၀၁၃ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို ၉-၅-၂၀၁၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသဖြင့် ကျွန်တော်တို့သတင်းအဖွဲ့သည် ၈-၅-၂၀၁၃ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါအသင်းရုံးသို့ သွားရောက်ပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ ထက်သန်သောဆန္ဒများ၊ နိုးကြားတက်ကြွသော စိတ်ဓာတ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် အသင်းကြီး၏ လှုပ်ရှားဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို သိရှိနိုင်ရန် တာဝန်ရှိသူများအား မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်က ပြောပြရာတွင် “ဒီမိုကရေစီလမ်းစဉ် ကူးပြောင်းနေသည့် နိုင်ငံတော်၏ Transition Period တွင် အားထားယုံကြည်ရသော လူမှုရေးအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ရပ်တည်သည့်အပြင် အခြားသောယုံကြည်ချက်၊ ရည်မှန်းချက်များတူညီသော အဖွဲ့အစည်းများနဲ့လည်း လက်တွဲပူးပေါင်း၍ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်နဲ့ ပြည်သူလူထု၏ လိုအင်ဆန္ဒ ပန်းတိုင်ရောက်အောင် အကောင်အထည်ဖော်မှုများမှာ အထောက်အကူပြု ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အသင်းကို နိုင်ငံတစ်ဝန်း ဖွဲ့စည်းထားပါတယ်။ အသင်းဝင်များအနေဖြင့် အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာမှာ တက်ကြွစည်းလုံးပြီး အားတက်သရော ပါဝင်ပူးပေါင်း ဆောင်ရွက်ကြသည့် အတွက် NGO,UN အဖွဲ့အစည်းများ၏ အမြဲအသိအမှတ်ပြုခြင်းကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။ ဘာသာယဉ်ကျေးမှု၊ ဓလေ့ထုံးစံမတူညီမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး နယ်မြေဒေသ မအေးချမ်းမှုအခြေအနေများရှိသော်လည်း Reach the Unreach ဖြစ်အောင် ကြိုးစားပြီး အသင်း၏ယုံကြည်ချက်နှင့် ရည်ရွယ်ချက်များကို ဖော်ဆောင်ပေးလျက်ရှိပါတယ်။ အသင်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့်လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသထိရောက်ရှိအောင် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ရှင်းပြသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်အားတွေ့ဆုံမေးမြန်းခဲ့ရာ “မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးစောင့်ရှောက်မှုပေးခြင်းဖြင့် မိသားစုများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရေးကို အထောက်အကူပြုရန် ယုံကြည်ချက်ဖြင့် လုပ်ငန်းဆောင်ရွက်နေပါတယ်။ အသင်းဝင်များထဲက စေတနာ့ဝန်ထမ်း ဆယ်အိမ်စုမှူးများ၊ အရန်သားဖွား ဆရာမများနဲ့ စိတ်ပါဝင်စားတက်ကြွသူများကို အရည်အသွေး ပြည့်မီအောင် လေ့ကျင့်ပေးထားတဲ့အတွက် မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုဘဝတိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မိမိတတ်စွမ်းသောကဏ္ဍများမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ နှစ်ပတ်လည်အစည်းအဝေးများကျင်းပတဲ့ရည်ရွယ်ချက်ကတော့ အသင်းမှာ အစဉ်အမြဲ ဆောင်ရွက်နေတဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နေရတဲ့ အသင်းခွဲအဆင့်ဆင့်၏ အောင်မြင်မှုများ၊ အားသာချက်များကို အတွေ့အကြုံဖလှယ်နိုင်ရန်၊ တွေ့ကြုံရတဲ့ အခက်အခဲများဖြေရှင်းနိုင်ရန်၊ အားသာအားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော အကြံဉာဏ်နဲ့ နည်းလမ်းများဖော်ထုတ်နိုင်ရန်၊ နှစ်စဉ်ချမှတ်ထားသောရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်အကောင်အထည်ဖော်ရာ၌လည်း လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာနဲ့ စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်အောင် လိုအပ်ချက်များရှိပါက ပံ့ပိုးကူညီနိုင်ရန်အတွက် ဖြစ်ပါတယ်”ဟု ရှင်းပြသည်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများနှင့် အသင်းဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အသင်း၏ ပါဝင်ဆောင်ရွက်နေမှုကိုလည်း “ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များပြည့်မီစေရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍများစွာမှာ ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် မိခင်နှင့်ကလေး သေနှုန်းကျဆင်းရေးအတွက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နေခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာပြည့်စုံသော ပတ်ဝန်းကျင်ဖြစ်ရန်ဖန်တီးခြင်း၊ ကျန်းမာရေးနှင့်ပြည့်စုံသောဘဝ ရရှိနိုင်သည့် Healthy Life Style များ ပိုမိုအသိပေးနိုင်လာခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နေပါတယ်။ သားဖွားခန်းများ ပစ္စည်းကိရိယာပြည့်စုံပြီး Physical Feature ကောင်းမွန်ရေးနှင့် သားဖွားဆရာမများ အရည်အသွေး မြင့်မားစေရေးအတွက် သင်တန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အရန်သားဖွားဆရာမများပါ မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အသင်းသားဖွားခန်းတွေမှာ ဆင်းရဲနွမ်းပါးသည့် မွေးလူနာများကို အခမဲ့မွေးဖွားပေးသည့်အပြင် တတ်နိုင်သူတွေကိုလည်း ငွေကျပ် ၅၀၀၀ နှုန်းဖြင့် မွေးဖွားပေးလျက်ရှိပါတယ်။ မွေးလူနာကို မိသားစုဝင်များကိုယ်တိုင် ပါဝင်စောင့်ရှောက်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ သားဖွားခန်း ၁၃၄ ခန်း ဖွင့်လှစ်ပေးထားပါတယ်။ ဒါ့အပြင် ဘဝသာယာလှပသည့် လူသားများဖြစ်စေရန် ရည်ရွယ်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲများသာမက အခြားသောချို့ယွင်းချက်ရှိသည့်လူနာများကို ခွဲစိတ်ပြုပြင်ပေးနိုင်ရန် လူနာရှာဖွေပေးခြင်း၊ ခွဲစိတ်ကုသမှုခံယူနိုင်ရန် လိုအပ်သော ပြုစုစောင့်ရှောက်မှုများအပြင် ငွေကြေးထောက်ပံ့ကူညီခြင်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အသင်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်လိုအပ်သောသူများကို သက်ဆိုင်ရာဆေးရုံ၊ ဆေးပေးခန်းများကို ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိသည့်အပြင် ကူးစက်ရောဂါများ မဖြစ်ပွားနိုင်အောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နီးနွယ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေးဟောပြောပွဲများကို မြို့ပြ၊ ကျေးရွာအနှံ့ ဆောင်ရွက်ခြင်း၊ ရောဂါကူးစက်ခံရသူများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပုံမှန်သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်ပေးခြင်းသာမက အထီးကျန်အပယ်ခံမဖြစ်စေဘဲ အသုံးဝင်တန်ဖိုးရှိသည့် သက်ကြီးများဘဝ တည်ဆောက်ပေးနေပါတယ်” ဟု ရှင်းပြသည်။

ဆက်လက်ပြီးလည်း “အသင်းအနေဖြင့် အသုံးလုံးကျောသင်တန်းများကို အသင်းစတင်တည်ထောင်ချိန်ကစပြီး စဉ်ဆက်မပြတ် အကောင်အထည် ဖော်နေသည့်အပြင် ကျောင်းနေအရွယ်ဖြစ်လင့်ကစား ကျောင်းမနေနိုင်သောအရွယ်စုံ အတန်းစုံကလေးများအတွက် Second Opportunity အဖြစ် စေတနာညကျောင်းများ ဖွင့်လှစ်ပေးပါတယ်။ မူကြိုအရွယ်ကလေးငယ်များ ကျန်းမာကြံ့ခိုင်ပြီး ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများရရှိရန်ရည်ရွယ်ပြီး မူလတန်းကြိုကျောင်းများကို နိုင်ငံတစ်ဝန်းလုံးမှာ ကျောင်းပေါင်း ၈၀၀ ကျော်ဖွင့်လှစ်ကာ ကျောင်းသားပေါင်း ၂၀၀၀၀ ကျော်ကို ပညာသင်ကြားပေးနိုင်ပါတယ်။ အသင်းအနေဖြင့် ၂၀၁၂ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများ၊ ငလျင်ဒဏ်၊ ရေဘေး၊ လေဘေးနှင့် မီးဘေးသင့်ခံပြည်သူများ၊ နယ်မြေမအေးချမ်းမှုကြောင့် ဝေးလံခက်ခဲသောဒေသများရှိ ရွှေ့ပြောင်းဒေသခံပြည်သူများကို အချိန်နှင့်တစ်ပြေးညီ မွန်မြတ်သောလူထုအကျိုးပြု လုပ်ငန်းများအဖြစ် ပါဝင်ဆောင်ရွက်နေပါတယ်” လို့ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုက “ပြည်နယ်အသင်းအနေဖြင့် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့မှာရှိတဲ့ အသင်းပိုင်သားဖွားခန်းတွေမှာ မိခင်မှကလေးသို့ HIV ပိုးမကူးစက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်၊ တိုင်းရင်းသားပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာဖြင့် ကလေးမွေးဖွားခြင်းလုပ်ငန်းများကို လာရောက်ပြုလုပ်နိုင်ပါတယ်၊ နယ်မြေဒေသလုံခြုံရေးအခြေအနေရပြောင်းရွှေ့လာကြသည့် မိသားစုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အပြင် လိုအပ်သည့်ထောက်ပံ့မှုများကို ပံ့ပိုးကူညီပေးလျက်ရှိပါတယ်၊ ပြည်နယ်အတွင်း နေထိုင်ကြသူများ ကျန်းမာရေးအသိပညာများတိုးတက်ရေးအတွက် ဟောပြောပွဲများနှင့် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကိုပါ မြို့၊ ရွာ၊ ကျေးလက်ဒေသ အနှံ့ရောက်ရှိအောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်” ဟု ရှင်းပြသည်။

အလားတူ ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက “မွေးမိခင်နှင့် ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်၊ ရပ်ရွာအခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်နယ်အတွင်းမှ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်၊ ကျန်းမာရေးစောင့်ရှောက်ရန် အမှန်တကယ်လိုအပ်ပြီး အခက်အခဲရှိသူများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာနှင့်မြို့နယ်အသင်းဝင်များမှတစ်ဆင့် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က စောင့်ရှောက်ပံ့ပိုးလျက်ရှိပါတယ်။ ပြည်နယ်အတွင်းရှိ သက်ကြီးရွယ်အိုနှင့် ဆင်းရဲနွမ်းပါးသူများကို ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီစောင့်ရှောက်လျက်ရှိပါတယ်”ဟု ပြောကြားသည်။

မွေးဖွားခြင်းမှ ဘဝနေဝင်ချိန်များအထိ လိုအပ်ချက်များကို စမ်းရေပမာ မေ့မေတ္တာကဲ့သို့ ပေးဆပ်နေသည့် စေတနာ့ဝန်ထမ်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ယခုဆိုလျှင် နှစ်ပေါင်း ၂၃ နှစ်တိုင်အောင် ကြံ့ခိုင်ကောင်းမွန်သော ရည်ရွယ်ချက်များဖြတ်သန်းနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုတင်ပြလိုက်ပါသည်။

❒ ရှေ့ဖုံးမှ

နှစ်ကြိမ်နှင့် အက်ဖ်အေဖလားအပါအဝင် မန်ယူအတွက် ဆုဖလား စုစုပေါင်း ၃၈ခုကို ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ဖာဂူဆန်သည် မန်ယူနည်းပြအဖြစ် ၁၉၈၆ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ စတင်ကာ တာဝန်ယူခဲ့သူဖြစ်သည်။

ဖာဂူဆန်သည် အစားထိုးမရသော နည်းပြတစ်ဦးဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ထုတ်ဖော်ပြောကြားခဲ့သလို ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကလည်း ဖာဂူဆန်သည် နည်းပြကောင်းတစ်ဦး၏အရည်အချင်းပြည့်ဝသူတစ်ဦးဖြစ်ပြီး ဂုဏ်ယူလေးစားဖွယ်ရာကောင်းသော နည်းပြတစ်ဦးလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖာဂူဆန်သည် နည်းပြအဖြစ်မှ အနားယူပြီးနောက် မန်ယူအသင်းတွင် ဒါရိုက်တာနှင့် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆက်လက်တာဝန်ယူမည်ဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။ ဖာဂူဆန် အနားယူပါက မန်ယူနည်းပြအဖြစ် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က ရေပန်းစားနေသည်။ ထို့အတူ မော်ရင်ဟိုလည်း အမည်စာရင်းထွက်ပေါ် နေသည်။ သို့သော် မန်ယူကလပ်ပိုင်ရှင် ဂလေဇာမိသားစုကမူ ဖာဂူဆန်၏နေရာအတွက် အစားထိုးတာဝန်ယူရန် တစ်စုံတစ်ရာပြောကြားခြင်းမရှိသေးချေ။ ဖာဂူဆန်သည် ၂၀၁၂ ခုနှစ်ကတည်းက မန်ယူနည်းပြအဖြစ်မှ အနားယူရန် စီစဉ်ခဲ့ဖူးသော်လည်း ဇနီးဖြစ်သူ၏အကြံပြုချက်အရ နည်းပြအဖြစ် ဆက်လက်တာဝန်ယူ ဆောင်ရွက်ခဲ့သူဖြစ်သည်။ နည်းပြအဖြစ်မှ အနားယူမှုနှင့်ပတ်သက်ပြီး ဖာဂူဆန်က “ယခုအချိန်သည် မိမိအနားယူရမည့် အသင့်တော်ဆုံး အမှန်ကန်ဆုံးအချိန်ဖြစ်၍ မိမိဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း” ပြောကြားခဲ့သည်။ (အရုဏ်ဦး-ရေးသားသည်) (ဘီဘီစီ)

# ဒေသခံညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးမည်

နေပြည်တော် မေ ၈

**စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကန်ကုန်းတိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၇ ရက် နံနက်ပိုင်းတွင် ဆေးရုံတည်ဆောက်မည့်နေရာ၌ ကျင်းပရာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်အစီရင်ခံစာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်း ဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းနှင့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးပြီး ကျော်ရွာအခြေခံပညာမူလတန်းကျောင်း ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နယ်ရှိ အထည်ချုပ်စက်ရုံခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီနှင့် ဒေသခံကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ကော်မတီအနေဖြင့် နိုင်ငံတော်အကျိုးစီးပွား၊ ဒေသခံလူထုအကျိုးစီးပွားနှင့် အနာဂတ်မျိုးဆက်သစ်များ အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများချမှတ်ပြီး စီမံကိန်းကိုဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင်ပါရှိသည့် အကြံပြုချက်များကိုအပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး မိမိတို့ဒေသခံ ညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝတိုးတက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဘက်ပေါင်းစုံပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး အတွက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့က မိမိတို့ဒေသကို လာရောက်ပြီး လိုအပ်ချက်များကို သိရှိအောင်ဦးစွာလေ့လာ၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိရာမှာ ဒေသခံလူထုများ အနေဖြင့်လည်း မိမိတို့၏ဒေသ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြတောင်းဆိုပြီး မိမိတို့ကိုယ်တိုင် ပူးပေါင်းပါဝင် ကြိုးစားအားထုတ်မှ မိမိတို့တစ်ဦးချင်း၊ အိမ်ထောင်စုတစ်စုချင်း၊ ကျေးရွာတစ်ရွာချင်း၊ ကျေးရွာအုပ်စုတစ်ခုချင်းမှ ဒေသတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပေးမည့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများအနေဖြင့်လည်း ဒေသခံများနှင့် ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ်မိသားစုသဖွယ် တွေ့ဆုံညှိနှိုင်းပြီး စိတ်ကောင်းစေတနာကောင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် EIA/SIA လုပ်ငန်းများကိုလည်း တာဝန်ရှိသူများ၊ ပညာရှင်များ၊ နိုင်ငံတကာမှ အဆင့်အတန်းမီဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ လေ့လာမှု၊ စမ်းသပ်မှုများပြုလုပ်နေပြီး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်သလို လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို တစ်ဆက်တည်း လုပ်ကိုင်သွားမှာဖြစ်၍ နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထု၏ ရေရှည်အကျိုးကျေးဇူးရှိစေရန်အတွက် လိုအပ်သည့် ပြုပြင်ခြင်း၊ လေ့လာခြင်း၊ ဆောင်ရွက်ခြင်းတို့ကို ကော်မတီနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီများ၊ အဖွဲ့များခွဲပြီး နယ်မြေဒေသအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်မည့်သူများအား လုပ်ငန်းတာဝန်ပေးအပ်လွှာများနှင့် ပတ်ဝန်းကျင်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြပြီး နိုင်ငံတော်နှင့် လက်ပံတောင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေအောင် ဆောင်ရွက်သွားမည့် အစီအမံများ၊ သတ္တုတွင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများနှင့် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ ရရှိမည့် အကျိုးကျေးဇူးများ၊ မွေးမြူရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးသွားမည့် အစီအမံများ၊ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေအောင် နိုင်ငံတကာအဆင့်မီကုမ္ပဏီများနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများ ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာများမှ ဒေသခံကိုယ်စားလှယ်များသည် လက်ပံတောင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်စုများအလိုက် အဖွဲ့(၄)ဖွဲ့ခွဲကာ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းကြသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီအနေဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ ပတ်ဝန်းကျင် ဒေသများမှ ဒေသခံပြည်သူများအတွက် တိုက်နယ်ဆေးရုံ(၁)ရုံနှင့် ကျန်းမာရေးထောက်ပံ့ခြင်းအတွက် ငွေကျပ် ၂၂၂ သိန်း၊ ကျေးရွာ ၃၀ အတွက် စာကြည့်တိုက် ဆောက်လုပ်ခြင်း၊ စာအုပ်စာတမ်းများနှင့် ပရိဘောဂများဝယ်ယူရန် ငွေကျပ် ၁၉၅ သိန်း၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် ငွေကျပ် ၃၃၇၆ သိန်း၊ လမ်းပြုပြင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၃၀၈ သိန်း၊ သောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် ငွေကျပ် ၁၃၀၆ သိန်း၊ အားကစားကွင်း တည်ဆောက်ရေးအတွက် ငွေကျပ် ၁၁၈ သိန်း၊ မူကြိုကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၃၁၀ သိန်း၊ အခြေခံပညာကျောင်းများ ပြုပြင်တည်ဆောက်ရန်အတွက် ငွေကျပ် ၁၀၈၈ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၉၉၀၀ ကျော် တန်ဖိုးရှိ လုပ်ငန်းများကို ယခုနှစ်အတွင်း အားလုံးအပြီး ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်သန်းလျာထားသုံးစွဲသွားမည် ဖြစ်သည်။

ထို့အပြင် စီမံကိန်းမှ ပြန်လည်ထုတ်နုတ်ပေးနိုင်မည့် မြေဧရိယာ (၉၀၂ ဒသမ ၂၄)ဧကမှ တောင်သူများထံ ပြန်လည်ပေးအပ်ရန်ရှိသည့် မြေဧရိယာ(၂၈၃ ဒသမ ၆၉)ဧကကို သက်ဆိုင်ရာ တောင်သူတစ်ဦးချင်းသို့ ပြန်လည်ပေးအပ်ခဲ့ရာ တောင်သူ ၁၂၀၊ မြေယာ(၁၉၆ ဒသမ ၅၇)ဧကပေးအပ်ခဲ့ပြီး မြေယာလျော်ကြေးအနေဖြင့် တောင်သူ ၇၄၂ ဦး လျော်ကြေးငွေကျပ် ၂၂၁၃၂ သိန်းကျော်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးရေးနှင့် လက်တွေ့သရုပ်ပြသ

**ရန်ကုန် မေ ၈**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးရေးနှင့် လက်တွေ့မီးသတ်သရုပ်ပြသပွဲ အခမ်းအနားကို တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ရဲသူရိန်ဌေးဝင်း ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ယမန်နေ့နံနက် ၁၀ နာရီတွင် မီးသတ်သရုပ်ပြသခဲ့သည်။ အဆိုပါ မီးဘေးအသိပညာပေးရေးနှင့် လက်တွေ့မီးသတ်သရုပ်ပြသပွဲအခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်မှ မန်နေဂျာနှင့် လက်ထောက်မန်နေဂျာများ၊ ကြေးမုံသတင်းစာတိုက်မှ မန်နေဂျာနှင့် လက်ထောက်မန်နေဂျာများ၊ နယူးစ်လိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ လက်ထောက်မန်နေဂျာနှင့်တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်မှ တာဝန်ရှိသူများနှင့် တိုက်အသီးသီးမှ စုစုပေါင်းဝန်ထမ်း အင်အားတစ်ရာကျော်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ရဲသူရိန်ဌေးဝင်းက ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးရေးနှင့် ပတ်သက်၍ လက်တွေ့သရုပ်ပြသ ရှင်းလင်းခဲ့သည်။

ထို့နောက် ဦးစီးမှူးနှင့်အဖွဲ့သည် မြန်မာ့အလင်းသတင်းစာတိုက်ဝင်း အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ စက္ကူလုံးများထားရှိရာ ဂိုဒေါင်နှင့် ရုံးတွင်းခန်းများတွင် မီးတပ်ဆင်သုံးစွဲမှု အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပြုပြင်အသုံးပြုရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်စိန်လွင်(မြန်မာ့အလင်း)**

---

ပြည်တွင်းသတင်း

# နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေး လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီတိုးချဲ့ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၄၃/၂၀၁၃**
**၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်)**

**လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွှတ်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များပါဝင်သော "လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီ"ကို အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-**

| | | |
|---|---|---|
| (၁) | ဦးစိုးသိန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန(၃) | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးထွန်းထွန်းဦး<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၄) | ဦးအောင်စောဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးသန်းဌေး<br>ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစစ်မြိုင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး<br>ကော်မရှင် | အဖွဲ့ဝင် |
| (၇) | ဦးကြည်<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (၈) | ဦးလှမောင်ရွှေ<br>Myanmar Egress | အဖွဲ့ဝင် |
| (၉) | ဦးဘိုကြည်<br>နိုင်ငံရေးအကျဉ်းသားများ<br>ကူညီစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၁၀) | ဦးညိုထွန်း<br>နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၁) | ဦးရဲအောင်<br>နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးသူရ(ဇာဂနာ)<br>House of Media Entertainment | အဖွဲ့ဝင် |
| (၁၃) | ဦးဉာဏ်ဝင်း<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၄) | ဦးခွန်ထွန်းဦး<br>ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၅) | ဦးကိုကိုကြီး<br>၈၈ မျိုးဆက်<br>(ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း) | အဖွဲ့ဝင် |
| (၁၆) | ဒေါက်တာဝင်းနိုင်<br>အမျိုးသားဒီမိုကရေစီအင်အားစု | အဖွဲ့ဝင် |
| (၁၇) | ဦးသိန်းညွှန့်<br>အမျိုးသားဒီမိုကရေစီပါတီသစ် | အဖွဲ့ဝင် |
| (၁၈) | ဦးကောင်းမြင့်ထွဋ်<br>မြန်မာအမျိုးသားကွန်ဂရက်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးအောင်သိမ်း<br>ဒုတိယဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန(၄) | အတွင်းရေးမှူး |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# မိတ္ထီလာယာယီကယ်ဆယ်ရေးစခန်းများရှိ ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၃၀၅ ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်

**မိတ္ထီလာ မေ ၈**

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ နေအိမ်မီးလောင်ပျက်စီးသည့် ဗုဒ္ဓဘာသာဝင်မိသားစုများအား အလှူရှင်များမှ ပေးအပ်လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ရေစက်ချလှူဒါန်းပေးအပ်ခြင်း အခမ်းအနားကို မေ ၅ ရက် နံနက် ၅ နာရီက နဂါးရုံမဟာဗောဓိစေတီတော် ပညာမိကတန်ဆောင်းအတွင်း၌ ကျင်းပသည်။

"ကယ်ဆယ်ရေးစခန်းက ဗုဒ္ဓဘာသာဝင်တွေပူဇော်ကိုးကွယ်နိုင်ဖို့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ လှူဒါန်းနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ဆက်သွယ်တော့ မိသားစု ၃၀၅ စုရှိတယ်။ မိမိတို့အစီအစဉ်နဲ့ ကြိုက်နှစ်သက်သလို လာရောက်လှူဒါန်းနိုင်ပါတယ်လို့သိရတော့ နီးစပ်ရာအပေါင်းအသင်း မိတ်ဆွေတွေ စုပေါင်းလှူဒါန်းဖြစ်သွားတာပါ။ (ဗိုလ်မှူးစံရီ) ဒေါ်တိုးတိုးနိုင်(ရန်ကုန်) မိသားစုက ၁၀၈ ဆူအများဆုံးလှူဒါန်းတယ်။ လှူဒါန်းတဲ့သူတွေကတော့ မိတ္ထီလာ၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ မြင်းခြံ၊ နေပြည်တော် ဒေသစုံက အလှူရှင်တွေ ပါဝင်ပါတယ်" ဟု ဗုဒ္ဓရုပ်ပွားဆင်းတုတော် အလှူရှင်တစ်ဦးက ပြောသည်။ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၃၀၅ ဆူအား သဒ္ဓမ္မဝံသာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသအမှူးပြုသော သံဃာတော် အရှင်သူမြတ်ကိုးပါးက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး အလှူရှင်မိသားစုက ခရိုင်သာသနာရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**



အဆိုပါ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၃၀၅ဆူအား အလက(၂)၊ အမက(၁၆) တို့တွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများရှိ နေအိမ်မီးလောင်ပျက်စီးခံရသည့် ဗုဒ္ဓဘာသာမိသားစုများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ချမ်းသာ(ပြန်/ဆက်)**

# အခွန်စည်းကြပ်မှုကို ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက် အခွန်ရုံးများအပေါ် ပြည်သူများယုံကြည်ကိုးစားမှု လိုအပ်

**မန္တလေး မေ ၈**

အခွန်ဝန်ထမ်းများသည် နိုင်ငံတော်အတွက် အခွန်ပေးဆောင်ရခြင်းဖြစ်သည်ဟူသော တာဝန်ဝတ္တရားများကို နားလည်အောင် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူနှင့် အစိုးရအတွက် အားကိုးယုံကြည်ရသော အခွန်ဌာနတစ်ရပ်အဖြစ် ရပ်တည်နေရမည်ဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် မေ ၆ရက် မွန်းလွဲ ၁ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပသော အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကပြောကြားရာ၌ တိုင်းဒေသကြီးအတွင်း အခွန်ကောက်ခံနေသော အခွန်ဌာန၏လုပ်ငန်းတာဝန်သည် ရသင့်ရထိုက်သော အခွန်အပြည့်အဝရရှိအောင် ကောက်ခံသွားရန်လိုအပ်ကြောင်း၊ စည်းကြပ်ကောက်ခံရမည့်အခွန်များကို လွတ်ကင်းမှုလျော့နည်းမှုမရှိစေရန် ဥပဒေများနှင့်အညီ အပြည့်အဝရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေးခြင်းနှင့်ဝန်ဆောင်မှုအပြည့်အဝပေးခြင်းဖြင့် ဆန္ဒအလျောက် အခွန်ပေးဆောင်လာစေပြီး အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်သို့ ကူးပြောင်းရန်လိုအပ်ကြောင်း၊ အခွန်စည်းကြပ်မှုများကို ဥပဒေနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ခြင်းဖြင့် အခွန်ရုံးများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုရယူရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးဝင်းမြင့်က အခွန်ကောက်ခံရခြင်းရည်ရွယ်ချက်၊ လက်ရှိကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် အခွန်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက အခွန်အရပ်ရပ်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပြန်လည်ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ကျော်ဦး**

# ရေရှားပါးသော ကျေးရွာသားတို့ မလျှော့သောဇွဲဖြင့် တူးဖော်ခဲ့သောတွင်းမှ ရေကောင်းရေသန့်များထွက်ရှိခဲ့၍ ရွာလုံးကျွတ်အောင်ပွဲခံ

**စစ်ကိုင်း မေ ၈**

ထမင်းအသက်ခုနစ်ရက် ရေအသက် တစ်မနက် ဆိုသည့်အတိုင်း ရေသည် လူတို့၏အသက်ရှင်ရေးနှင့် လူနေမှုဘဝအတွက် မရှိမဖြစ် အရေးအပါဆုံးဖြစ်သည်။ ရေမရှိလျှင် လူတို့၏ နေ့စဉ်ဘဝယန္တရားကြီး တစ်ခုလုံး ရပ်တန့်သွားမည်ဖြစ်သည်။

နှစ်စဉ်ကြုံတွေ့နေရသည့် ရေရှားပါးမှု ကင်းဝေးစေရန်အတွက် စစ်ကိုင်းမြို့နယ် စာအရှေ့ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာရေရရှိရေးအဖွဲ့ဝင်များ၊ တက်ကြွနိုးကြားသော လူငယ်များ တိုင်ပင်ဆွေးနွေးကာ ရေကောင်းရေသန့်ရရှိရေးအတွက် ကျေးရွာအတွင်း၌ မြေအောက်ရေရရှိရေးအတွက် မြေနေရာ ရွေးချယ်၍အဝီစိတွင်းနှစ်တွင်း တူးဖော်ရာ မြေအောက် ပေ ၃၀၀ အနက်အထိ တူးဖော်ခဲ့သော်လည်း သောက်သုံးနိုင်သောရေကောင်းရေသန့် မရရှိခဲ့၍ တတိယမြောက်အဝီစိတွင်းကို စာရေးအရှေ့ရွာ တောင်ပိုင်း၊ ရွှေရိပ်မွန်အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)ဝင်း တောင်ဘက်တွင် မလျှော့သောဇွဲဖြင့် ဆက်လက်တူးဖော်ခဲ့ရာ မေ ၅ ရက်က မြေအောက်ပေ အနက် ၁၅၀ အရောက်တွင် ရေကောင်းရေသန့် ထွက်ရှိလာသဖြင့် တစ်ရွာလုံးဝမ်းသာပျော်ရွှင်ပြီး ရေအောင်ပွဲကို ပျော်ရွှင်စွာကျင်းပခဲ့ကြသည်။**(အောက်ပုံ)**

ကျေးရွာအုပ်ချုပ်ရေးမှူးအား မေးမြန်းခဲ့ရာ စာရေးအရှေ့ရွာ၌ အိမ်ခြေ ၂၈၇ အိမ်၊ အိမ်ထောင်စု ၃၁၀ စု၊ လူဦးရေ ၁၅၅၀ ဦးရှိကာ လူနှင့်တိရစ္ဆာန်တို့အတွက် ရေကို ရွာနှင့်ငါးမိုင်ခန့်ဝေးသော ဧရာဝတီမြစ်သို့ သွားရောက်ခပ်ယူနေရပြီး ရွာတွင် ရေရှားပါးမှုကို ဖြေရှင်းနိုင်ရန်အတွက် ကျေးရွာနေရာအများအပြားတွင် ရေတူးခဲ့သော်လည်း ရေမထွက်ရှိသောကြောင့် မလျှော့သောဇွဲဖြင့် နေရာပြောင်း၍ တူးဖော်ခဲ့ရာမှ ယခုကဲ့သို့ ရေကောင်းရေသန့်များ ထွက်လာသည့်အတွက် ကျေးရွာပြည်သူတစ်ရပ်လုံး ဝမ်းသာပီတိဖြစ်ပြီး ရေအောင်ပွဲကျင်းပပြီး ရွာအတွင်းမှပြည်သူများ ရေစည်လှည်းများ၊ ရေပုံးများဖြင့် ရေလာ၍ခပ်ယူကြပြီး အလှူရှင်များကလည်း ရေအောင်ပွဲလာသူများအား ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ရေတွင်းတူးဖော်ရန် ကုန်ကျစရိတ်များကို မန္တလေး KMC မော်တော်ယာဉ်ထုတ်လုပ်ရေးမိသားစုမှ ရေထွက်သည်အထိ ကုန်ကျငွေကျပ် ၂၅ သိန်း၊ ရေသိုလှောင်ရန် ရေ ဂါလန် ၁၀၀၀၀ ဆံ့ ရေကန်တည်ဆောက်ရန်အတွက် မန္တလေးမြို့၊ ထာဝရကုမ္ပဏီလီမိတက်မှ အလှူငွေကျပ်သိန်း ၅၀ ကို ပေးလှူခဲ့ခြင်းဖြင့် ယခုကဲ့သို့ဆောင်ရွက်ခွင့်ရရှိခဲ့သည်။

ရေကန်တည်ဆောက်ပြီးစီးသွားပါက လေးလက်မပိုက်သွယ်တန်း ကာ ကျေးရွာနေပြည်သူများအား အိမ်တိုင်ရာရောက် ရေပေးဝေမည်ဟုသိရ၍ သောက်သုံးရေအခက်အခဲပြေလည်မှုရရှိသွားသော ကျေးရွာပြည်သူများ ဝမ်းသာပီတိဖြစ်နေကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**



# လောင်းကစားကင်းမဲ့ဇုန် ဆိုင်းဘုတ်များစိုက်ထူ

**ကသာ မေ ၈**

ကသာမြို့ အနောက်ဘက်ခြောက်မိုင်ကွာ လမ်းခွကျေးရွာ၊ ပင်းမလွတ်ကျေးရွာ၊ နတ်ရေတွင်းကျေးရွာအုပ်စုတွင် လမ်းခွကျေးရွာထိပ်တွင် လောင်းကစားကင်းမဲ့ဇုန်နှင့် မူခင်းကင်းမဲ့ဇုန်ဆိုင်းဘုတ်နှစ်ခုကို မေ ၁ ရက် နံနက် ၁၀ နာရီခွဲက ပြည်သူ အင်အား ၅၀ ခန့်ဖြင့် စိုက်ထူခဲ့ကြောင်း သိရသည်။

**စိုက်ထူ**

ယင်းဆိုင်းဘုတ် စိုက်ထူပွဲကို ကသာမြို့နယ်မှူး ရဲမှူးကျော်အောင်မြင့်၊ မြို့နယ်တရားရေးဦးစီးမှူး ဦးတင်မြ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်လှိုင်၊ စခန်းမှူး ရဲအုပ်စောစိုးမိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဝင်း၊ မြို့နယ်သတင်းထောက် ဦးစမ်းဦး၊ ဦးမင်းနိုင်၊ ဦးဆန်းလွင်မင်းနှင့် လမ်းခွအုပ်ချုပ်ရေးမှူး ဦးနီတာ၊ ပင်းမလွတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းမြင့်၊ နတ်ရေတွင်းအုပ်ချုပ်ရေးမှူး ဦးရဲဝင်းတို့အပါအဝင် ကျေးရွာသူကျေးရွာသားတို့က စုပေါင်းစိုက်ထူခဲ့ကြသည်။

**ဆောင်ရွက်**

မူခင်းကင်း မဲ့ဇုန်ကို စမ်းသပ်ကာလတစ်လသတ်မှတ်၍ ဆက်လက်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ဟိန်းမင်းနိုင်**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ (MD-Thiri Sandar Co., Ltd.) ဦးတင်မြင့်သည် ၅-၅-၂၀၁၃ရက်တွင် စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် စာပဒေသာဘာသာရပ်အတွက် မောင်မောင်တင်၏ "လူနာ၊ သူနာပြုဆရာဝန်နှင့်ကျွန်တော်" စာအုပ်ဖြင့် ဆုရရှိပါသောကြောင့် မိမိတို့အသင်းအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**






## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမှတ် ၁၆၆၊ ဦးပိုင် ၁၁၄၊
**ဖုန်း-၀၉-၂၀၁၂၉၆၅၊ ၀၉-၆၅၆၁၃၂၃**

## မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ မွေးစားသမီး မသူဇာဝင်း (TME -၀၃၈၀၈၅)သည် မိဘအား စိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ်ပြုမူပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ၈-၅-၂၀၁၃ရက်မှစ၍ မွေးစားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင်ငွေနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံး၀)လုံး၀ တာဝန်ယူမည် မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
**ဦးမျိုးမြင့် ၇/ပတန(နိုင်)၀၇၇၂၃
ဒေါ်ခင်ပြုံးဝင်း ၇/ပတန(နိုင်)၀၆၆၆၀၆**

## ကန့်ကွက်တားမြစ်ခြင်း

ဦးအောင်ဘော်သည် လွန်ခဲ့သောသုံးနှစ်ခန့်က ကွယ်လွန်ပြီး ဒေါ်ညိုသည် လွန်ခဲ့သော ၁၇ နှစ်ခန့်က ကွယ်လွန်ခဲ့ရာ ၎င်းတို့ပိုင်ဆိုင်သော အမှတ် ၃၂၆၊ ပြည်သာယာလမ်း ၁၆၊ အပိုင်း ၃၊ သဃ်န်းကျွန်းမြို့နယ် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်နှစ်လုံး၊ အမွေဆိုင်အဖြစ်ကျန်ရစ်ခဲ့ပါသည်။

ထိုပစ္စည်းနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း မပြုရန်နှင့် လက်ခံဝယ်ယူသူများရှိပါက မပြုလုပ်ရန်နှင့်ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ပါ**
**ဦးလှကြည်**
**တရားလွှတ်တော်ရှေ့နေ (အမှတ်စဉ်-၆၀၆၆)**

**ကွယ်လွန်သူများ၏အမွေမှီမြေး**
**မောင်စည်သူအောင်**
**၁၂/သဃက(နိုင်)၁၇၃၉၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၄၆၊ မြေကွက်တည်နေရာ အမှတ် ၂၄၆၊ ၆ လမ်း၊ ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်အေးရှင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးရှင်နှင့် ခင်ပွန်း ဦးသိန်းမောင်တို့ ကွယ်လွန်သဖြင့် ဒေါ်ချိုချိုမာ ၁၂/ဥကတ(နိုင်)၀၁၅၉၂၁၊ ဦးတင်စိုး ၁၂/မဂတ(နိုင်)၀၁၃၂၀၇၊ ဒေါ်ဆွေဆွေသိန်း ၁၂/ဥကတ(နိုင်)၀၀၅၇၇၅၊ ဒေါ်မြင့်မြင့်သိန်း ၁၂/ဥကတ(နိုင်)၀၁၅၇၇၆၊ ဒေါ်ကြူကြူသိန်း ၁၂/ဥကတ(နိုင်)၀၈၁၆၆၀၊ ဒေါ်စန်းစန်းသိန်း ၁၂/ဥကတ(နိုင်)၀၁၅၈၃၄၊ ဦးသက်နိုင် ၁၂/ဥကတ(နိုင်)၀၁၅၈၂၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

# ကျောက်ပန်းတောင်း၌ သောက်သုံးရေခက်ခဲသည့်ကျေးရွာများသို့ ရေလှူ

**ကျောက်ပန်းတောင်း မေ ၈**

အညာဒေသရှိ သောက်သုံးရေခက်ခဲမှုရှိသော ကျေးရွာများအား ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်များဖြင့်လည်းကောင်း၊ NGO များ၊ ပုဂ္ဂလိကအလှူရှင်များဖြင့်လည်းကောင်း စက်ရေတွင်းတူးဖော်ခြင်း၊ မိုးရေလှောင်ကန်များ ပြန်လည်ပြုပြင်ခြင်းတို့ကို မိုးမကျမီဆောင်ရွက်လျက်ရှိသော်လည်း လတ်တလောသောက်သုံးရေခက်ခဲမှုရှိသည့် ကျေးရွာများသို့လည်း အဖွဲ့အစည်းများကလည်းကောင်း၊ ပုဂ္ဂလိကအလှူရှင်များကလည်းကောင်း၊ သောက်သုံးရေများကို တစ်ပိုင်တစ်နိုင် ဖြန့်ဝေလှူဒါန်းလျက်ရှိရာ **(အောက်ပုံ)** မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တလိုင်းကန်ကျေးရွာတွင် မေ ၆ ရက်က ကျောက်ပန်းတောင်းမြို့မှ (မိသားစုစာပေ-စတိုး)နှင့်မိတ်ဆွေများက စုပေါင်း၍ သောက်သုံးရေများ လှူဒါန်းခဲ့သည်။

တလိုင်းကန်ကျေးရွာသည် ရွာဝန်းကျင်၌ မိုးရေလှောင်ကန်အကြီးအငယ်များစွာရှိ၍ တစ်နှစ်မျှရေခက်ခဲမှုမရှိခဲ့ကြောင်းနှင့် အနီးဝန်းကျင်ရွာများမှပင် လာရောက်မှီခိုအားထားရကြောင်း သိရသည်။ "အမေကြီးအသက် ၇၇ နှစ် ရှိပြီ။ တစ်နှစ်မှဒီလိုရေကုန်တာ၊ ရေအခက်အခဲဖြစ်တာ မကြုံခဲ့ဖူးပါဘူး။ မနှစ်ကမိုးရေလုံးဝမဝင်လိုက်တော့ တစ်မြန်မနှစ်က လက်ကျန်ရေလေးပဲ တပို့တွဲလလောက်အထိသုံးလိုက်ရတာပေါ့။ အဲဒီနောက်ပိုင်းရေပြတ်တာပါပဲ။ သောက်ရေကတော့ကန်လယ်မှာ လက်ယက်တွင်းလေးတွေတူးပြီး တန်းစီစောင့်ခပ်ရတာပေါ့" ဟု တလိုင်းကန်ကျေးရွာမှ အဘွားဒေါ်တင်အေးက ပြောပြသည်။ အိမ်ထောင်စု ၃၁၈ စုရှိသော အဆိုပါရွာသို့ ရေကုသိုလ်ရှင်များအနေဖြင့် စည် ၆၀ ပါ ခြောက်ဘီးကားကြီးဖြင့် သောက်သုံးရေ လေးခေါက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရပြီး မိုးမကျမီအတွင်း သောက်ရေခက်ခဲမှုရှိသည့် ကျေးရွာများကို တတ်နိုင်သမျှစုပေါင်း၍ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၁၈)**



မီးဘေးရှောင် မလောင်ခင်တား

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပင်္ဂိုပက္ခဂရုပြုသတင်းရေးသားနည်း သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး မေ ၈**

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာနှင့် နိုင်ငံတကာမီဒီယာပံ့ပိုးရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သော ပဋိပက္ခဂရုပြုသတင်းရေးသားနည်း သင်တန်းဆင်းပွဲကို မေ ၇ ရက် ညနေ ၃ နာရီခွဲက မန္တလေးမြို့ရှိ Hotel Queen ၌ ကျင်းပရာ နီပေါနိုင်ငံ International Media Support Trainer Mr. Binod Bhattarai က သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး မန္တလေးစာနယ်ဇင်းသမားများက လက်ခံယူခဲ့သည်။ အဆိုပါ ပဋိပက္ခဂရုပြုသတင်းရေးသားနည်းသည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲ၌ ပြန်လည်ဆန်းစစ်မွမ်းမံခဲ့သော ပဋိပက္ခဂရုပြု စာနယ်ဇင်းသင်ကြားရေးစနစ်ဖြစ်ပြီး ပြည်တွင်းမီဒီယာများအနေနှင့် ပဋိပက္ခသတင်းများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်သတင်းများကို သတင်းရေးသားရာတွင် စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ ပြည်သူများသို့ နိုင်ငံတကာအဆင့်မီ သတင်းအချက်အလက်များပေးနိုင်ရန် ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ စာနယ်ဇင်းသမားကောင်းများပေါ်ထွန်းစေရန် ရုပ်သံ၊ ဂျာနယ်၊ သတင်းစာအသီးသီးမှ စာနယ်ဇင်းသမားများ၊ အယ်ဒီတာများ၊ သတင်းထောက်များနှင့် ထုတ်ဝေသူများသည် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်မြို့များရှိ သင်တန်းများသို့ တက်ရောက်လိုပါက ဖုန်း-၀၉-၄၅၀၀၆၃၉၁၂၊ ၀၉-၄၅၀၀-၄၄၂၁၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး တက်ရောက်ခွင့်ရရှိသူများအား စရိတ်ငြိမ်းစနစ်ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ကျော်ထူး**

# တရားမဝင်ကုန်ပစ္စည်းသယ်ဆောင် မော်တော်ယာဉ်များ ဝေါမြို့၌ဖမ်းမိ

**ဝေါ မေ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား အဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် မေ ၅ ရက် နံနက် ၁ နာရီခွဲခန့်က Mobile Team လရ-၂ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ Light Truck ယာဉ်သုံးစီး ကွင်းရှောင်လမ်းမှ တရားမဝင် ကုန်ပစ္စည်းများသယ်ဆောင်၍ ရှောင်ကွင်း မောင်းနှင်လာကြောင်း သတင်းရရှိသည်။

**ဖမ်းဆီး**

ထိုသတင်းရရှိချက်အရ စခန်းမှထုတ်နုတ်အင်အားနှင့် ယင်းကားသုံးစီးကို ဖက္ကလိပ်ကျေးရွာတွင် ပိတ်ဆို့ရှာဖွေရာ ယာဉ်အမှတ် ၈ခ/. . ၈စ/. . . (ယာဉ်မောင်းထွက်ပြေး) ကားနှစ်စီးသာ ဖမ်းဆီးရမိပြီး စခန်းသို့ ကသရယာဉ်မောင်းများက မောင်းယူလာခဲ့ပြီး အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ၈ခ/. . ယာဉ်ပေါ်တွင် ကားပစ္စည်းမျိုးစုံ၊ အဝတ်အထည်ကာလတန်ဖိုးငွေကျပ် ၁၁၂၀၂၀၀၀၊ ကားတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ ဖြင့် ပိုင်ရှင်မဲ့အမှုဖွင့်အရေးယူထားပြီးချိန်၌ ပျောက်ဆုံးနေသော ကားတစ်စီးကို ထပ်မံတွေ့ရှိထားကြောင်း သတင်းရရှိသည်။

**အရေးယူ**

ထို့ကြောင့် ည ၈ နာရီခန့်တွင် ဖက္ကလိပ်-ပုဂံကျေးရွာသွား ရွာချင်းဆက်လမ်း၌ တောင်ယာတဲတစ်ခုတွင် ကောက်ရိုးများဖြင့် ဖုံးအုပ်သိုဝှက်ထားသော ၈ည/. . ယာဉ်ကို ထပ်မံသိမ်းဆည်းရမိခဲ့၍ စခန်းသို့ မောင်းယူခဲ့ပြီး ယာဉ်ပေါ်ပါပစ္စည်းများကို အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးရာ **(အောက်ပုံ)** ကားပစ္စည်း ၃၁ မျိုး၊ အပ်ချုပ်စက်နှစ်လုံး၊ လျှပ်စစ်ပစ္စည်း တစ်မျိုး ကာလတန်ဖိုးငွေကျပ် ၄၆၄၈၆၈၀၀၊ ကားတန်ဖိုးငွေ ၁၀၀၀၀၀၀၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းပြီး အမှုဖွင့်အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **ဘုန်းသော်(ဝေါ)**





ပြည်တွင်းသတင်း

# ကျောင်းရေစက်ချပွဲနှင့် သာသနာ့နုဂ္ဂဟအသင်းဝင်ကတ်ပြားများပေးအပ်

**နမ့်ခမ်း မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ပန်ဆေးတောင်ပေါ်ဒေသတွင် သန္တိထေရဝါဒ သာသနာပြုကျောင်းသစ်ဖွင့်ပွဲ၊ ရေစက်ချပွဲနှင့် သာသနာ့နုဂ္ဂဟအသင်းဝင် ကတ်ပြားပေးအပ်ပွဲကို မေ ၅ ရက်က ပန်ဆေးရွာ ထေရဝါဒသာသနာပြုကျောင်း၌ ကျင်းပရာ သာသနနာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်အစိုးရဝန်ကြီးများ၊ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခိုလုံလီရွာယဉ်ကျေးမှုဥက္ကဋ္ဌ ဦးကျော်မြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင် ဝမ်လီကုမ္ပဏီမိသားစုနှင့် အလှူရှင်များ၊ သာသနာ့နုဂ္ဂဟအဖွဲ့ဝင် ကတ်ပြားများ လက်ခံကြမည့် နမ့်ခမ်းမြို့နယ် ပန်ဆေးဒေသနှင့် ကချင်ပြည်နယ် မန်စီမြို့နယ်၊ မန့်ဝိန်းကြီးဒေသမှ ခိုလုံလီရွာနှင့် တိုင်းရင်းသား တိုင်းရင်းသူများ စုံညီစွာတက်ရောက်ကြသည်။

"ဒီပန်ဆေးဒေသဟာ ပေ ၆၀၀၀ ကျော်မြင့်တဲ့ တောင်ပေါ်ဒေသပါ။ အခုတော့ သစ်တောနဲ့ တောင်ယာစိုက်ခင်းတွေနဲ့ မြင်တဲ့အတိုင်း စိမ်းစိုနေပါတယ်။ နောက်ပြီး သာသနာတော်အတွက် ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းလိုက်တော့ ရဟန်းသံဃာတွေလည်း သီတင်းသုံးနိုင်ပြီး ဒေသအတွက် ပိုပြီးသာသနာပွင့်လန်းလာမှာပါ။ နောက် စေတီတော်တစ်ဆူနဲ့ သိမ်ကျောင်းတစ်ဆောင်လည်း ဆောက်လုပ်လှူဒါန်းမယ့် အလှူရှင်တွေရှိနေပါပြီ"ဟု အခမ်းအနားမှူး ဦးညွန့်ကြည်က ပြောပြသည်။ **(ယာပုံ)**

ယခုလှူဒါန်းသော သန္တိထေရဝါဒ သာသနာပြုကျောင်းကြီးမှာ ခိုလုံလီရွာယဉ်ကျေးမှုဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဇနီး ဒေါ်ဝင်းမြင့် မိသားစုတို့က မတည်လှူဒါန်းခဲ့ခြင်းဖြစ်ကာ ခိုလုံလီရွာတိုင်းရင်းသား ၁၂၈ ဦးကိုလည်း ရှင်ပြုရဟန်းခံမင်္ဂလာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**



# မန္တလေးစိန်တစ်လုံး ရန်ကုန်၌ ဈေးကောင်းရ

**သတင်း-မောင်နွေသစ်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံတွင် မိုးဦးလေဦး ကျလာသည်နှင့်အမျှ သရက်သီးများ ဖြိုင်ဖြိုင်ထွက်ရှိလာကြသည်။ စိန်တစ်လုံး၊ မချစ်စုနှင့် ရင်ကွဲသရက်သီးများ ဈေးကွက်သို့ အများဆုံးရောက်ရှိလာသည်။ ရန်ကုန်ဈေးကွက်သို့ မန္တလေး စိန်တစ်လုံးသရက်သီးများ အလုံးအရင်းဖြင့် ဝင်ရောက်လာသည်။ သရက်သီးဆိုင်အများစုတွင် စိန်တစ်လုံးသရက်သီးများ ရောင်းချလျက်ရှိသည်။ **(ဝဲပုံ)**



"ကျွန်မတို့ စိန်တစ်လုံးသရက်သီး တစ်လုံး(အလုံးအကြီး)ကို ငွေကျပ် ၄၀၀ ကနေ ၅၀၀ အထိ ရောင်းပါတယ်။ အလုံးသေးရင်တော့ သုံးလုံး ငွေကျပ် ၁၀၀၀ နဲ့ ရောင်းပါတယ်"ဟု တာမွေ သရက်သီးအရောင်းဆိုင်မှ ဒေါ်ခင်နုက ပြောပြသည်။

"စိန်တစ်လုံးသရက်က တရုတ်ပြည် ဈေးကွက်ပို့နေတာဆိုတော့ ဈေးကတော့မသေးပါဘူး။ သူက အနံ့မွှေးသလောက် အရသာလည်း အလွန်ကောင်းတဲ့သရက်ပါ။ စိန်တစ်လုံးစားပြီးရင် တခြားသရက်သီးတွေ အရသာမတွေ့ဖြစ်တတ်တယ်။ အမှန်ကတော့ စိန်တစ်လုံးရဲ့ အရသာကို ဘယ်သရက်သီးမှ လိုက်မမီသေးပါဘူး။ ဒါကြောင့် စိန်တစ်လုံးဆိုတဲ့ နာမည်နဲ့လိုက်အောင် တန်ဖိုးလည်းကြီးတယ်၊ အရသာလည်း ကောင်းပါတယ်"ဟု ဒေါ်ခင်နုက ပြောပြသည်။

စိန်တစ်လုံးသရက်ကို မြန်မာနိုင်ငံတွင် အဓိကအားဖြင့် မန္တလေးတိုင်းဒေသကြီး တစ်ဝိုက်တွင် စိုက်ပျိုးလျက်ရှိသည်။ အထူးသဖြင့် ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်များသည် စိန်တစ်လုံးနှင့် ရွှေဟင်္သာသရက်သီးများ အများဆုံးထွက်ရှိပြီး တရုတ်ပြည်ဈေးကွက်နှင့် ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိသည်။

မကြာသေးသည့်နှစ်များက စိန်တစ်လုံးသရက်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ပုပ္ပား စသည်တို့တွင် အများအပြား စိုက်ပျိုးထွက်ရှိလာကြသည်။ ကျောက်ဆည်နှင့် စဉ့်ကိုင်ဒေသများတွင် စိန်တစ်လုံးနှင့် ရွှေဟင်္သာသရက်မျိုးများကို မူလမျိုးမကောင်းသည့် သရက်ပင်များကို ပင်စည်မှဖြတ်၍ မျိုးပြောင်းလဲစိုက်ပျိုးကြသည်။ စိုက်နည်းမှာမျိုးမကောင်းသည့် သရက်ပင်များကို လူတစ်ရပ်ခန့်ကျော်ကျော်မှ ပင်စည်ပိုင်းကို ခုတ်လှဲလိုက်ပြီး ယင်းသို့ ခုတ်လှဲရာမှ ထွက်ရှိလာသော သရက်ကိုင်းအတက်များနှင့် စိန်တစ်လုံးသို့မဟုတ် ရွှေဟင်္သာသရက်မျိုးကိုင်းများကို ကိုင်းကူးကိုင်းဆက် စိုက်ပျိုးခြင်းဖြစ်သည်။ နှစ်နှစ်သုံးနှစ်အတွင်း ယင်းအပင်မှ သရက်သီးများထွက်ရှိလာမည်ဖြစ်သည်။ ထိုနည်းအတိုင်း မျိုးပြောင်းလဲထုတ်လုပ်လာကြသည်။ ထို့ကြောင့် ယခုအခါ သရက်သီးဈေးကွက်အတွင်း စိန်တစ်လုံးသရက်များ ပုံမှန်ဝင်ရောက်လာသည်။ မကြာမီ မြန်မာ့သရက်သီးဈေးကွက်အတွင်း စိန်တစ်လုံးသရက်များ ပေါများလာတော့မည်ဖြစ်သည်။ ယခုအခါ စိန်တစ်လုံးသရက်ကို တရုတ်နိုင်ငံအပြင် အခြားသော ပြည်ပနိုင်ငံများသို့ ထိုးဖောက်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။


## ပဋ္ဌမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ ( EPS-TOPIK)ကျင်းပမည့် စာစစ်ဌာန၊ နေ့ရက်၊ အချိန် ထုတ်ပြန်ကြေညာချက်

၁။ စာမေးပွဲဖြေဆိုရမည့်စာစစ်ဌာန
(က) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရွှေပြည်သာမြို့နယ်
(ခ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ လှိုင်သာယာမြို့နယ်
၂။ စာမေးပွဲဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ လူဦးရေ၊ ခုံနံပါတ်နှင့်နေရာ

| စဉ် | နေ့ရက် | အချိန် | | ဦးရေ | ဖြေဆိုရမည့်ခုံနံပါတ်နှင့်နေရာ |
|---|---|---|---|---|---|
| ၁။ | ၁၈-၅-၂၀၁၃ (စနေနေ့) နံနက်ပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၉း၀၀နာရီမှ ၁၀း၀၀နာရီထိ | ၁၄၀၀ဦး | ၁၀၀၀၀၀၀၁မှ၁၀၀၀၁၄၀၅ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၀း၀၀နာရီမှ ၁၁း၁၀နာရီထိ | ၆၄၀ဦး | ၁၀၀၀၁၄၀၆ မှ ၁၀၀၀၂၀၄၆ထိ=W.Y.T.U |
| ၂။ | ၁၈-၅-၂၀၁၃ (စနေနေ့) မွန်းလွဲပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၁၃း၃၀နာရီမှ ၁၄း၃၀နာရီထိ | ၁၄၀၀ဦး | ၁၀၀၀၂၀၄၇ မှ ၁၀၀၀၃၄၅၀ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၄း၃၀နာရီမှ ၁၅း၄၀နာရီထိ | ၆၄၀ဦး | ၁၀၀၀၃၄၅၁ မှ ၁၀၀၀၄၀၉၁ထိ=W.Y.T.U |
| ၃။ | ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက်ပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၉း၀၀နာရီမှ ၁၀း၀၀နာရီထိ | ၁၄၀၀ဦး | ၁၀၀၀၄၀၉၂ မှ ၁၀၀၀၅၄၉၄ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၀း၀၀နာရီမှ ၁၁း၁၀နာရီထိ | ၆၄၀ဦး | ၁၀၀၀၅၄၉၅ မှ ၁၀၀၀၆၁၃၆ထိ=W.Y.T.U |
| ၄။ | ၁၉-၅-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း | ရှင်းလင်းဆွေးနွေးချိန် | ၁၃း၃၀နာရီမှ ၁၄း၃၀နာရီထိ | ၁၄၀၀ဦး | ၁၀၀၀၆၁၃၇မှ၁၀၀၀၇၅၃၆ထိ=U.C.S.Y |
| | | ဖြေဆိုချိန် | ၁၄း၃၀နာရီမှ ၁၅း၄၀နာရီထိ | ၆၃၆ဦး | ၁၀၀၀၇၅၃၇မှ ၁၀၀၀၈၂၂၄ထိ=W.Y.T.U |

**မှတ်ချက်** (၁) ယှဉ်တွဲပါခုံနံပါတ်များအလိုက် သတ်မှတ်ထားသည့်တက္ကသိုလ်များတွင်သာ ဖြေဆိုရပါမည်။
(၂) သတ်မှတ်ချက်နှင့်မကိုက်ညီ၍ စာမေးပွဲဖြေဆိုခွင့်မရှိသည့် လျှောက်လွှာနံပါတ် ၁၀၀၀၃၀၈၀၊ ၁၀၀၀၃၂၈၇၊ ၁၀၀၀၄၀၆၅ တို့ဖြစ်ပါသည်။
(၃) စာမေးပွဲဖြေဆိုခွင့်မရှိသူသုံးဦးစလုံး၏ လျှောက်လွှာကြေးများအား အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၌ တစ်လအတွင်း အမြန်ဆုံးပြန်လည်ထုတ်ယူရန် အသိပေးအပ်ပါသည်။
(၄) U.C.S.Y = ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ရွှေပြည်သာမြို့နယ်)
W.Y.T.U = ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာမြို့နယ်)

**ဖြေဆိုသူများသတိပြုလိုက်နာရန်-**

(၁) စာမေးပွဲဖြေဆိုမည့်သူများအား ရှင်းလင်းဆွေးနွေးပညာပေးခြင်းရှိပါသဖြင့် နံနက်ပိုင်းတွင် ဖြေဆိုမည့်သူများသည် နံနက် ၉း၀၀နာရီတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင်ဖြေဆိုမည့်သူများသည် မွန်းလွဲ ၁၃း၃၀နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းသို့ ဝင်ရောက်နေရာယူပြီးဖြစ်ရမည်။ ဤသတ်မှတ်ချိန်ထက်နောက်ကျပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

(၂) လျှောက်လွှာနံပါတ်(စာမေးပွဲခုံနံပါတ်)အလိုက် ဖြေဆိုရမည့်အခန်းနံပါတ်များကို ဖြေဆိုမည့်ရက်တွင် ကြေညာထားပါမည်။ မိမိဖြေဆိုရမည့်စာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်ကို ဂရုတစိုက်ကြည့်ရှုမှတ်သားပါ။ သတ်မှတ်ထားရှိသော စာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်၌သာ ဖြေဆိုခွင့်ပြုပါမည်။

(၃) စာမေးပွဲဖြေဆိုမည့်နေ့ရက်တွင် စာမေးပွဲမေးခွန်းလွှာနှင့် အဖြေလွှာကို တစ်ဦးလျှင် တစ်စုံသာလက်ခံရရှိမည်ဖြစ်ပြီး စာမေးပွဲအဖြေလွှာပေါ်တွင် ဖြေဆိုသူ၏အမည်၊ စာမေးပွဲဖြေဆိုခွင့်နံပါတ်၊ မေးခွန်းအမျိုးအစားများအား ပုံနှိပ်ထားရှိပြီးဖြစ်ပါသည်။

-ဖြေဆိုသူသည် စာမေးပွဲဖြေဆိုလွှာလက်ခံရရှိသည်နှင့် မိမိ၏အမည်နှင့် စာမေးပွဲဖြေဆိုခွင့်နံပါတ်အား စစ်ဆေးပြီး မေးခွန်းအမျိုးအစား (A.B.C.D)စသည်တို့ရှိရာ အဖြေလွှာပေါ်တွင် ဖော်ပြပါရှိသော မေးခွန်းအမျိုးအစားသည် (ဥပမာ A ဖြစ်ပါက) မေးခွန်း A ကို လက်ခံရယူဖြေဆိုရမည်ဖြစ်ပါသည်။

-မေးခွန်းလွှာနှင့် အဖြေလွှာအမျိုးအစား မှားယွင်းစွာဖြေဆိုမိ၍ ဖြစ်ပေါ်လာသည့် ပြဿနာအဝဝသည် ကာယကံရှင်၏ တာဝန်သာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ခံရရှိသော မေးခွန်းလွှာအမျိုးအစားနှင့် အဖြေလွှာအမျိုးအစား တူညီမှုရှိမရှိကို စာမေးပွဲစတင်မဖြေဆိုမီ အထူးသတိပြုစစ်ဆေးရပါမည်။

(၄) စာမေးပွဲဖြေဆိုသူများသည် သတ်မှတ်ထားသည့်နေရာ၊ နေ့ရက်နှင့်အချိန်မှလွဲ၍ အခြားနေရာ၊ နေ့ရက်၊ အချိန်တို့တွင် ပြောင်းရွှေ့ဖြေဆိုခွင့်မပြုပါ။

(၅) စာမေးပွဲဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ နိုင်ငံကူး လက်မှတ်မူရင်း ယူဆောင်လာရမည်။ စာမေးပွဲဖြေဆိုချိန်တွင် ဖြေဆိုသူတစ်ဦးစီအား စာမေးပွဲအခန်းကြီးကြပ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံ လူ့စွမ်းအားဖွံ့ဖြိုးရေးအဖွဲ့တို့မှ သက်သေခံကတ်ပြားများကို စစ်ဆေးပါမည်။ နိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မယူဆောင်လာပါက စာမေးပွဲဖြေဆိုခွင့်မပြုပါ။

(၆) စာမေးပွဲဖြေဆိုမည့်ရက်တွင် ဖြေဆိုသူတစ်ဦးစီကို စာမေးပွဲမေးခွန်းတစ်စုံနှင့် လျှောက်ထားသူ၏ အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်ပါရှိသော အဖြေလွှာကို ဖြန့်ဝေပါမည်။ လျှောက်ထားသူသည် စာမေးပွဲမဖြေဆိုမီ အဖြေလွှာပေါ်တွင်ပုံနှိပ်ထားသော မိမိ၏အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲ ခုံနံပါတ်တို့ကို စစ်ဆေးရပါမည်။ စာမေးပွဲအဖြေလွှာပေါ်တွင် ဖြည့်သွင်းထားသော အချက်အလက်များသည် မိမိ၏နိုင်ငံကူးလက်မှတ်တွင်ပါရှိသည့်အချက်အလက်များနှင့် ကွဲလွဲပါက တစ်ပါတည်းပြင်ဆင်သွားရန်နှင့် နောင်တွင် စာမေးပွဲအောင်လက်မှတ်နှင့် အချက်အလက်များကွဲလွဲမှုကြောင့် ပေါ်ပေါက်လာမည့်အခက်အခဲများအား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(၇) ဖြေဆိုသူတစ်ဦးလျှင် အဖြေလွှာတစ်စောင်ကိုသာ ထုတ်ပေးမည်ဖြစ်ပြီး အဖြေလွှာပေါ်တွင် ပြင်ဆင်ခြင်း၊ ဖျက်ခြင်းပြုလုပ်ပါက မှားယွင်းသောအဖြေလွှာအဖြစ် သတ်မှတ်မည်။ အဖြေလွှာပေါ်တွင် မှင်ဖျက်အရည်၊ တိတ်များဖြင့်ဖျက်ခြင်းများရှိပါက မှားယွင်းသော အဖြေလွှာအဖြစ် သတ်မှတ်မည်။

(၈) အဖြေလွှာပေါ်တွင် အနက်ရောင်ကွန်ပျူတာဆော့ပင် (Felt tip pen)သို့ အနက်ရောင် ဘောလ်ပင်ကိုသာသုံးရမည်။ ခဲတံ၊ အခြားသော ဘောလ်ပင်အရောင်များကိုသုံးပါက မှားယွင်းသောအဖြေလွှာအဖြစ် သတ်မှတ်မည်။

(၉) စာမေးပွဲဖြေဆိုချိန်မပြီးမီ စာမေးပွဲခန်းမအတွင်းမှ ထွက်ခွာခြင်းနှင့်သန့်စင်ခန်းသွားခြင်း ခွင့်မပြုပါ။ ဖြေဆိုချိန်အတွင်း အခန်းအပြင်သို့ ထွက်ခွာပါက မမှန်မကန်ဖြေဆိုသူအဖြစ် သတ်မှတ်မည်။

(၁၀) စာမေးပွဲဖြေဆိုမည့်သူများသည် လက်ကိုင်ဖုန်း၊ အခြားသောလျှပ်စစ်သုံးကိရိယာ၊ ဆက်သွယ်ရေးကိရိယာများကို စာမေးပွဲဖြေဆိုရာတွင် ယူဆောင်လာခွင့်မပြုပါ။ စာမေးပွဲဖြေဆိုချိန်တွင် အဆိုပါစက်ကိရိယာများအား အသုံးပြုခြင်း၊ ယူဆောင်ထားခြင်းတွေ့ရှိပါက လိမ်လည်ဖြေဆိုသူအဖြစ် သတ်မှတ်မည်။

(၁၁) စာမေးပွဲဖြေဆိုသူသည် မမှန်ကန်သည့်အပြုအမူများဆောင်ရွက်ခဲ့လျှင် စာမေးပွဲဖြေဆိုမှုအား ရပ်ဆိုင်း၍ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်အားနှစ်နှစ် ပိတ်ပင်ခြင်းခံရမည်။ စာမေးပွဲဖြေဆိုရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မည်။

**စာမေးပွဲနှင့်ပတ်သက်၍ သိလိုသောအချက်များရှိပါက အောက်ပါဖုန်းများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။**

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၁၁၉၈**

# သရဲခြောက်သည့်အိမ်ကောလာဟလကြောင့် ကြည့်ရှုသူများပြား

**ဒလ မေ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ နေအိမ်တစ်အိမ်၌ မေ ၁ ရက်မှစတင်၍ သရဲခြောက်သောအိမ်အဖြစ် နာမည်ကြီးခဲ့သည်။ အဆိုပါ နေအိမ်တွင် ပိုင်ရှင်ကိုယ်တိုင်နေထိုင်ခြင်းမပြုဘဲ လူငှားတင်ထားပြီး ထိုလူငှားမိသားစုတွင် မိသားစုဝင်ငါးဦးရှိသည်။ ထိုမိသားစုထဲတွင် ရပ်ကွက်အခေါ် ဘုတ်ဆုံဟုခေါ်သော ဆယ်ကျော်သက် အမျိုးသမီးလေးပါဝင်ပြီး ထိုအမျိုးသမီးသည် မေ ၁ ရက်ကတည်းက စတင်ကာ မည်သည့်အကြောင်းကြောင့်မသိရဘဲ သရဲဝင်ပူးသကဲ့သို့ အမူအရာများပြောင်းလဲသွားသည်ကိုမြင်တွေ့ကြရသည်ဟုဆိုသည်။

ထိုအရာကို အိမ်သားများနှင့် ရပ်ကွက်နေပြည်သူများက သရဲဝင်ပူးသည်ဆိုကာ ဗိန္ဒောဆရာနှင့်ပြကာ သရဲနှင်ထုတ်ကြသည်။ အထက်ပါအကြောင်းအရာကို မြို့နေပြည်သူအချို့က ချဲ့ကားပြောဆိုကျယ်ပြန့်လာခဲ့ပြီး ကောလာဟလများ ထုတ်လွှင့်ခဲ့ကြသည်။ ကောလာဟလများမှာ သရဲသည် အဆိုပါ အမျိုးသမီးငယ်လေးကို ပိုးပန်းပြီး ခြင်ထောင်ထောင်ပေးကြောင်း၊ ရေချိုးလျှင် တဘက်ယူပေးကြောင်း၊ သနပ်ခါးသွေးပေးကြောင်း အစရှိသည်ဖြင့် အမျိုးမျိုး ပြောဆိုကြသည်။ ထိုကောလာဟလများကြောင့် မြို့တွင်းမှာသာမက ရွာနီးချုပ်စပ်ကပါ အဆိုပါအိမ်ကို လာရောက်ကြည့်ရှုသူများပြားလာခဲ့သည်။ ထိုရပ်ကွက်မှ ဆယ်အိမ်မှူး၏ ပြောစကားအရ ည ၇ နာရီခန့်မှစတင်၍ တစ်ရက်လျှင်လူ ၂၀၀မှ ၃၀၀ ဝန်းကျင်ခန့် လာရောက်ကြည့်ရှု၍ တစ်ယောက်တစ်မျိုးပြောဆိုကြကြောင်း၊ ထိုလူစုလူဝေးကိုအကြောင်းပြု၍ မသမာသူများက အခြားသော လုံခြုံဆော်သွေးထိုးမှုများ မဖြစ်ပေါ်နိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူးရဲမှူးကြီး ဦးစိုးလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း အပါအဝင် ရဲတပ်ဖွဲ့ဝင် ၂၀ ခန့်သည် မေ ၃ ရက်မှစတင်ကာ လာရောက်ဖြေရှင်း လူစုခွဲခဲ့ကြရကြောင်း သိရသည်။ လုံခြုံရေးအရ တပ်ဖွဲ့ဝင်များက သုံးရက်တိုင်တိုင် စောင့်ရှောက်ပေးခဲ့သည်။ ထိုအကြောင်းအရာများကြောင့် အိမ်ငှားနေသူများသည် မေ ၅ ရက်တွင် အိမ်ပြောင်းသွားခဲ့သည်။ အိမ်နားတွင် နေထိုင်သူတစ်ဦး၏ ပြောပြချက်အရ အဆိုပါ လာရောက်ကြည့်ရှုသူများကြောင့်အိပ်ရေးပျက်ရကြောင်း၊ တမင်နာမည်ကြီးအောင် ချဲ့ကားပြောဆိုကြကြောင်း၊အိမ်ငှားများပြောင်းသွားသောကြောင့် လာရောက်ကြည့်ရှုသူ အနည်းငယ်သာရှိတော့ကြောင်း သိရသည်။ အဆိုပါအိမ်ကို လောလောဆယ် ပိတ်ထားပြီး လာရောက်ကြည့်သူ မရှိသလောက် နည်းပါးသွားကြောင်း သိရသည်။

**မိုးမိုးသူ**



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

**ရန်ကုန် မေ ၈**

## ရွှေဈေး

| | | |
|---|---|---|
| အကယ်ဒမီအခေါက်ရွှေ | တစ်ကျပ်သား | ၇၁၁၀၀၀ |
| ၁၅ပဲရည်(အောင်သမာဓိ) | တစ်ကျပ်သား | ၆၆၈၂၀၀ |

(ရွှေလုပ်ငန်းရှင်အသင်း)

## နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၀၂ ကျပ် |
| ဥရောပ | တစ်ယူရို | ၁၁၈၀ ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၃၃ ကျပ် |
| ထိုင်း | တစ်ဘတ် | ၂၈ ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆ ကျပ် |
| တရုတ် | တစ်ယွမ် | ၁၃၇ ကျပ် |
| မလေးရှား | ရင်းဂစ် | ၂၇၇ ကျပ် |

(သိမ်ဖြူငွေလဲကောင်တာ)

## စက်သုံးဆီဈေးနှုန်းများ

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၇၀ ကျပ် |

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

## သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၂၆၀၀ - ၃၅၀၀ ကျပ် |
| ၂။ | ငါးသလောက် | တစ်ပိဿာ | ၆၈၀၀ -၁၈၀၀၀ ကျပ် |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၃၂၀၀ - ၆၀၀၀ ကျပ် |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၄၈၀၀ - ၉၀၀၀ ကျပ် |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၃၅၀၀ - ၈၀၀၀ ကျပ် |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀ -၃၀၀၀၀ ကျပ် |
| ၇။ | တီလားဗီးယား | တစ်ပိဿာ | ၁၅၀၀ - ၂၀၀၀ ကျပ် |
| ၈။ | ကြက် | တစ်ပိဿာ | ၃၀၀၀ - ၉၀၀၀ ကျပ် |
| ၉။ | ဝက် | တစ်ပိဿာ | ၃၅၀၀ - ၈၀၀၀ ကျပ် |
| ၁၀။ | အမဲ | တစ်ပိဿာ | ၃၀၀၀ - ၆၀၀၀ ကျပ် |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀ -၁၅၀၀၀ ကျပ် |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၃၀၀၀ - ၇၅၀၀ ကျပ် |

**ခင်ရတနာ-စုစည်းသည်**

## ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၆၅၀၀-၁၇၀၀၀ |
| ၂။ | ပေါ်ကျွဲ | တစ်အိတ် | ၁၉၅၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၂၀၀၀-၂၈၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၄၂၀ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၄၁၀-၄၃၅ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၈၀၀ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၅၅၀-၁၆၀၀ |
| ၉။ | ဟဲဟိုးအာလူး | တစ်ပိဿာ | ၄၈၀-၆၃၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၁၇၀၀-၁၇၂၅ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၄၀၀၀-၄၇၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၈၅၀-၉၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်**

# Offshore MBA Program Batch-2 ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် The University of Thai Chamber of Commerce (UTCC)တို့၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ Offshore MBA Program Batch-2 ဖွင့်ပွဲ အခမ်းအနားကို မေ ၄ ရက် ည ၇ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီး ဒေါ်ခိုင်ခိုင်နွယ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် Dr.Jakarin Srimoon, Dean of International College, University of Thai Chamber of Commerce (UTCC)တို့ကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် MBA Batch-1 မှ သင်တန်းသားခေါင်းဆောင်ကိုမြတ်ထူးနှင့် 2nd Batch မှ သင်တန်းသူ Ms. Yup Seng Ing တို့က ကျေးဇူးတင်စကားပြောကြားသည်။ Offshore MBA Program Batch-2 သို့ သင်တန်းသား စုစုပေါင်း ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်နှစ်ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။

**အောင်သူရ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနိုရင်း၏T.K.A.091705 သည် နိုင်ငံကူးလက်မှတ် No.999234 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၅၀၁၇၄၇**




## သူရ-၆၃ မှ သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) သူရတပ်ခွဲ၏ (၃၁)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အတွက် ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန် ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းနှင့် ဂေါက်သီးကစားခြင်းများကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး ပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

- (က) ၂၉-၅-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) ၉း၃၀ နာရီတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါမည်။
- (ခ) ၁-၆-၂၀၁၃ ရက်(စနေနေ့) ၁၈း၃၀ နာရီတွင် ဟိုတယ်ရန်ကုန်၌ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်းနှင့် မိတ်ဆုံညစာစားခြင်း ပြုလုပ်ပါမည်။
- (ဂ) ၂၆-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့) ၁၃း၀၀ နာရီတွင် တပ်မတော်ဂေါက်ကွင်း၌ ဂေါက်သီးကစားပါမည်။

၂။ အစီအစဉ်အသေးစိတ်မေးမြန်းနိုင်ရန် လိပ်စာအပြောင်းအလဲများနှင့် ၂၀၁၂ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်သော သားသမီးများ၏ အမည်စာရင်းပေးပို့နိုင်ရန်၊ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဖုန်း ၀၉-၅၃၂၁၉၁၉၊ ၀၉-၅၀၁၉၅၀၀၊ ၀၉-၅၀၄၂၄၃၈၊ ၀၉-၅၀၀၆၉၅၇၊ ၀၉-၆၈၀၁၀၈၃ တို့သို့ ဆက်သွယ်ကြပါရန်။

**သူရ(၆၃)ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂၊မန္တလာ၊ ဦးပိုင်အမှတ်(၃၈ က)၊ ဧရိယာ ၀ ဒသမ ၂၇၅ ဧက ဒေါ်ခင်မာထွေးအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အမည် ဦးမြင့်စိန် (အထွေထွေလွှဲစာရသူ) ၉/မထလ(နိုင်) ၁၄၄၃၆၉ အဘ ဦးစံခင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀ ၊ အမှတ် ၂၅၉/၂၆၃၊ အခန်း အမှတ် B-1 ၊ ပထမထပ်ယာ (၁၂ ၁/၂×၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်ထားဆွေ ၈/မကန(နိုင်) ၀၀၁၃၉၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နီနီအောင်**
**၁၂/ကမရ(နိုင်)၀၁၄၂၂၅**
**အမှတ်-က၊ အခန်း(၃)၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာ၊**
**၅-ထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀၉၇၉၀၆**



## နိုင်ငံတကာအားကစားသတင်း

# ကမ္ဘာ့ထိပ်တန်းကလပ်အဖြစ် ရပ်တည်နေတဲ့ ဘာစီလိုနာ



စပိန်ထိပ်တန်းကလပ် ဘာစီလိုနာအသင်းဟာ ကမ္ဘာ့အကောင်းဆုံးကလပ်ဘောလုံးအသင်းအဖြစ် ရပ်တည်နေဆဲဖြစ်တယ်လို့ ဘာစီလိုနာနည်းပြ ဗီလာနိုဗာက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး မရှုမလှရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်တွေကြောင့် ကမ္ဘာ့ပရိသတ်တွေရဲ့ ဝေဖန်ပြစ်တင်မှုတွေကို ဘာစီလိုနာနည်းပြက တုံ့ပြန်ချေပပြောကြားလိုက်ခြင်းပဲဖြစ်ပါတယ်။

ဘာစီလိုနာဟာ ချန်ပီယံလိဂ်ပွဲစဉ်တစ်လျှောက်မှာ ခြေစွမ်းပြခဲ့တဲ့ အသင်းဖြစ်သလို ဒီနှစ်ဘောလုံးရာသီရဲ့ ပြိုင်ပွဲအရပ်ရပ်မှာ နိုင်ပွဲများစွာ ရရှိအောင်ကစားနိုင်ခဲ့တဲ့အသင်း ဖြစ်တယ်လို့လည်း ဗီလာနိုဗာက ပြောကြားနေပါတယ်။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွေကစားချိန်မှာ အဓိကကစားသမားတွေဖြစ်တဲ့ မက်ဆီ၊ ပူယိုးလ်နဲ့ မာရှေယာနိုတို့ ဒဏ်ရာတွေကြောင့် မပါဝင်နိုင်ခဲ့တာလည်း ထိခိုက်မှုတစ်ရပ်ပါပဲလို့ ဆိုပါတယ်။

ဒါပေမယ့် ဘာစီလိုနာအသင်းဟာ လာမယ့် ဘောလုံးရာသီအတွက်တော့ ကစားသမားအသစ်တွေခေါ်ယူဖြည့်ဆည်းဖို့ ရှိတယ်လို့ နည်းပြဗီလာနိုဗာက ပြောကြားနေပြီး အဓိကခေါ်ယူဖို့ ဦးစားပေးထားတာကတော့ ဘရာဇီးတိုက်စစ်မှူး နေမာနဲ့ စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်တို့ပဲဖြစ်တယ်လို့ ဆိုပါတယ်။

ဒါဟာ ဘာစီလိုနာရဲ့ ခြေစွမ်းပိုင်းကျဆင်းနေလို့မဟုတ်ဘဲ အားသစ်လောင်းခြင်းသာ ဖြစ်တယ်လို့ ဘာစီလိုနာအသင်းတာဝန်ရှိသူတွေက ပြောကြားနေပါတယ်။ လာမယ့် ဘောလုံးရာသီမှာ နေရာစုံအတွက် ကစားသမားအသစ်တွေ ခေါ်ယူဖို့ ရှိနေတယ်လို့ဆိုပါတယ်။ ဘာစီလိုနာဟာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ ကစားကွက်ထိန်းချုပ်ကစားတတ်တဲ့ အသင်းဖြစ်ပေမယ့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွေမှာတော့ အဲဒီခြေစွမ်းတွေ ထင်ထင်ရှားရှား မဖော်ထုတ်နိုင်ခဲ့တာမို့ ပရိသတ်တွေရဲ့ ဝေဖန်မှုတွေကို ခံနေရခြင်းဖြစ်ပါတယ်။

ဘာစီလိုနာဟာ ကမ္ဘာ့ထိပ်တန်းကလပ်အသင်းတစ်သင်း ဖြစ်သလို ငွေကြေးကြွယ်ဝချမ်းသာသူနဲ့ တန်

**မောင်ချစ်ကြည် ရေးသည်**

ကြေးအမြင့်ဆုံးအသင်းအဖြစ် လာမယ့် ဘောလုံးရာသီမှာရောက်ရှိမယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်နေပါတယ်။ လောလောဆယ်မှာတော့ ကမ္ဘာ့တန်ကြေးအမြင့်ဆုံး ဘောလုံးကလပ်ကတော့ ယူရို ၂ ဒသမ ၅၃၂ ဘီလီယံရှိတဲ့ ရီးရဲမက်ဒရစ်ပဲ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ နာမည်ကြီး ဖောဘီးစ်မဂ္ဂဇင်းရဲ့ ၂၀၁၃ ခုနှစ် ကမ္ဘာ့တန်ဖိုးအမြင့်ဆုံး ဘောလုံးကလပ်အသင်းတွေရဲ့ ငွေကြေးစာရင်းကိုကြည့်ရင် ဒုတိယနေရာမှ မန်ယူက ယူရို ၂ ဒသမ ၄၂၉ ဘီလီယံ၊ တတိယနေရာက ဘာစီလိုနာတို့ဖြစ်ပြီး ယူရို ၁ ဒသမ ၉၉၅ ဘီလီယံတို့ အသီးသီးရှိကြပါတယ်။

ဘိုင်ယန်မြူးနစ်တို့ကတော့ တန်ကြေးငွေ ၁ ဒသမ ၁၀၅ ဘီလီယံနဲ့ ပဉ္စမနေရာမှာ ရပ်တည်နေပါတယ်။ ဒါကြောင့် ငွေကြေးအရရော ခြေစွမ်းအပိုင်းပါ မကျဆင်းတဲ့ ဘာစီလိုနာတို့ကသာ ကမ္ဘာ့ထိပ်တန်းကလပ်အဖြစ်ရပ်တည်နေတာ ဖြစ်ပါတယ်။

## မန်စီးတီး ချန်ပီယံလိဂ် ဝင်ခွင့်သေချာ

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၆)လက်ကျန်ပွဲများအဖြစ် မန်စီးတီးနှင့် ဝက်စ်ဘရွန်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ရန် ခြေစစ်ပွဲအောင်အသင်း ဖြစ်သွားပြီဖြစ်သည်။ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော ဂိုးကို ဒီဇီကိုက ပွဲချိန် ၃၅မိနစ်တွင် ကားလို့စ်တီဗက်ဇ် ကန်သွင်းသည့် ဘောလုံးဘားတန်းထိပြန်ထွက်အလာ ၁၂ ကိုက်အကွာမှ မြေမကျဘဲ ကန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဝက်စ်ဘရွန်းမှ ရိုစင်ဘတ်ကန်သွင်းသည့် ဘောလုံးမှာ ဘားတန်းထိထွက်ခဲ့ရသည်။ မန်စီးတီးတို့ ယင်းပြိုင်ပွဲပြီးနောက် ချယ်လ်ဆီးအသင်းထက် အသာရပြီး ခြေစစ်ပွဲအောင် နေရာရရှိမည်ဖြစ်သည်။

## ပတ်ကွိုင်အောနှင့် ဘရန်ဒန် ထိုးသတ်မည်

ဖိလစ်ပိုင်လက်ဝှေ့အကျော် မန်နီပတ်ကွိုင်အောသည် ၁၁ လအကြာ အနားယူပြီးနောက် လာမည့် နိုဝင်ဘာ ၂၄ ရက်တွင် မကာအို၌ ဘရန်ဒန်ရီယောစ်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယခင်ဝိတ်တန်းချန်ပီယံ ခုနစ်ဆုရ ပတ်ကွိုင်အောသည် ကမ္ဘာ့အကောင်းဆုံးအလဲထိုး လက်ဝှေ့သမားဖြစ်ခဲ့သည်။ ၎င်းသည် ဒီဇင်ဘာက မန်နျူရယ်မားကွတ်ဇ်ကို ခြောက်ချီဖြင့် အလဲထိုးခဲ့သည်။ ၎င်းသည် ၂၀၁၂ခုနှစ် ဇွန်လတွင် တင်ဘရက်ဒလေကို ရှုံးပြီး ဒဗလျူဘီအေဝယ်တာဝိတ်တန်းချန်ပီယံခါးပတ်ကို ဆုံးရှုံးခဲ့ရသည်။ ပတ်ကွိုင်အောသည် အမေရိကန်တွင် မထိုးခြင်းမှာ အခွန်ရှောင်လွှဲလို၍ဖြစ်သည်။ စိန်ခေါ်သူ ဘရန်ဒန်ရီယောစ်မှာ ဒဗလျူဘီအေလိုက်ဝိတ်တန်းချန်ပီယံဟောင်းဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

## ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- လီဗာပူးအသင်းသည် ဘရာဇီးနောက်ခံကစားသမား ဒေါက်ကလပ်စ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူမည်ဖြစ်သည်။
- အသက် ၂၂ နှစ်အရွယ်ရှိ ပီတာဘရေ့တိုက်စစ်မှူး ဂေးလီသည်ကျူပီအာအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဆွမ်ဆီးကွင်းလယ်ကစားသမား ဘရစ်တန်သည် ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ကြိုးစားနေကြောင်း ပြောကြားသည်။
- ကျူပီအာအသင်းသည် ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့သော်လည်း ကစားသမားအသစ်ခေါ်ယူရန်မလိုကြောင်း နည်းပြရက်နက်က ပြောကြားသည်။
- အသက် ၂၆ နှစ်အရွယ်ရှိ ဗီလာတိုက်စစ်မှူး အဘွန်လဟောက ပထမဦးစားပေးပွဲထွက်ကစားသမားအဖြစ် ပုံမှန်ရလိုကြောင်း ပြောကြားသည်။
- မန်ယူတိုက်စစ်မှူး ဗန်ပါစီက လာမည့်ဘောလုံးရာသီတွင် နံပါတ် ၂၀ ဂျာစီအင်္ကျီကိုသာ ဆက်လက်ဝတ်ဆင်ကစားရန် ပရိသတ်များက တောင်းဆိုထားသည်။
- လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကို မန်ယူကခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီက လာမည့်ဘောလုံးရာသီတွင် ဂိုးအများဆုံးသွင်းယူနိုင်ရေးကြိုးစားသွားမည်ဟု ပြောကြားသည်။

SUCCESS Language Academy 202046 256954
Y.W.C.A 0949249463

Basic English Speaking
10-11:30 Mon-Thurs 13,20 May
1-2:30 Mon-Thurs 13,20 May
6-7:30 Mon-Thurs 13 May
7:30-9 Mon-Thurs 20 May

Four Skills English (Basic)
1-2:30 Mon-Thurs 13,27 May
10-11:30 Mon-Thurs 20,27 May
3:30-5 Mon-Thurs 20 May
7:30-10:30 Sat+Sun 25 May

Pre-Intermediate (4-Skill English)
10-11:30 Mon-Thurs 20 May
7:30-10:30 Sat+Sun 25 May

Intermediate (Academic English)
3:30-5 Mon-Thurs 3 Jun
3-5:00 Sat+Sun 16 Jun

Sat + Sun (9:30-11:30a.m.) June 8

Vocab Enrichment
7:30-9 Mon-Thurs 13 May
10-11:30 Mon-Thurs 20 May

Basic Grammar
3:30-5 Mon-Thurs 20 May
9:30-11:30 Sat+Sun 25 May

Basic Writing
9:30-11:30 Sat+Sun 25 May

Intermediate Writing
12:30-2:30 Sat+Sun 15 Jun

IELTS Four Skills
7:30-9:30 Mon-Thurs 20 May

IELTS Exam Practice
7:30-10:30 Sat+Sun 18 May

IELTS Speaking
1-2:30 Mon-Thurs 10 Jun

IELTS Reading
7:30-9:30 Mon-Thurs 3 Jun

IELTS Writing
3-5:00 Sat+Sun 6 July

Marlins English 4:30-7:30 (Sat+Sun) July 6




## ပြည်တွင်းသတင်း

# မူဆယ်မြို့၌တည်ထားသည့် မိကဒါမဟာစေတီတော်အတွက် ငွေလှူ

**မူဆယ် မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းကုန်းတော် အမှတ် (၁၁၂၇)တောင်ကုန်းပေါ်၌ ရွှေတိဂုံပုံတူစေတီ ဉာဏ်တော်အမြင့် ၁၀၈ တောင်ရှိသော "မိကဒါ"ဘွဲ့အမည်စေတီတော်မြတ်ကို တည်ထားကိုးကွယ်မည်ဖြစ်သဖြင့် ဩဝါဒါဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့်အဖွဲ့ဝင်များတက်ရောက်၍ အလှူငွေပေးလှူဒါန်းခြင်းအခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက လွယ်တိန်ခမ်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ စေတီတော်မြတ်တည်ထားကိုးကွယ်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်း အခမ်းအနားတွင် မြို့ခံလုပ်ငန်းရှင်များနှင့် စေတနာရှင်များ၏လှူဒါန်းငွေစုစုပေါင်း ၄၉၅ သိန်းရှိပြီး ဩဝါဒါဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

မူဆယ်မြို့ "မိကဒါ" မဟာစေတီတော်မြတ်တည်ထားကိုးကွယ်နိုင်ရေးအတွက် ဓမ္မမိတ်ဆွေများက အလှူတော်ငွေများနှင့် လိုအပ်သည်များကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **အယ်လ်စိုး** (iprd)



ကျောက်မဲမြို့အနီးရှိ တံခွန်တိုင်ကျေးရွာ ကံမိန်းဘုန်းတော်ကြီးကျောင်းတွင် ရှမ်းရိုးရာစုပေါင်းရှင်ပြုပွဲကို မေ ၆ ရက်က ကျင်းပရာ ရှင်လောင်းများ မြို့တွင်းသို့လှည့်လည်လာကြစဉ်။ မောင်မောင်(ကျောက်မဲ)

# အရန်မီးသတ်တပ်ဖွဲ့ အဆောက်အအုံသစ်ဖွင့်

**ပိန်းဇလုပ် မေ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့အဆောက်အအုံသစ်တည်ဆောက်ပြီးစီး၍ တည်ဆောက်မှုတွင် လှူဒါန်းခဲ့သော အလှူရှင်များ စုပေါင်းရေစက်ချပွဲအခမ်းအနားကို (၆၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မေ ၅ ရက် နံနက်က အဆိုပါ အရန်မီးသတ်အဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုးအုတ်ညှပ်၊ သွပ်မိုး၊ သစ်သားတိုင်နှစ်ထပ် အရန်မီးသတ်အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုနှင့်ပတ်သက်၍ အရန်မီးသတ်တပ်ဖွဲ့မှူး ဦးမျိုးလွင်က ရှင်းလင်းတင်ပြသည်။




ဆက်လက်၍ ပိန်းဇလုပ်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့မှူး ဦးမျိုးလွင်နှင့် တပ်ဖွဲ့ဝင်များသည် တက်ရောက်လာသော အလှူရှင်များနှင့် ကျေးရွာပြည်သူများအား မီးငြိမ်းသတ်မှုစွမ်းရည်သရုပ်ပြပွဲ အစီအစဉ်များကို အမျိုးအစားလိုက်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သိန်းညွန့်(ပိန်းဇလုပ်)**

# မြို့နယ် ဆင့်ပွားကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းသင်တန်း နတ်မောက်၌ဖွင့်မည်

**နတ်မောက် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းအထိမ်းအမှတ် အစိုးရအခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားရေး သင်တန်းကို ၂၀၁၃ ခုနှစ် မေ ၁၂ ရက်မှ ၂၃ရက်အထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်ငြိမ်းယုထံမှ သတင်းရရှိသည်။

အဆိုပါ သင်တန်းတွင် အခြေခံပညာ မူလတန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းပြ မူအဆင့်သင် ဆရာဆရာမများ၊ မူလတန်းပြဆရာ ဆရာမများအားလုံးနှင့် မြို့နယ်အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်းပြ ဆရာ ဆရာမများအားလုံး သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကာလ စားသောက်စရိတ်ကို ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ထောက်ပံ့၍ သင်တန်းတက်ရောက်ရန် မြို့နယ်ပညာရေးမှူးရုံးသို့ မေ ၁၁ ရက်အရောက် သတင်းပို့ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ပြောကြားသည်။ **နတ်မောက်သား**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါ၍ ၂၀၁၃ခုနှစ်တွင် အဋ္ဌမတန်းအောင်မြင်သော အသက်(၁၇)နှစ်အောက် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက AGTI ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၃။ (၂)နှစ်သင်တန်းကို ရိုးရိုးအဆင့်ဖြင့်အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း လေးလတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်ကြောင်းလက်မှတ် Certificate ရရှိပြီးပါက အစိုးရဌာနများတွင် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာဆက်လက်ဆည်းပူးလိုပါက ပထမနှစ်သင်တန်းအောင်မြင်ပြီး ဒုတိယနှစ်သင်တန်းအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

**ဖွင့်လှစ်မည့် သင်တန်းများ**

၄။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
(က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) လေအေးစက်နှင့် အအေးပေးစနစ် ပြုပြင်မွမ်းမံမှုနည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
(ဃ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း (Information Technology)

**သင်ကြားရမည့်ဘာသာရပ်များ**

၅။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) မြန်မာစာ | (င) ဓာတုဗေဒ |
| (ခ) အင်္ဂလိပ်စာ | (စ) ဘောဂဗေဒ |
| (ဂ) သင်္ချာ | (ဆ) မိမိသင်တန်း၏ အထူးပြုဘာသာရပ် |
| (ဃ) ရူပဗေဒ | (ဇ) ပုံဆွဲဘာသာရပ် |

**ကျောင်းအပ်စတင်လက်ခံမည့်ရက်** - ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)
**ကျောင်းစတင်ဖွင့်လှစ်မည့်ရက်** - ၃-၆-၂၀၁၃ရက် (တနင်္လာနေ့)
**ကျောင်းလက်ခံမည့်နောက်ဆုံးရက်** - ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့)

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရယူလျှောက်ထားနိုင်ပြီး ၇-၆-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ မိမိလျှောက်လွှာရယူထားသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## မဟာဝိဇ္ဇာသင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာ (အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းကို ၂၀၁၃ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဝိဇ္ဇာ (အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းတက်ရောက်ရန် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃။ ၂၀၁၃ ခုနှစ် မေ ၂၃ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့်ကြေညာချက်အပြည့်အစုံကို ရုံးချိန်အတွင်း မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၂-၃၂၃၃၀ (လိုင်းခွဲ-၈၁၆)၊ ၀၂-၇၇၂၇၄

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်မြို့သစ်၊ ဆဆ(၅)ရပ်ကွက်နေ
ဦးတင်မောင်ဝင်း-ဒေါ်ချိုချိုမြင့်တို့၏သားကြီး

**ဗိုလ်ကြီးဖြိုးမြင့်ကောင်း**

**B.Sc (Maths) D.S.A**

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ် ၅၂၄၊ ဂန္ဓမာလမ်း၊ ကျွန်းသာယာရပ်ကွက်နေ
ဦးကျော်အေး (ပဲခူးမြို့နယ်ပညာရေးမှူး-ငြိမ်း)-ဒေါ်မြရီတို့၏တူမ၊
ဦးဇော်ကြီး-ဒေါ်ခင်ဦးတို့၏သမီး

**မမေသူလင်း**

**B.Sc (Maths) အ.မ.က(ကျွန်းဦး)ပဲခူး**

တို့သည် ၂၆-၄-၂၀၁၃ရက် ပဲခူးမြို့နေအိမ်၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၉၂၉၆၊ Toyota Hilux Lu 85၊ P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူမြင့် ၁၂/ဥကပ (နိုင်)၀၂၃၈၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၇၉၈၅ Mitsubishi Fuso Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွဲဆိုင်မောင် ၁၃/မဆတ(နိုင်)၀၀၇၅၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၈၆၁၁၊ Pyi Shwe Bo L/T၊ P|U ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းယုံ ၁၃/တယန(နိုင်)၀၀၃၀၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၃၆၆၆၊ Toyota Crown JZS 175၊ SL(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီရှိန် ၁၂/လမန(နိုင်)၁၁၇၄၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၁၇၆၅ Sun Bo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမူစီလေး ၉/မကန(နိုင်)၀၁၀၃၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၉၉၄၄ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေဝင်း ၉/မရတ(နိုင်)၀၀၃၅၀၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးလောတာ ၁၃/တခလ (နိုင်)၀၂၅၉၅၉သည် တာချီလိတ်မြို့၊ မိုင်းကိုးကျေးရွာအုပ်စု၊ မယ်လိပါကော်ရွာနေ ဦးယာကုပ်ဆန်း ၁၃/တခလ(နိုင်)၀၀၉၈၄၁ ပိုင်ဆိုင်သော တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ယာမြေကုန်းတွင်ရှိသော ၀ဒသမ ၅ ဧကခန့်ရှိမြေကွက်အား ဦးယာကုပ်ဆန်းထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန် လျှောက်ထားရန်အတွက် ပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးလောတာ ၁၃/တခလ(နိုင်)၀၂၅၉၅၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၁၀၈၇၁၊ Honda-90၊ ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မြင့်ထွန်း ၈/စလန(နိုင်)၁၂၇၇၆၄က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

မခင်မာစန်း ၁၃/တကန(နိုင်) ၁၃၉၈၂၅သည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်ပါ၍ ၁၉-၄-၂၀၁၃ ရက်မှစ၍ သူနှင့်ပတ်သက်သောကိစ္စမှန်သမျှ တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါ။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးကျော်စိန်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ငွေကျပ် ၁၅၀၀ တန်ဖိုးနည်းဖုန်းကတ်များ ဖြန့်ဝေမှုနှင့်ပတ်သက်၍

မေလအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သော်လည်း ရန်ကုန်မြို့၌ မိုးသံလေသံများမကြားရသေးပါ။ သို့သော် ဒုတိယအကြိမ် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်းများ သတင်းကို မေ ၅ ရက်က ထပ်မံကြားလာရပြီဖြစ်သည်။

မိုးကိုမျှော်နေသော အပင်ထက်က ပိတောက်အဖူးများပမာ မိုးသံလေသံကြားလိုက်ရဘိသကဲ့သို့ အခြေခံလူတန်းစားအများစု၏ ပျော်ရွှင်သောအသံများကို ဒုတိယအကြိမ် ထပ်မံကြားလိုက်ရပါသည်။

ဆက်သွယ်ရေးအတွက် အဓိကကျသောဖုန်းများကို အခြေခံလူတန်းစားများအပါအဝင် ပြည်သူအများလွယ်လင့်တကူ ကိုင်ဆောင်အသုံးပြုများလာခြင်းက စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအစ နယ်ပယ်အသီးသီးတွင် တိုးတက်ဖွံ့ဖြိုးလာမှု၏ ထင်ရှားသော သက်သေသာဓကများပင်ဖြစ်ပါသည်။ ဖုန်းအသုံးပြုမှု သိပ်သည်းဆ ပိုမိုများပြားလာသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာလူမျိုးတို့၏ လူမှု ဘဝပိုမိုမြင့်မားလာသည့် ပြယုဂ်တစ်ခု ဖြစ်ပေသည်။

သို့သော် ဖုန်းကတ်များဖြန့်ဝေမှုစနစ်ကိုဖြင့် အနည်းငယ် တင်ပြလိုပါသည်။ မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ယူကြ၊ MEC က ထုတ်လုပ်သော တန်ဖိုးနည်းဖုန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စီစဉ်ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။

စာရေးသူ သိရှိကြားသိရသမျှ စာရေးသူတို့မြို့နယ်အပါအဝင် ရပ်ကွက်များ၏ ဖုန်းများလျှောက်ထားမှု စာရင်းပြုစုရာ၌ တစ်မြို့နယ်နှင့် တစ်မြို့နယ်မတူညီကြသကဲ့သို့ တစ်ပြိုင်နက်တည်းမှာပင် ရပ်ကွက်များ၌ပင် ပုံစံတစ်ခုတည်းမရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

အချို့သောမြို့နယ်၊ ရပ်ကွက်များက ဖုန်းလျှောက်ထားမှုကို အိမ်ထောင်စုစာရင်းဝင် ဝန်ထမ်းမှလွဲ၍ အိမ်ရှိလူကုန် လျှောက်လွှာတင်ခွင့်ပြုခဲ့ကြသည်။ ထို့ကြောင့် လျှောက်ကြသည်မှာ အကုန်အစင်ဖြစ်သည်။ အချို့သူဌေးအိမ်များကအစ လက်လုပ် လက်စားအားလုံးလျှောက်ကြသည်။ ဒါကိုလည်း အဆိုးမဆိုပါ။ ပြည်သူတစ်ယောက်၏ အခွင့်အရေးဖြစ်သည်။

အချို့သော မြို့နယ်၊ ရပ်ကွက်တို့က အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာ လျှောက်ခွင့်ပြုခဲ့ကြသည်။

မဲနှိုက်ပုံခြင်းကလည်း မတူဘဲ ကွဲပြားခြားနားကြသည်။ အချို့သော ရပ်ကွက်များက လျှောက်ထားသူအားလုံး၏ အမည်စာရင်းအားလုံးကို မဲလိပ်ပြီး မိမိရပ်ကွက်က ရရှိသော ဖုန်းကတ်အရေအတွက်အတိုင်း ကွက်တိမဲနှိုက်စေသည်။ အမည်စာရင်းခေါ်သည့် အချိန်ထိုသူမရှိပါက ပယ်မဲအဖြစ်သတ်မှတ်၍ နောက်တစ်ဦးအမည်ကို ထပ်မံမဲနှိုက်စေသည်။




မိမိအမည်ခေါ်သည်နှင့် တစ်ခါတည်း ဖုန်းကတ်မဲပေါက်ပြီး ဖြစ်သည်။ အချိန်တိုအတွင်း ပြည်သူများအား မပင်မပန်းစေသော စနစ်ဖြစ်သည်။

အချို့သော ရပ်ကွက်များက လျှောက်ထားသူအားလုံး၏ စာရင်းကို မဲလိပ်၍ ဖလားတစ်လုံးအတွင်း ထည့်သည်။ ထိုဖလားမှ အမည်ပေါ်သူအား နောက်ဖလားတစ်လုံးမှ ပေါက်မဲနှင့် ဗလာကံစမ်းမဲကို နှိုက်စေသည်။ အချိန်များစွာပေးခဲ့ရသည်။ ကိုယ်စားမရ၊ ကိုယ်တိုင်ကိုယ်ကျမဲနှိုက်ရသောစနစ်ဖြစ်၍ ကာယကံရှင်ကိုယ်တိုင်ရှိနေမှုဖြစ်သည်။ မိမိစီးပွားရေးနှင့်ဈေးရောင်းဈေးဝယ် အိမ်အလုပ်များကြောင့် အချိန်အကြာကြီး မပေးနိုင်ကြသည်ကိုတွေ့ရသည်။ ပြန်သွားကြသည်ကို တွေ့ရသည်။ ထိုအခါ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လက်ထဲတွင် ဖုန်းကတ်များ ပိုက်ဘောအဖြစ်ကျန်ခဲ့သည်ကို ကြားသိရသည်။ ထိုအခါ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ စွမ်းရည်ကို သိခွင့်ရလိုက်သည်။ အချို့လည်း မြို့နယ်သို့ ကျန်ဖုန်းကတ်များကို လိုအပ်သလို အချို့လည်း ရပ်မိရပ်ဖများနှင့်တိုင်ပင်ကာ ရပ်ကွက်အတွင်း ပြေလည်အောင်စီစဉ်မှုများကိုလည်း ပြည်သူများအကြားမှ ပြည်သူ့စကားအဖြစ် လေ့လာကြားသိခဲ့ရသည်။

တစ်ဖန် အထက်ကဆိုခဲ့သလို အိမ်ရှိလူကုန် မဲနှိုက်စေမှုစနစ်ကလည်း အမှန်တကယ်လိုချင်သော အခြေခံလူတန်းစားများလက်ထဲသို့ ဖုန်းရောက်စေချင်သည့် နိုင်ငံတော်မှ လူကြီးများ၏ စေတနာနှင့် အနည်းငယ်လွဲချော်နေသည်ဟု မြင်မိသည်။

တစ်မိသားစုတည်း(အိမ်ထောင်စုစာရင်းတစ်ခုတည်း) ဖုန်းကတ်နှစ်ခုအထိ ပေါက်သွားသူများရှိသကဲ့သို့ တစ်အိမ်တည်းမှာပင်(အိမ်ထောင်စုစာရင်းကွဲမှုကြောင့်) ဖုန်းကတ်သုံးခုအထိ မဲပေါက်သွားကြသည်ကိုလည်း ကြားသိလာရသည်။ (ဒါကိုလည်း ကံတရားဟုပြောပါက ပြောနိုင်ပါသည်။) အဓိက ဟန်းဆက်ပြဿနာဖြစ်သည်။ ဟန်းဆက်တစ်လုံး အနည်းဆုံးဈေးက ကျပ် ၃၀၀၀၀ ဝန်းကျင် ဖြစ်သည်။

သို့အတွက် ယနေ့ပြင်ပ၌ ဖြစ်ပေါ်လာသော တန်ဖိုးနည်း ကျပ် ၁၅၀၀ ဖုန်းကတ်တစ်ခုလျှင် ကျပ် ၅၀၀၀၀-၆၀၀၀၀ အထိ မှောင်ခိုဈေးကွက်တစ်ခုဖြစ်လာသည်ကိုတော့ ပြန်လည်သုံးသပ်သင့်ပေသည်။

ထို့နောက် ဌာနဆိုင်ရာများအနေဖြင့် ရရှိသောတန်ဖိုးနည်းဖုန်းကတ်များကို ဝန်ထမ်းများအား မဲနှိုက်ပေးရာတွင် ယခင်အရစ်ကျစနစ်ဖြင့် ဝယ်ယူခွင့်ရထားသူများနှင့်အတူ တစ်တန်းတည်း ဇလုပ်တိုက်မဲနှိုက်ပေးမှုကလည်း ထိုဖုန်းကတ်များ ပြင်ပဈေးကွက် ဖြစ်ပေါ်စေမှုလမ်းကြောင်းတစ်ခုပင် ဖြစ်ပါသည်။ ရွှေသမင်ဘယ်ကထွက် မင်းကြီးတာက ထွက်ဆိုသကဲ့သို့ ပြည်သူများအကြားက ကြားလာရသောသတင်းတစ်ခုဖြစ်သည်။ ဒါကလည်း ထည့်သွင်း စဉ်းစားသင့်သောအကြောင်းအရာတစ်ရပ် ဖြစ်သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးနှင့်တွေ့ဆုံခိုက် "ဒုတိယအကြိမ်အတွက် လျှောက်လွှာတင်တဲ့သူတွေက နေ့စဉ်ရှိနေပါတယ်။ ပထမအသုတ်မှာ လျှောက်လွှာမတင်ပေမယ့်အပြင် ပေါက်ဈေးမြင့်လာတဲ့အတွက် အိမ်ရှိလူကုန် ဖုန်းရှိပြီးတဲ့သူတွေတောင် ထပ်လာတင်ကြတယ်။ ဒါကလည်း သူတို့အခွင့်အရေးတစ်ရပ်ပါ။ အခုဆိုအရင်လက်ကျန်နဲ့ နောက်တင်တာပေါင်းလိုက်ရင် လျှောက်လွှာ ၃၀၀ ကျော်နေပါပြီ။ မဲနှိုက်တဲ့ အချိန်ဆို အခုထက်ပိုများဖို့ပဲရှိပါတယ်" ဟုဆိုခဲ့သည်။

သို့အတွက် ဒုတိယအကြိမ်တန်ဖိုးနည်းဖုန်းကတ်များပေးလျှင်ဖြင့် အမှန်တကယ်လိုအပ်သော အခြေခံလူတန်းစားများလက်ထဲသို့ ရောက်နိုင်စေရန် မှန်ကန်သော မြန်ဆန်သောစနစ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ချမှတ်သော ယခုထက်ပို၍ အနီးကပ်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း ပြည်သူများအကြားမှ ပြည်သူ့စကားအဖြစ် ထင်ဟပ်ရေးသားတင်ပြလိုက်ရပါသည်။

**ကိုကြီးတင်**

---

## ငွေလှရတနာအဘိဓမ္မာသင်တန်းဖွင့်မည်

ငွေလှရတနာအဘိဓမ္မာသင်တန်းကို မေ ၁၁ ရက် (စနေနေ့) ညနေ ၆ နာရီမှ ၈ နာရီအထိ စနေ၊ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်မည်ဖြစ်ရာ ဘာသဒ္ဒမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန်)မှ မှတ်သားရ လွယ်ကူမည့်သင်္ကေတများဖြင့် ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းပို့ချမည့်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်နှင့် ရေတာရှည်လမ်းသစ်ထောင့် ကျောက်ဆည်ဓမ္မာရုံကြီးတွင်ဖြစ်ပြီး မည်သူမဆို တက်ရောက်သင်ယူနိုင်ပါသည်။

---

## ပအိုဝ်းစာပေနှင့်စကားပြောသင်တန်းဖွင့်လှစ်ခြင်း

အထက်ပါသင်တန်းကို ၁၈-၅-၂၀၁၃ရက်(စနေနေ့)မှစတင်ပြီး ဖွင့်လှစ်မည်ဖြစ်ပါ၍ ပအိုဝ်းတိုင်းရင်းသူ တိုင်းရင်းသားများ စာရင်းပေးတက်ရောက်နိုင်ကြောင်း ကြေညာပါသည်။

**သင်ကြားမည့်ရက်** - အပတ်စဉ် စနေ၊ တနင်္ဂနွေ
**သင်ကြားမည့်အချိန်** - မွန်းတည့် ၁၂း၀၀နာရီမှ ညနေ ၄း၀၀နာရီ
**သင်ကြားမည့်နေရာ** - ပအိုဝ်းအမျိုးသားဓမ္မာရုံ
အမှတ် ၃၈၊ ဗဟန်း ၁ လမ်း၊
ဖုန်း-၀၁-၃၈၀၈၉၇၊ ၀၁-၃၇၃၁၇၀

**ဦးခွန်မြင့်လွင်**
**အုပ်ချုပ်ရေးမှူး၊ ပအိုဝ်းဓမ္မာရုံ**

---

## လုံးချင်းတိုက်နှင့်ခြံ ငှားရန်ရှိသည်

ခြံပေ(၁၀၀×၇၅)၊RC နှစ်ထပ်တစ်လုံး + ဂိုဒေါင် ပေ (၃၀×၅၀) တစ်လုံးပါ မြကန်သာလမ်းမ၊ လှိုင်မြို့နယ်။ (ISM ကျောင်းအနီး)။

**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၅၁၂၈၃၈၃၊၀၉-၅၅၅၃၃၃၁**

---

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၂၄ယ/၁၆၃၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝေယံဦး ၁၀/သထတ(နိုင်)၁၉၁၀၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

---

## ဦးမြဝင်းအောင်(ခ)ဦးမာနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နေပြည်တော်တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ မသီတာမြင့် (ဘ) ဦးသန်းမြင့် ၉/တကန(နိုင်)၀၀၀၃၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ ဦးပိုင်အမှတ် (၃)၊ မြေဧရိယာ ၀ ဒသမ ၁၄၉ဧကရှိ အရှေ့လားသော်လမ်း၊ အနောက်လားသော် ဒေါ်မာမာ၊ ဦးစု၊ တောင်လားသော် ဦးထွန်းရင်၊ မြောက်လားသော် ဗိုလ်ချုပ်လမ်း၊ အလားလေးရပ်အတွင်းရှိ (၄×၅)ပင်နှစ်ထပ်တိုက်အပါအဝင်တို့သည် ဦးချစ်စိန်ဇနီး ဒေါ်စောတို့ ပိုင်ဆိုင်ပါသည်။

ဦးချစ်စိန်မှာကွယ်လွန်ခဲ့ပြီး ဒေါ်စောမှာ အသက် (၉၂)နှစ်အရွယ်ရှိပြီး သတိကောင်းစွာမရှိတော့ကြောင်း သိရှိရပါသည်။ ဦးချစ်စိန်နှင့် ဒေါ်စောတို့မှ ဒေါ်ကျင်အုံးနှင့် ဦးမြဝင်းအောင်(ခ)ဦးမာတို့နှစ်ဦး မွေးဖွားပြီး ဒေါ်ကျင်အုံးမှ ကိုသကြ်န်မောင်နှင့် မသီတာမြင့်တို့နှစ်ဦး မွေးဖွားပါသည်။ ဒေါ်ကျင်အုံးကွယ်လွန်ပြီးနောက် မသီတာမြင့်မှ အဘွားဖြစ်သူ ဒေါ်စောအား ပြုစုစောင့်ရှောက်လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ပါသည်။ အထက်ဖော်ပြပါပိုင်းမြေနှင့် အဆောက်အအုံအပါအဝင်အား မသီတာမြင့် သိရှိသဘောတူညီခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်းများ မပြုလုပ်ပါရန်တားမြစ်ကြောင်း ကြေညာအပ်ပါသည်။

**မသီတာမြင့်၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဝေဖြာစိုး** | **ဒေါ်တင့်တင့်ကြည်** |
| **အထက်တန်းရှေ့နေ (စဉ်-၂၇၄၃၀)** | **အထက်တန်းရှေ့နေ (စဉ်-၆၃၈၅)** |
| **ဒေါ်ကျော့ကျော့လင်း** | **အမှတ် (၅၉၄)၊ လမ်းမတော်၊** |
| **အထက်တန်းရှေ့နေ (စဉ်-၂၈၀၂၈)** | **ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့** |

---

## ရန်ကုန် - လုပ်သားများကောလိပ်
## သတ္တဗေဒကျောင်းသားကျောင်းသူဟောင်းများ
## အစည်းအဝေးဖိတ်ကြားလွှာ

ရန်ကုန်-လုပ်သားများကောလိပ်၊ သတ္တဗေဒအဓိကဘာသာရပ်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် ပညာသင်ယူခဲ့သောကျောင်းသား ကျောင်းသူဟောင်းများ (ပညာသင်နှစ်အားလုံး)တို့၏ ပထမအကြိမ်တွေ့ဆုံပွဲ ကျင်းပပြုလုပ်ရန် ပထမအကြိမ်အစည်းအဝေးကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
**အချိန်** - မွန်းလွဲ ၁း၀၀ နာရီ
**နေရာ** - ရွှေမန်းကျောင်း၊ မင်္ဂလာတောင်တော်ဦးတိုက်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။

**ဆက်သွယ်ရန်-**

| | |
|---|---|
| **ဆရာဦးကျော်ဘုန်းလင်း** | **- ဖုန်း-၀၁-၂၀၃၃၀၃** |
| **ကိုကျော်စိုးမိုး** | **- ဖုန်း-၀၉-၅၀၅၆၇၇၉** |
| **ကိုမြင့်လွင်** | **- ဖုန်း-၀၉-၄၃၀၆၈၈၃၆** |
| **ကိုဝင်းနိုင်** | **- ဖုန်း-၀၉-၇၃၁၀၈၄၁၇** |
| **ကိုအောင်ချိုဝင်း** | **- ဖုန်း-၀၉-၅၁၀၂၉၉၈** |
| **ကိုခင်ဇော်** | **- ဖုန်း-၀၉-၇၃၀၀၃၀၉၀** |
| **ကိုအောင်လွင်ဦး** | **- ဖုန်း-၀၉-၄၉၂၉၁၁၈၃** |
| **ကိုစိုးဦး** | **- ဖုန်း-၀၉-၅၁၉၆၄၀၂** |
| **မလှဲ့လှဲ့အောင်** | **- ဖုန်း-၀၁-၃၈၄၈၇၀** |
| **မသင်းသင်းမာ** | **- ဖုန်း-၀၉-၄၃၀၄၀၇၀၂** |
| **မတင်တင်ဝင်း** | **- ဖုန်း-၀၁-၅၅၃၃၂၃** |
| **မမိုးသဇင်** | **- ဖုန်း-၀၉-၄၂၁၀၈၈၄၁၃** |

---

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ် ၂ နယ်မြေ၊ ညောင်နီကျေးရွာ၊ ရွာလယ်ရှိ (အလျားပေ ၇၀×အနံပေ ၇၀)အကျယ်ရှိ မြေနှင့်မြေကွက်ပေါ်ရှိအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်စောညို C/RGN-၀၀၈၁၁၂ က ၁၉၈၈ ခုနှစ်က ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်ခိုင်စောညို၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းရယူခြင်း၊ အဆိုပါမြေကွက်ပေါ်တွင် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများမပြုလုပ်ရန်နှင့် အဆိုပါမြေကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူများသည် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပြောင်းရွှေ့ဖယ်ရှားရှင်းလင်းပေးပါရန်နှင့် အကယ်၍ ဖယ်ရှားမပေးပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်စောညို၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှမြတ်ကျော် LL.B**
**အထက်တန်းရှေ့နေ**
**တိုက် ၂၇၄၊ အခန်း ၁၊ အရှေ့ရန်ကင်း၊ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၄၂၅၀၂၈၁၆၂**

---

## အများပြည်သူသိရှိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၄၈ တွင် ဆောက်လုပ်နေသည့် နှစ်ခန်းတွဲခြောက်ထပ်တိုက်အဆောက်အအုံ၏ တတိယထပ်လေးလွှာ၊ ခေါင်းရင်းခန်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကြိုပွိုင့်စနစ်ဖြင့် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းပြောဆိုလာသူ ဦးသောင်းဦးလွင် ၁၂/သကတ(နိုင်)၀၄၁၂၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးခင်မောင်အေး ၁၂/ဥကတ(နိုင်)၁၂၈၈၅၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းသီတာစိုး LL.B,D.B.L,B.D.S**
**အထက်တန်းရှေ့နေ**
**အမှတ် ၆၀၆၊ သီတာရေစင်လမ်း၊ ၁၆/၄ ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၀၇၄၃၈**

---

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးစိုးလင်းသန်း-ဒေါ်ချောစုစုလင်းတို့၏သမီးကြီး မအိမ့်သက်ပိုင်မှူး ၁၂/စခန(နိုင်)၀၇၄၅၉၅အား မအိမ့်ဝသန်လင်းဟုလည်းကောင်း၊ သမီးငယ် မသက်ထက်လင်းအား မသော်တာထက်စံ ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပေးပါရန်။

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၇၈၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင်၁၀/ကထန(နိုင်)၁၂၆၆၅၂က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား သန်းထိုက်အောင် ၁၂/မဂဒ(နိုင်)၁၃၂၇၂၉ (ပထဝီဝင်) တတိယနှစ် ဒဂုံတက္ကသိုလ်သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ၅-၅-၂၀၁၃ ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်သန်း ၁၂/မဂဒ(နိုင်)၀၅၆၀၂၉-ဒေါ်ခင်ခင်မော် ၁၂/မဂဒ(နိုင်)၀၅၆၇၂၅**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရပ်ကွက်အမှတ် L-18/61 ၊ မြေကွက်အမှတ် (၃၀၄၆+၃၀၄၇) ဧရိယာအကျယ်အဝန်းပေ(၄၀×၆၀)နှစ်ကွက်တွဲမြေကွက်(ပါမစ်မြေ)အား အမည်ပေါက်ဒေါ်နှင်းနှင်းထူးထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းသူလင်း ၁၂/သဃက(နိုင်)၀၃၉၅၁၃ထံမှ ကျွန်ုပ်ဦးစောရန်အောင် ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးစောရန်အောင် ၁၂/ဗဟန(နိုင်)၀၀၇၉၈၁**
**အမှတ် ၁၇၁၊ သိမ်ဖြူလမ်း၊ ကန်တော်လေး၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၀၆၆၄**

# မြောက်ပိုင်းခရိုင် မထသလုပ်အားဆုနှင့် လုပ်အားယှဉ်ပြိုင်ဆုများချီးမြှင့်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ၂၀၁၃ ခုနှစ် လုပ်အားဆုနှင့် လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်ပွဲကို မေ ၅ ရက်က အင်းစိန်မြို့နယ် အထက(၁) ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ မထသ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မထသဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် ယာဉ်လိုင်းအသီးသီးမှဥက္ကဋ္ဌများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လိုင်းများမှ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက် ၄၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်က အမှာစကားပြောကြားပြီး တစ်နှစ်တာအတွင်း ထူးချွန်စွာစည်းကမ်းလိုက်နာကြသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ချီးမြှင့်ငွေကျပ်သိန်း ၆၀၀ ဆုများကို တစ်ဦးချင်းခွဲဝေသတ်မှတ်ကာ ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(ယာပုံ) မြင့်ဦး (အင်းစိန်)**



# ဟိုတယ်ခရီး ဧည့်လမ်းညွှန်အခြေခံသင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ် (၄၂) ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက်နံနက်ပိုင်းက ပန်ဒါဟိုတယ်၌ ကျင်းပရာ အဆိုပါ ဝန်ကြီးဌာနမှ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းကျောင်းဆရာ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

ဧည့်လမ်းညွှန်လုပ်ကိုင်သူများ၏ အရည်အသွေးမြင့်မားလာစေရန်နှင့် အသိပညာ၊ အတတ်ပညာတိုးပွားလာစေရန်၊ ဧည့်ခရီးသွားများအား စနစ်တကျ လမ်းညွှန်ပြသပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကျောင်းတွင် ၁၉၉၂ ခုနှစ်မှစ၍ သင်တန်းများဖွင့်လှစ်လာရာ ယခုအချိန်ထိ သင်တန်းသားဦးရေ ၇၇၃၆ ဦး သင်တန်းဆင်းပြီးဖြစ်ကြောင်း၊ သို့သော် သက်တမ်းကုန်ဆုံး လိုင်စင်ပျက်ပြယ်သော ဧည့်လမ်းညွှန်များရှိနေသဖြင့် ယခုအခါ လုပ်ငန်းလိုင်စင် အပတ်စဉ်လုပ်ကိုင်သော ဧည့်လမ်းညွှန် ၃၅၂၀ သာရှိသဖြင့် လိုင်စင်ပျက်ပြယ်နေသူများအား အထူးမွမ်းမံသင်တန်းများပေးသကဲ့သို့ ၂၀၁၅ ခုနှစ်တွင် ပြည်ပဧည့်ခရီးသွားဦးရေ သုံးသန်း ဝင်ရောက်လာရန် ရည်မှန်းထားရာ ဧည့်လုပ်ငန်းအဆင်ပြေ လွယ်ကူသွားလာ လုပ်ကိုင်နိုင်ရေးအတွက် ဒေသခံဧည့်လမ်းညွှန်များကို မန္တလေးတွင် သင်တန်းသား ၁၀၃ ဦး၊ ပုဂံဒေသတွင် ၁၀၇ ဦး၊ တောင်ကြီးဒေသတွင် ၁၂၈ ဦးတို့ကို သင်တန်းပေးပြီးဖြစ်ကြောင်း သိရသည်။

မန္တလေး၊ ပုဂံ၊ တောင်ကြီးဒေသမှ ဧည့်လမ်းညွှန် သင်တန်းဆင်းများသည် မိမိတို့ဒေသတွင်သာ လုပ်ကိုင်ခွင့်ရှိသော်လည်း ယနေ့ဖွင့်လှစ်သည့် သင်တန်းဆင်း ဧည့်လမ်းညွှန်များအနေဖြင့် နေရာမရွေးလုပ်ကိုင်ခွင့်ရကြောင်း၊ သင်တန်းကာလ နှစ်လကြာပြီးနောက် သင်တန်းဆင်းလက်မှတ်ရပြီး အထူးပြုဘာသာရပ်အလိုက် နှုတ်ဖြေဖြေဆိုအောင်မြင်ပြီးမှ လုပ်ငန်းလိုင်စင်ရမည်ဟု သိရသည်။

အခြေခံသင်တန်း (၄၂)နှင့် (၄၃)တို့တွင် သင်တန်းသားဦးရေ ၁၂၀ စီဖြင့် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းဝင်ခွင့် ဖြေဆိုသူ ၁၂၀၀ ကျော်ရှိကြောင်း သိရသည်။

ဧည့်လမ်းညွှန်တစ်ဦးအနေနှင့် လုပ်သက်ပေါ်မူတည်၍ လုပ်ခကွာခြားမှုရှိနိုင်ပြီး လုပ်သက်နည်းနေစဉ်ကာလတွင် တစ်နေ့တာလုပ်အားခ ပျမ်းမျှ ၂၅ ဒေါ်လာနှုန်း ရရှိနိုင်ကြောင်း သင်တန်းတက်သူတစ်ဦး က ပြောကြားသည်။ **ခင်ဆိုင်**

# မိုးပွင့် အဆင့်(၅) စီမံချက် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဧပြီ ၆ ရက်မှစ၍ မိုးပွင့်အဆင့်(၅)စီမံချက်အရ နိုင်ငံသားမှတ်ပုံတင် မပြုလုပ်ရသေးသော အသက် (၁၀ နှစ်)၊ (၁၈ နှစ်)ပြည့်လူငယ်များ ပျောက်ဆုံးပျက်စီးနေသော နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် လဲလှယ်ကိုင်ဆောင်ရမည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မြို့နယ်အတွင်း (၁၀)ရပ်ကွက်ရှိသည့်အနက် ရပ်ကွက်များအလိုက် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေ သည်ကို မေ ၅ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အောင်သဇင်ဓမ္မာရုံ၌ ပြုလုပ်ပေးနေကြောင်း သတင်းရရှိသည်။ **(၀၁၅)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဖွင့်

**ဆိပ်ဖြူ မေ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၂၃)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၉)ဖွင့်ပွဲအခမ်းအနားကို ဆိပ်ဖြူမြို့နယ် အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ မေ ၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသန္တာခိုင်က ရှင်းလင်းပြောကြားသည်။ ယင်းသင်တန်းတွင် အခြေခံသင်တန်းသူ ၇၅ ဦး အဆင့်မြင့်သင်တန်းသူ ၉ ဦး တက်ရောက်ပြီး ဆိပ်ဖြူ စလင်း၊ မင်းဘူး၊ ပွင့်ဖြူ ချောက်မြို့နယ်တို့မှ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ တိုက်အမှတ် ၁၁၂ တွင် ရုံးခန်းတည်ရှိသော LUCKY CHILD Co., Ltd.(ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၅၇၆/၂၀၁၀-၂၀၁၁)သည် အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Peach

မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၁၅၃/၂၀၁၃)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ အထည်အလိပ်နှင့် အဝတ်ထည်များ၊ စက္ကူ၊ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ LUCKY CHILD Co., Ltd.၏ တစ်ဦးတည်းမူပိုင်ဖြစ်သော အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားကို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲလာသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများအရ စုံစမ်းဖော်ထုတ်လျက် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်အေး**
**B.Sc,H.G.P,R.L,D.B.L,D.M.L,D.I.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ**
**အမှတ် ၁၅၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၅၀၀၆၇၆၄**

## ဖိတ်ကြားခြင်း

## မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်

ယနေ့ မြန်မာစာပေ အခြေအနေ အရပ်ရပ်အပေါ် ဝေဖန် သုံးသပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် နည်းလမ်း အကြံပြုချက်များကို စာတမ်းရှင် ငါးဦးတို့က ဖတ်ကြား တင်သွင်းပြီး၊ တက်ရောက်လာသော စာပေပညာရှင်၊ ဝါသနာရှင်တို့က ဆွေးနွေးကြမည်ဖြစ်ပါ၍ စိတ်ဝင်စားသူတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ** ။ ။ အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့။
**နေ့ရက်** ။ ။ ၁၁ မေ ၂၀၁၃ (စနေနေ့)
**အချိန်** ။ ။ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ
**စာတမ်းရှင်များ** ။ ။ မောင်ခင်မင် (ဓနုဖြူ)၊ ဖေမြင့်၊ ဂျူး၊ မောင်ဇေယျာ၊ ဦးထွန်းဦး (ထွန်းဦးစာပေ၊ မန္တလေး)၊ သင့်နော် (ဥတ္တရလွင်ပြင်၊ မန္တလေး)။

**[အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကော်မတီ၊ ဖုန်း-၀၉၇၃၂၀၂၄၁၁၊ ၀၉၄၂၀၇၁၃၄၇]**

အစ္စရေးနိုင်ငံခရီးသွားဝန်ကြီးဌာနနှင့် ဂျေရုရှလင်မြို့တော်ဝန်တို့၏အသိမှတ်ပြု ခရစ်ယာန်အဖွဲ့ခရီးများကို အကြိမ်ကြိမ်အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သော Business Plus မှထပ်မံစီစဉ်ပို့ဆောင်မည့်

**Holy Land Tour**

(၁၁)ရက်၊ (၁၀)ညအိပ်ခရီး။
ဇွန်လ(၁၇) မှ (၂၇)ရက်အတွင်း

(အစ္စရေးခရီးသွားဝန်ကြီးဌာနနှင့်ဂျေရုရှလင်မြို့တော်ဝန်တို့မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်၊ ဂုဏ်ပြုလက်မှတ်များရရှိမည်။)
လူကြီးများအတွက်အထူးစီစဉ်ထားပြီး၊ ဘူဖေးအစားသောက်များနေ့စဉ်ပါဝင်သည်။ တစ်ဦးလျှင်(၂၉)သိန်း(၅)သောင်းကျပ်တိတိ။

**Business Plus Travel and Tours Co., Ltd**
အမှတ်(၁၄၁)၊ အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း။

ဆက်သွယ်ရန်
09 731 94300
01 518147, 09 73003527

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာရှိ တိုက်အမှတ် ၃၆၊ အခန်းအမှတ် ၀၁ ကို အမည်ပေါက် ဦးစိန်သောင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စန္ဒာမင်း ၆/ထဝန(နိုင်)၀၆၃၇၁၇ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**မိခင် အမည်မှန်**

ကျိုင်းတုံမြို့၊ ယန်းလူးကျေးရွာ၊ အလကခွဲ၊ အဌမတန်းအောင်မှ မအေးအေးဝင်းနှင့် ဆဋ္ဌမတန်းအောင်မှ မောင်မြင့်ဝေဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ဖောလာ ၁၃/ကတန(နိုင်) ၁၇၇၄၉၀ ဖြစ်ပါကြောင်း။

MICO
ကမ္ဘာတည်သရွေ့
အလှူမင်္ဂလာ၊လက်ဆောင်...ဘယ်မှာသုံးသုံးအကောင်းဆုံး
T-SHIRT= 650Ks
ကွန်ပျူတာ ပန်းထိုး၊ တံဆိပ်ရိုက်လုပ်ငန်း
09-5043007,09-5141086,09-8645550,09-73244061

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ထက်အောင်လူ ၁၂/သလန(နိုင်)၁၂၁၃၃၉သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်ပေါ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ သူ၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်သီတာစိုး**
**၁၂/သလန(နိုင်)၀၀၂၆၅၇**

**ဖခင် အမည်မှန်**

ဘိုကလေးမြို့နယ်၊ အထက(ခွဲ)ရေမှ အဌမတန်းကျောင်းသား မောင်မျိုးပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းကြူ ၁၄/ဘကလ(နိုင်)၀၃၆၇၄၀ ဖြစ်ပါသည်။ **ဦးဇော်ဝင်းကြူ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း၊ သရက်ခြံ(၁)လမ်း၊ အမှတ်(၃၂၆)၊ အကျယ် (၂၀' × ၉၀')မြေပေါ်ရှိ အဆောက်အအုံအိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်မျိုးအေးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်သဘောတူ စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။အဆိုပါမြေနှင့်အိမ် ရောင်းဝယ်ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြင့်ဦး LL.B** တရားလွှတ်တော်ရှေ့နေ (၇၇၆၅)
အမှတ်-၅၀၊ ပ-ထပ်၊ ဘဏ်လမ်း၊ အခန်း (B/6)ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၈၈၅၆၄

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၇၂၄၊ မြေကွက်တည်နေရာအမှတ် ၇၂၄၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးကြည်ဇင်၏ အမည်ပေါက်ဂရန်မြေအား အမည်ပေါက် ဦးကြည်ဇင် ၁၂/ဗဟန(နိုင်)၀၇၁၃၆၀က မြေငှားစာချုပ်(ဂရန်)ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကျမ်းကျိန်လွှာများတင်ပြ၍ မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကချင်ပြည်နယ်၌ကျင်းပ

**နေပြည်တော် မေ ၈**

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို ကူညီစောင့်ရှောက်ရန်၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန်၊ ပြည်သူလူထုအားကိုးယုံကြည်သော မီးသတ်တပ်ဖွဲ့ဖြစ်အောင် မီးသတ်တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်မြှင့်တင်ရေး လေ့ကျင့်ဆောင်ရွက်ကြရန်၊ မီးဘေးသာမက သဘာဝဘေးကြုံတွေ့လာပါကလည်း ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်ရေးအတွက် လိုအပ်သည့်လေ့ကျင့်မှုနှင့် အထောက်အကူပြုပစ္စည်းများကို ကြိုတင်ပြင်ဆင်ခြင်း၊ ထိရောက်စွာအသုံးပြုနိုင်အောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ညီ လက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက မေ ၅ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင်မှာကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်သရုပ်ပြမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးရွာချင်းဆက် ကွန်ကရစ်တံတားသစ် တည်ဆောက်ပြီးစီး

**သထုံ မေ ၈**

မွန်ပြည်နယ် သထုံမြို့နယ် ဆင်ကျုံးကျေးရွာနှင့် ရွှေဘော်ကုန်းကျေးရွာတို့ကိုဆက်သွယ်ပေးသည့် အလျား ၁၆ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၅ ပေရှိ ကွန်ကရစ်တံတားသစ်မှာ တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ဒေသခံများသည် ၎င်းတို့၏လယ်ယာထွက်ကုန်များကို လွယ်ကူစိတ်ချအန္တရာယ်ကင်းစွာဖြင့် တံတားကို ဖြတ်သန်းပြီး မြို့သို့သယ်ဆောင်နိုင်ကြပြီဖြစ်သည်။ ဆင်ကျုံးကျေးရွာနေတောင်သူ ဦးမဲတုံးက "အရင်က ဒေသထွက်သစ်ဝါးတွေနဲ့



ဖြစ်သလိုတည်ဆောက်ထားရတော့ တံတားဟာ ကြံ့ခိုင်မှုအားနည်းပြီး အန္တရာယ်များပါတယ်။ အခက်ခဲဆုံးကတော့ မိုးတွင်းကာလပါ။ ချောင်းရေတွေကပြည့်ပြီး တံတားက ရွံ့တွေနဲ့ချော်နေတော့ သွားရလာရတာ အလွန်ခက်တယ်။ အခု ကွန်ကရစ်တံတားပြီးစီးသွားတော့ အဲဒီဒုက္ခတွေ ကင်းဝေးပြီပေါ့ဗျာ" ဟု ဝမ်းမြောက်စကားပြောကြားသည်။

### ပြီးစီးခဲ့

အဆိုပါ တံတားကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၅ သိန်းနှင့် အများပြည်သူလှူဒါန်းငွေကျပ် ၁၇၆၆၅၅၀ တို့ဖြင့် ၂၀-၁၁-၂၀၁၂ ရက်တွင် စတင်အကောင်အထည်ခဲ့ဖော်ရာ ၂၀၁၃ ခုနှစ်ဖေဖော်ဝါရီ ၂၆ ရက်တွင် လုပ်ငန်းပြီးစီးခဲ့သည်။**(အပေါ်ပုံ)**

### အထောက်အကူပြု

ဆင်ကျုံးကျေးရွာ၊ ရွှေဘော်ကုန်းကျေးရွာနှင့် အနီးဝန်းကျင်ရွာများသည်လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသော ကျေးရွာများဖြစ်ပြီး ယခုတည်ဆောက်ပြီးစီးခဲ့သော ကွန်ကရစ်တံတားသည် လယ်ယာလုပ်ငန်းခွင်နှင့်မြို့သို့ အချိန်အခါမရွေး ကူးလူးဆက်သွယ်နိုင်ကာ ဒေသခံတောင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုကို ကောင်းစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သိမ်းဆည်းရမိ

**တိုက်ကြီး မေ ၈**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးခေါင်းဆောင်သော သစ်တောဝန်ထမ်းများနှင့် တိုက်ကြီးမြို့နယ်မှ သစ်တောဝန်ထမ်းများပါဝင်သော တရားမဝင်သစ်ရှာဖွေဖမ်းဆီးရေး ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက်က တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ခရိုင်ချင်းဆက်လမ်းအနီးတွင် တရားမဝင် ပျဉ်းကတိုးထင်း ၄ ဒသမ ၇၁၂၄ တန် တင်ဆောင်ထားသည့် ယာဉ်အမှတ် ၃က/...ကား တစ်စီးနှင့်အတူ ယာဉ်မောင်း/ယာဉ်ပိုင်ရှင် ဦးဇော်မင်းဦးနှင့် ပစ္စည်းပိုင်ရှင် ဦးမောင်မောင်တင်တို့အား ဖမ်းဆီးရမိပြီး ယင်းနေ့၌ပင် တိုက်ကြီးမြို့နယ် ဂျိုးဖြူကျေးရွာအုပ်စု သရက်ကန်ကျေးရွာအနီး၌ အခြားသားထင်း ၄ ဒသမ ၁၅၈ တန် တင်ဆောင်ထားသည့် ယာဉ်အမှတ် ၂ခ/..ကား တစ်စီးနှင့်အတူ ယာဉ်မောင်း/ယာဉ်ပိုင်ရှင်/ပစ္စည်းပိုင်ရှင် ဦးသက်ဇော်ဦးအား ဖမ်းဆီးရမိပြီး အရေးယူထားကြောင်း သိရှိရသည်။



အလားတူ ဧပြီ ၂၈ ရက်က ရှမ်းပြည်နယ်(လားရှိုး) မိုးမိတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိုးမိတ်စစ်ဗျူဟာ(အခြေချ)မှ တပ်မတော်သားများ ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးလိုအဆိုပြုကြိုးဝိုင်း အတွင်း နယ်မြေရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ နေရာနှစ်ခုမှ တရားမဝင် ပိတောက်သစ် ၁၅ ဒသမ ၂၃၂ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**(သစ်တောဦးစီး)**


# လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နာယက ဦးအောင်ကိုဝင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ **နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော် အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု-ပထမဆု)**ကို ၃၀-၄-၂၀၁၃ရက်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော် အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆတက် ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**

သန့်စင်ပြီး/အရောက်ပို့
ပွဲတော်အုပ်
01-512443 09-73017656
ဝုသိမ်ပေါ်ဆန်းမွှေး(ရွှယ်) 31000 Ks
ဖျာပုံပေါ်ဆန်းမွှေး 27500 Ks
ဧည့်ယာ 20000 Ks

ဒေါ်နီလာဘာရာဒွါဂျာ ဦးစီးသော
BIS Bharadwaj International School
Nursery, PRE KG to IGCSE
ပုံမှန် ကျောင်း သင် တန်း များ
မေလ(၂၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
No. 621, 2nd Floor, United Condo, Bo Ywe Street, Latha Township, Yangon.
Tel : 01-243978, 09-5501141, 09-8537403, 09-73123665
ကျောင်းအပ်လက်ခံပါပြီ

စိန်ရတနာ
Riso၊ မိတ္တူ၊ ကွန်ပျူတာ
50,000/- Ks အထက်အားပေးသူများကို 5% Discount
100,000/- Ks အထက်အားပေးသူများကို 5% Discount
အပြင် အိမ်တိုင်ရာရောက် ပို့ပေးပါသည်၊
A4 ကော်ပီ (၁)မျက်နှာ ၆.၅ ကျပ်
Print = 25 ks
အမှတ်(၇၆)၊ ၃၂လမ်း(အောက်)၊ ရန်ကုန်မြို့။ Ph : 388115, 095102750, 09 730 29969

ကောင်းသန့်စိုးသည်
နှစ်ပတ်တစ်ကြိမ်၊ ကြာသပတေးနေ့တိုင်း ထုတ်ဝေသည် ၂၀၁၃-ခုနှစ်၊ မေလ (၉) ရက်နေ့ထွက်မည်
THE PoliticS
နိုင်ငံရေးဂျာနယ် No.8
ဂျာနယ်စစ်စစ် ဖတ်ချင်သူများ အတွက်
■ ဥက္ကံမြို့သားတစ်ယောက်ရဲ့ မျှော်လင့်ချက်အလွမ်း။ ■ ပလီပလာ PR စနစ်။
■ မြို့တော်ခန်းမကို ဘယ်သူကျူးကျော်ထားသလဲ။ ■ နိုင်ငံရေးပါတီတွေ ဘာလုပ်ကြမှာလဲ။
■ မြန်မာနိုင်ငံရေးကစားကွင်းမှာ ဘယ်သူတွေကစားနေကြသလဲ။
■ စံ-ဖာဏီဘိုပြောတဲ့ ဝန်ထမ်း(၃)မျိုး၊ နိုင်ငံရေးသမား(၄)မျိုး။
ကောင်းသန့်စာပေ အမှတ်(၂၀၉)၊ ၀-ထပ်(ယာ)၊ ၃၀-လမ်း(ထက်) ဖုန်း-၀၁-၃၈၃၄၂၉ ၀၁-၃၈၀၄၃၁


## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၄၀ါ ၁ လမ်း၊ အမှတ်(၃၊ ၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ် မလိခအိမ်ရာ၊ မြေကွက်အမှတ် ၄၇/၁၀၁ နှင့် ၄၇/၁၀၂၊ မြေဧရိယာ ဝဒသမ ဝ၃၃နှင့် ဝ ဒသမ ဝ၂၉ဧကရှိ လိုင်စင်မြေ၊ မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနတွင် မဟာရွှေတောင်ကုမ္ပဏီလီမိတက်မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူထံမှ အစဉ်အဆက် အရပ်ကတိစာချုပ်များဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးထွန်းလွင် ၁၀/မလမ(နိုင်)၀၄၄၅၆၈ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၃၁၂/၂၀၁၀ အရ ဒေါ်ယဉ်ယဉ်အေးမှ အထက်ဖော်ပြပါမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ LL.B တရားလွှတ်တော်ရှေ့နေ(၄၃၇၃)** **ဒေါ်လှလှခိုင် LL.B တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

**အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁ A ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်

## ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

**၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်**
**(၂၀၁၃ခုနှစ် မေ ၆ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေး ပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာ ဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉ခုနှစ် နှစ်လယ်ရတနာပြပွဲတွင် ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများ ဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ လုပ်ငန်းရှင် ၁၄ ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ တင်ပြရောင်းချနိုင်ရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများ အပ်နှံခဲ့သည့် မူလစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ၃၀-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ရတနာပြပွဲ တင်ပြနိုင်ရေးဆောင်ရွက်ရန် ကျောက်စိမ်းတွဲများ ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မှော်လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းရှင်အမည် | မှော်/လုပ်ကွက် |
|---|---|---|
| ၁ | ဦးမောင်စိန် | အောင်စိန်(၁)လုပ်ကွက် |
| ၂ | ဦးကျော်အောင် | မော်မောင်းလှျံ (၆၀) |
| ၃ | ဦးကျော်မင်း | မမုံ (၇) |
| ၄ | ဦးလှထွန်း | ခတ္တာ (၃) |
| ၅ | ဦးမင်းလွင်+ဦးဇော်ဇော်ဦး | နမ္မချီ (၅)+တောင်စိမ်းကလေး(၁) |
| ၆ | ဦးဇော်ဝင်း | မမုံ (၃) |
| ၇ | ဦးမောင်စိန် | ခိုမ(၃၆) |
| ၈ | ဦးသန်းစိန် | ဝေခါ(၇) |
| ၉ | ဦးလှမြင့် | ဖားကန့်ကြီး (၂၀) |
| ၁၀ | ဦးဒေါန | ဖားပြင် (၁၄) |
| ၁၁ | ဦးစိုင်းထွန်းစိန် | ဝါခ်ီ (၁၈) |
| ၁၂ | ဦးလဖိုင်ဇော်နန် | ဆန်းကြွယ် (၄၄) |
| ၁၃ | ဦးအယ်ဇော်ရိန် | ဝေခါ(၃) |
| ၁၄ | ဦးအင်ခွန်တူး | ဖားပြင် (၂) |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး (မြစ်ကြီးနား) သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ပျောက်ဆုံးခြင်း**

ကျွန်တော် ဦးအေးသောင်း ကိုင်ဆောင်သော ပထမတန်း စက်ခန်းအုပ် လက်မှတ် စမပ-၂၅/၁၉၈၆မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၃၁၀၉၅၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ အောက်ဖော်ပြပါ လုပ်ငန်းလေးခုအတွက် လိုအပ်သော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) System Improvement လုပ်ငန်းများနှင့် လွှတ်တော် ကတိကဝတ် လုပ်ငန်းများ
(၂) ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ
(၃) မြေအောက်ဓာတ်ကြိုး လုပ်ငန်းများ
(၄) ကောင်းကင်ဓာတ်အားလိုင်း လုပ်ငန်းများ

**တင်ဒါပုံစံရောင်းချမည့်ရက်** - **၉-၅-၂၀၁၃ရက်**
**တင်ဒါပိတ်မည့်ရက်** - **၁၆-၅-၂၀၁၃ရက်**
**တင်ဒါပိတ်မည့်အချိန်** - **၁၂:၀၀နာရီ**

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့၊**
**အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ဖုန်း-၀၁-၂၂၀၈၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်

## ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

**၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်**
**(၂၀၁၃ ခုနှစ် မေ ၆ ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို ရတနာပြပွဲများတွင်တင်ပြရောင်းချပေးလျက်ရှိသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူ သို့ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမ အသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကာလအတွင်းကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်ထုတ်ယူကြရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင် ၂၈ ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ပုဂ္ဂလိက ကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ ၃၀-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ကျန်ရှိနေသည့် ပုဂ္ဂလိက ကျောက်စိမ်းအတွဲ ပိုင်ရှင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းရှင်အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| ၁ | ဒေါ်ချင်ကျိန် | အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈ |
| ၂ | ဒေါ်အမ်ဖိန် | အယ်လ်အက်စ်အို-၁၈၂၅၉၀ |
| ၃ | ဦးမြင့်စိုး | ၅/ခတန(နိုင်)၀၀၅၅၆၇ |
| ၄ | ဦးသိန်းဝင်း | |
| ၅ | ဦးခရိုင်းနော်အောင် | အမ်ကေအေ-၀၃၉၈၃၅ |
| ၆ | ဦးဝင်းရှိန်+ဦးချစ်စံ | ၉/မရမ(နိုင်)၀၆၄၇၅၉ |
| ၇ | ဦးနော်အောင် | ၁/မကန(နိုင်)၀၁၃၄၃၄ |
| ၈ | ဦးသောင်းထီ | အက်စ်ဂျီဂျီ-၀၄၄၅၄၁ |
| ၉ | ဦးစောစေတာ | ဘီအက်စ်အင်န်-၀၄၇၆၈၆ |
| ၁၀ | ဦးစောထွန်းနိုင် | ၁/မကန(နိုင်)၀၄၇၉၇၆ |
| ၁၁ | ဦးမောင်မောင်မြင့်+ဦးအောင်ကြည် | အမ်အမ်အို-၃၁၂၅၁၉ |
| ၁၂ | ဦးမောင်မောင်စိန် | အေအမ်အေ-၀၉၅၈၆၃ |
| ၁၃ | ဦးအေး | ၉/မရမ(နိုင်)၀၀၁၉၀၅ |
| ၁၄ | ဦးအောင်ဝင်း | ၁/မကတ(နိုင်)၀၃၀၂၂၀ |
| ၁၅ | ဦးဖော်ယူဂမ်မွန် | |
| ၁၆ | ဦးနွယ်ဘွား | ၅/စကန(နိုင်)၀၈၇၈၀၁ |
| ၁၇ | ဦးမြင့်နိုင်ဦး+ဦးစိုးမြင့် | ၉/မရမ(နိုင်)၀၃၆၀၃၀ |
| ၁၈ | ဦးမြတ်ဇော်ဦး | ၁/မကတ(နိုင်)၀၃၀၃၈၉ |
| ၁၉ | ဦးသန်းမြင့် | |
| ၂၀ | ဦးစိုးနိုင် | ၁၃/ကခဥ(နိုင်)၀၃၄၂၁၇ |
| ၂၁ | ဦးစိုးနိုင်ဦး | ၇/ပလန(နိုင်)၀၄၀၅၅၂ |
| ၂၂ | ဦးစိုးမြင့် | ၁၂/လသန(နိုင်)၀၈၆၈၀၂ |
| ၂၃ | ဦးမရစ်နော် | ၁/မကန(နိုင်)၀၁၆၄၆၀ |
| ၂၄ | ဦးအင်ဒူယဉ်တူးဂျာ | ၁/မကတ(နိုင်)၀၁၈၁၁၈ |
| ၂၅ | ဦးလရော် | ကေအမ်ဂျီ-၀၄၁၂၉၁ |
| ၂၆ | ဦးလှထွန်း | |
| ၂၇ | ဦးတင်ထွန်းလင်း | ၁၂/ရပသ(နိုင်)၀၃၃၁၁၃ |
| ၂၈ | ဦးထွန်းရွှေ | အယ်လ်အက်စ်အို-၂၇၁၉၅ |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး (မြစ်ကြီးနား) သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

**ကျေးဇူးဆပ်ပါမည်**

မငြိမ်းငြိမ်းလှိုင်၏ PP အမှတ် A-၀၆၀၇၈၈/၅-၁၀-၀၇ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၄၂၀၄၇**

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် မေလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**Human Resource Management Course for Entrepreneurs**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၁၀-၅-၂၀၁၃ရက်မှ ၁၇-၅-၂၀၁၃ရက်အထိ (ညနေပိုင်း ရှစ်ရက်သင်တန်း)
**သင်တန်းကြေး** - ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ/ဆရာမများမှ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၆၆၀၆၅၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | မြိတ်တက္ကသိုလ်၊ ပါမောက္ခနေအိမ်သုံးလုံး၊ (၅၀'၉''×၃၅')တစ်ထပ် RCC တည်ဆောက်ခြင်း |
| ၂ | မြိတ်တက္ကသိုလ်၊ ရှစ်ခန်းတွဲ(နှစ်ထပ်) RCC ဝန်ထမ်းနေအိမ်တစ်လုံး (၁၀၀'×၃၅') တည်ဆောက်ခြင်း |
| ၃ | ထားဝယ်တက္ကသိုလ်၊ နှစ်ခန်းတွဲနေအိမ်အမှတ်(၄၊၅)၊ (၄၀'×၃၂')တစ်ထပ် RCC နှစ်လုံး တည်ဆောက်ခြင်း |
| ၄ | ထားဝယ်တက္ကသိုလ်၊ ရွှေဝယ်သီရိလမ်းမကြီးအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ရေပိတ်ကတ္တရာလောင်းခြင်း (၂၉၄၀') |
| ၅ | ထားဝယ်တက္ကသိုလ်၊ ရှစ်ခန်းတွဲနှစ်ထပ် RCC ဆရာ ဆရာမများ အိမ်ရာ(၈၀'×၂၅'×၂၂') တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်) |
| ၆ | ထားဝယ်တက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ (၁၂၅'×၁၁၇'×၃၅')အကြီးစား မွမ်းမံ ပြင်ဆင်ခြင်း |
| ၇ | ပဲခူးတက္ကသိုလ်၊ မိုးလုံလေလုံအားကစားခန်းမ(၁၂၀'×၉၀'×၂၉')တစ်လုံးတည်ဆောက်ခြင်း |
| ၈ | ပဲခူးတက္ကသိုလ်၊ ကျောင်းသား ကျောင်းသူနားနေခန်း(၄၄'×၄၄') RCC တည်ဆောက်ခြင်း နှစ်လုံး |
| ၉ | ပဲခူးတက္ကသိုလ်၊ လေးခန်းတွဲ(၂၀'×၁၂')သန့်စင်ခန်းနှစ်လုံး တည်ဆောက်ခြင်း |
| ၁၀ | ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၁) နှစ်ထပ် RCC စာသင်ဆောင်(၁၁၂'×၃၅')ပြုပြင်ခြင်း |
| ၁၁ | ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၂) တစ်ထပ်စာသင်ဆောင်(၈၅'×၃၂')ပြုပြင်ခြင်း |
| ၁၂ | ပဲခူးတက္ကသိုလ်၊ ရှင်စောပုဆောင်(၃) တစ်ထပ်စာသင်ဆောင်(၈၅'×၃၂')ပြုပြင်ခြင်း |
| ၁၃ | ပဲခူးတက္ကသိုလ်၊ Chain Link ခြံစည်းရိုးကာရံခြင်း (၃၅၅၃') |
| ၁၄ | ပဲခူးတက္ကသိုလ်၊ စာကြည့်တိုက်ဆက်လက်ဆောက်လုပ်ခြင်း သုံးထပ် RCC (၃၀၀'×၄၀') |
| ၁၅ | တောင်ငူတက္ကသိုလ်၊ ပင်မဆောင်(၂၅၆'×၂၄၆')သုံးထပ် RCC တစ်လုံးတည်ဆောက်ခြင်း |
| ၁၆ | တောင်ငူတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')တစ်လုံး ရေ၊ မီးအပါအဝင် |
| ၁၇ | ပြည်တက္ကသိုလ်၊ ခြောက်ခန်းတွဲအိမ်ရာ၊ အုတ်တိုက်၊ တစ်ထပ်နှစ်လုံး (၃၀'×၆၀') တည်ဆောက်ခြင်း |
| ၁၈ | ပြည်တက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')တစ်လုံး ရေ၊ မီးအပါအဝင် |
| ၁၉ | မော်လမြိုင်တက္ကသိုလ်၊ စားသောက်ဆိုင်အဆောက်အအုံ (၁၁၀'၆''×၅၀')တစ်လုံးတည်ဆောက်ခြင်း |
| ၂၀ | ရန်ကုန်တက္ကသိုလ်၊ သိပ္ပံဆောင်နှစ်ထပ်အကြီးစားပြုပြင်မွမ်းမံခြင်း (၂၂၁၀'×၄၂')ရေ၊မီး အပါအဝင် |
| ၂၁ | ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာဆောင်နှစ်ထပ်အကြီးစားပြုပြင်မွမ်းမံခြင်း(၂၂၁၀'×၄၂')ရေ၊ မီး အပါအဝင် |
| ၂၂ | ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ (၉၀'×၁၂၀'×၂၉')တစ်လုံး |
| ၂၃ | ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဘက်စုံသုံး (Multimedia Learning Hub Building) နှစ်ထပ်ဆောင် RCC (၁၀၀'×၁၂၀')ဆောက်လုပ်ခြင်း (ရေ၊မီး အပါအဝင်) |
| ၂၄ | ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဂိတ်(၁)အဝင်လမ်း (၁၉၅'×၂၆')၊ပင်မဆောင်ရှေ့လမ်း (၁၁၆၆'×၂၄')၊ အလယ်လမ်း(၈၅၀'×၂၃')၊ သုတေသနလမ်း (၆၅၄'×၁၆')နိုင်လွန်ကတ္တရာလမ်းခင်းခြင်း |
| ၂၅ | ဒဂုံတက္ကသိုလ်၊ အခန်း(၄၀)ပါ လေးထပ်စာကြည့်တိုက် E Shape သံကူကွန်ကရစ်တစ်လုံး ဆောက်လုပ်ခြင်း (၂၀၀'×၁၀၀') |
| ၂၆ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ Thecentre of excellence in Myanmar Language for Foreigner အဆောက်အအုံ RCC လေးထပ်တည်ဆောက်ခြင်း (ရေ၊ မီး အပါအဝင်) |
| ၂၇ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံး (၁၀၀'×၃၀') အုတ်တိုက် တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်) |
| ၂၈ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ(၁၂၀'×၉၀'×၂၉')တစ်လုံး ရေ၊ မီးအပါအဝင် |
| ၂၉ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ(၈၈'×၃၀')နှစ်လုံးတည်ဆောက်ခြင်း |
| ၃၀ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်း(အုတ်တိုက်) |
| ၃၁ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သုံးထပ်စာသင်ဆောင်တစ်လုံး တည်ဆောက်ခြင်း (၁၈၈'×၄၈') |
| ၃၂ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ (၁၇၂'×၁၂၀') တစ်လုံး တည်ဆောက်ခြင်း |
| ၃၃ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ငါးခန်းတွဲစားသောက်ဆိုင်တန်း RCC (၁၂၀'×၃၀')တစ်လုံး တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်) |
| ၃၄ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပင်မဆောင် A-Block(Super Structure) (၅၁၆'×၄၈') တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်) |
| ၃၅ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ အုတ်ညှပ်တစ်ထပ်ဂိုဒေါင်အဟောင်းအား မိုးလုံလေလုံ အားကစားရုံအဖြစ် ပြင်ဆင်ဆောက်လုပ်ခြင်း (၄၅'×၁၂၀') (အမိုး Steel Structure) |
| ၃၆ | ပုသိမ်တက္ကသိုလ်၊ သုံးထပ်စာသင်ဆောင်သွားလမ်း (၁၅၀၀၀'×၁၄'×၈'')တည်ဆောက်ခြင်း |
| ၃၇ | ပုသိမ်တက္ကသိုလ်၊ ဆောက်လုပ်ဆဲ ဘွဲ့နှင်းသဘင်ခန်းမအား အပြီးသတ် ဆက်လက် ဆောက်လုပ်ခြင်း |
| ၃၈ | ဟင်္သာတတက္ကသိုလ်၊ပင်မလေးထပ်ဆောင်(၃၅၁.၅'×၆၀') RCC တစ်လုံးတည်ဆောက်ခြင်း |
| ၃၉ | ဟင်္သာတတက္ကသိုလ်၊သုံးထပ်စာသင်ဆောင်နှစ်ဆောင်ရှေ့ ကွန်ကရစ်လမ်းခင်းခြင်းနှင့် Culvert သုံးစင်း တည်ဆောက်ခြင်း |
| ၄၀ | ဟင်္သာတတက္ကသိုလ်၊ ဆရာမများဆောင်ရှေ့ သံကူကွန်ကရစ်တံတား (၁၈'×၁၀') တည်ဆောက်ခြင်း |
| ၄၁ | ဟင်္သာတတက္ကသိုလ်၊ မျက်နှာစာခြံစည်းရိုးအောက်ခြေ အုတ်နံရံအား ကျပန်းကျောက်စီကာရံပေးခြင်း (၂၆၀၀'×၄') |
| ၄၂ | မအူပင်တက္ကသိုလ်၊ ပင်မဆောင်အနောက်ဘက်ဝင်းပတ်လမ်း(ရေစင်ရှေ့လမ်း) သံကူကွန်ကရစ် ကားပတ်လမ်း (၇၂၀'×၁၄'×၈'')ဖောက်ခြင်း |
| ၄၃ | မအူပင်တက္ကသိုလ် ဆရာမများဆောင် (အေ၊ဘီ)ဆောင်မှ ပင်မဆောင်သို့သွားသော လမ်းကူး သံကူကွန်ကရစ်ကားလမ်း (၆၆၀'×၂၁')ဖောက်ခြင်းနှင့် RCC တံတားတစ်စင်း တည်ဆောက်ခြင်း |
| ၄၄ | မအူပင်တက္ကသိုလ်၊ တန်ဖိုးနည်းအိမ်ရာငါးလုံး အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၄၅ | မအူပင်တက္ကသိုလ်၊ စက်ဘီးရုံအမှတ်(၁)နှင့် (၂)အဆောက်အအုံအား ကားများထားနိုင်ရန် ကားဂိုဒေါင်ပြုလုပ်ခြင်း |
| ၄၆ | မအူပင်တက္ကသိုလ်၊ စာသင်ဆောင် H နှင့် F အဆောင်ကြားလမ်းဘေးအုတ်ရေမြောင်း (၂၀၁၀'×၃'×၂') ဖောက်လုပ်ခြင်း |
| ၄၇ | မအူပင်တက္ကသိုလ်၊ ပင်မဆောင်တွင် (၁၁/၀.၄) ကေဗွီ ၅၀၀ KVA ထရန်စဖော်မာနှင့် ၁၁ ကေဗွီလိုင်း ၁၈၀၀ပေ တည်ဆောက်ခြင်း |
| ၄၈ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ နိုင်ငံခြားကျောင်းသားဆောင် နှစ်ထပ် (နရဏီဆောင်) (၁၄၀'×၃၅') အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၄၉ | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရုံးချုပ်၊ နိုင်ငံခြားကျောင်းသူဆောင် နှစ်ထပ် (သီတာဆောင်) (၁၄၀'×၃၅') အကြီးစားပြုပြင်မွမ်းမံခြင်း |
| ၅၀ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ ပါမောက္ခနှစ်ထပ်နေအိမ်ခုနစ်လုံး အကြီးစား ပြုပြင်မွမ်းမံခြင်း |
| ၅၁ | အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရုံးချုပ်၊ တက္ကသိုလ်များ တင်းနစ်ကွင်းပတ်ဝန်းကျင် လေးခန်းတွဲတိုက်ခြောက်လုံး အကြီးစားပြုပြင်မွမ်းမံခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၆-၅-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၅-၂၀၁၃ရက် ၁၆:၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက် ပိုမို၍တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆောင်(၁) ပထမထပ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဤဦးစီးဌာန၊ အင်ဂျင်နီယာဌာနတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၄၇၅၅ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)**

# ကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌**
**၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၃၉**

ဦးစောနိုင် **နှင့်** ၁။ ဒေါ်ငွေးငွေးလွင် ၂။ ဦးဖိုးထူး(ခ)ဦးမြင့်လွင် ၃။ ဒေါ်ပြုံးပြုံးလွင် ၄။ ဒေါ်ချိုချိုလွင် ၅။ မိဖြူ(ခ)လွင်လွင်ဦး ၆။ ကိုသော်ဇင်ဦး

**တရားလို** **တရားပြိုင်များ**

ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ် ၁၆၄ နေ ဦးဖိုးထူး(ခ) ဦးမြင့်လွင် သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစောနိုင်က အခွင့်နှင့်အခမဲ့ထားရှိသော မြေနှင့်အိမ်ပေါ်မှ ဖယ်ရှားထွက်ခွာသွားစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၃ရက် (၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရင်ရင်သန်း)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးထွန်းမြင့်(ဆသရ၊ ငြိမ်း)

လက်ဝှေ့လောကတွင် အစားထိုးမရသော ဗိုလ်မှူးကြီးထွန်းမြင့်(ဆသရ၊ ငြိမ်း)၊ မြန်မာနိုင်ငံ(အနောက်တိုင်း)လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဆက်သွယ်ရေးတပ်ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)သည် မေ ၃ရက်က ကွယ်လွန်ခဲ့ပါသည်။ လက်ဝှေ့အားကစားတွင် ထပ်ဆင့်ကျွန်းဆွယ်ချန်ပီယံများ၊ အာရှချန်ပီယံများနှင့် ကမ္ဘာ့အိုလံပစ်ကြိုးဝိုင်းသို့ တက်ရောက်နိုင်သူများ ဖော်ထုတ်ပေးခဲ့ခြင်းတို့ကို သတိတရရှိစွာဖြင့် နည်းပြနှင့်တကွ လက်ဝှေ့ချန်ပီယံများက ကြေကွဲတမ်းတစွာဖြင့် ဗိုလ်မှူးကြီး ကောင်းရာသုဂတိလားစေရန် အလှူဒါနပြု၍ ဆုမွန်ကောင်းတောင်းလျက်။ **ရွှေခေတ်ကနည်းပြဆရာနှင့် လက်ဝှေ့သမားများ**

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ဝင်း(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) ဆေးရုံတက်ရောက်ကုသစဉ် အထူးကြပ်မတ်ကုသပေးသော ဦးနှောက်နှင့်အာရုံကြောအထူးကုဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးများ၊ သမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုကျန်းမာရေးဝန်ထမ်းများ၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးကြသော ပြည်ထောင်စုပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွမ်းခွန်ဆမ်းမိသားစု၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးမိသားစု၊ ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဇနီးမိသားစု၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့်မိသားစု၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဝန်ထမ်းများနှင့်မိသားစုများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဌာနဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့်ဇနီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ဇနီးများနှင့် ဝန်ထမ်းမိသားစုများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၊ ၂-၅-၂၀၁၃ ရက်တွင် နာရေး၌ အဘက်ဘက်မှကူညီဆောင်ရွက်ပေးသော တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ရေဝေးသုသာန်သို့ လိုက်လံပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းအားပေးကြသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများ၊ နေ့စဉ်ထုတ်သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်းဖော်ပြခဲ့သော အနယ်နယ်အရပ်ရပ်မှ မိတ်သင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**ဇနီးဒေါ်နှင်းဆီထွန်းနှင့် ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမိုးမြင့်အောင်

**ထုတ်ဝေသူ(မြန်မာစပို့ စပယ်ရှယ်ဂျာနယ်)**

**အသက်(၅၂)နှစ်**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်-ဒေါ်လှတင့်တို့၏သားလတ် ဦးမိုးမြင့်အောင်၊ ထုတ်ဝေသူ(မြန်မာစပို့စပယ်ရှယ်ဂျာနယ်)သည် ၅-၅-၂၀၁၃ ရက် ဝဝး၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၁၉၈၊ မြေကွက်တည်နေရာအမှတ် ၁၉၈၊ ဇရာ ၇လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးတင်ဝမ်း ၁၂/ဥကမ(နိုင်)ဝ၈၄၃ဝ၆ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဝမ်းက ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်များတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၄၃၂၃/၂၂-၈-၂၀၁၂ ဖြင့် ရရှိသူ ဒေါ်သီတာအေး ၁၂/ဥကမ(နိုင်) ၁၉၃၉၃၄က ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁/ရွှေပေါက္ကံ၊ မြေကွက်အမှတ် ၂၇၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ပုဂံလမ်း၊ ၂၁/ရွှေပေါက္ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်သန်းသန်းငွေ ၁၂/ဗဟန(နိုင်) ဝ၂ဝ၁ဝ၅ အမည်ပေါက် နှစ် ၆ဝဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းငွေက ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကမ္ဘာ့အဆင့်ပညာရေးကို ပြည်တွင်း၌ စရိတ်သက်သာစွာ ရယူနိုင်မည့် အခွင့်အလမ်းများ

### ဟောပြောပွဲ ဖိတ်ကြားလွှာ

- ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှချီးမြှင့်သည့် HND Diploma မှ တစ်ဆင့် ကမ္ဘာ့အဆင့်ပညာရေးကို ပြည်တွင်း၌ပင် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများ {3+0 (သို့) 2+1 program}
- နိုင်ငံတကာရှိ Edexcel Approved Centres (တက္ကသိုလ်၊ ကောလိပ်များ)အားလုံး၌တစ်ပြေးညီ ကျင့်သုံးလျက်ရှိသည့် Quality Assurance Process ၊ စာသင်ကြားမှုပုံစံ (Teaching Methodology ) များနှင့် စစ်ဆေးအကဲဖြတ်မှု ပုံစံများ (Accessment Method)
- ဘာသာရပ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီကြီးများတွင် လစာအကောင်းဆုံးဖြစ်သော IT / Computing ဘာသာရပ်၏ အလုပ်အကိုင်အခွင့်အလမ်းများ

စိတ်ပါဝင်စားသူ မည်သူမဆို ကြိုတင်စာရင်းပေးသွင်း၍ (အခမဲ့) တက်ရောက်နိုင်ပါသည်။ အယောက် ( ၅၀ )သာ

**Ph: 01-503715, 09-86 288 06**

| | | |
|---|---|---|
| ဆွေးနွေးမည့်သူ | ။ | ။ ဦးဝင်းထိန်ဝင်း ( Principal - Gusto Institute ) |
| နေ့ရက် | ။ | ။ ၁၂ မေလ ၂၀၁၃ (တနင်္ဂနွေနေ့) |
| အချိန် | ။ | ။ မွန်းလွဲ (၃:၀၀) နာရီ မှ (၅:၀၀) နာရီထိ |
| နေရာ | ။ | ။ အမှတ် ၃၃၂ (ဒီ)၊ ပြည်လမ်း ၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ |

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ချောယုံ

**အသက် (၉၇)နှစ်**

ဦးထွန်းထွန်းကျော်-ဒေါ်ကြည်ကြည်လှိုင်တို့၏အဘွား ဒေါ်ချောယုံသည် ၂၇-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးကောင်းဇီဝိတဒါန သံဃာ့ဆေးကုသရေးအဖွဲ့**
**မိုးကောင်းကျောင်းတိုက်၊ ဟသ္သာတမြို့**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စောကျင်

**အသက် (၉၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၁၁၁ နေ (ဦးစောယုံဝေး)၏ ချစ်လှစွာသောဇနီးသည် ၅-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဖိုးပြည့် အဆင့်မြင့်ဆီသန့်၊ အကြော်စုံ**
**မုန့်မျိုးစုံနှင့် ဝေဖာလုပ်ငန်းမိသားစု၊ တာမွေလေးရပ်ကွက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းကျော်(ကမ္ဘ)

**အသက်(၆၈)နှစ်**

Yangon Metal Industry Co.,Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သော ဦးဝင်းကျော် (စူပါဘက်ထရီ၊ ပလိပ်ပြားနှင့် အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) အသက်(၆၈)နှစ်သည် ၃-၅-၂၀၁၃ရက်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။ **အမှုဆောင်ဒါရိုက်တာအဖွဲ့**

**Yangon Metal Industry Co., Ltd.**

## နံ့သာ- အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုလုပ်ငန်း

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့၊ ကာယ၊ ဉာဏ၊ ပေါင်းကူး၊ လေးထောင့်ကန်၊ ငွေနံ့သာစံပြ၊ ဘားလားစံပြ၊ ရွှေနံ့သာစံပြ၊ သစ်ခွအထူးဇုန် (၁ ဒသမ ၅ ဧကဂရန်မြေ)

**ဖုန်း-၀၉-၄၃၀၉၈၁၄၅**

## ရောင်းမည်

ပြည်မြို့၊ တာဝွလမ်းဆုံအနီး၊ ပြည်-ပေါက်ခေါင်းကားလမ်းမကြီးဘေး၊ ခြံအကျယ် ၃ ဒသမ ၈၀ ဧကရှိ ဂရန်အမည်ပေါက်မြေ စားသောက်ဆိုင်။ **ဆက်သွယ်ရန်**

**ဖုန်း-၀၅၃-၂၈၆၀၅၊ ၀၅၃-၂၈၆၀၆**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၅-၄-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ အချပ်ပို(က)၌ အများသိစေရန် ကြေညာပါ ဦးအောင်ကြည်(ခ)ဦးသောင်းကြည်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဥကမ(နိုင်)၀၁၂၀၄၅ အစား ၁၄/ဝခမ(နိုင်)၀၁၂၀၄၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အထူးကျေးဇူးတင်ရှိခြင်း

၂၅-၄-၂၀၁၃ရက်က တောင်ငူမြို့တွင် ကွယ်လွန်သွားသော ကျေးဇူးရှင်မိခင်ကြီး ကမ္ဘာ့ဆရာများနေ့ မြတ်ဆရာပူဇော်ကန်တော့ခံဆရာမကြီး ဒေါ်မြင့်မြင့်ဝေ အသက်(၇၆)နှစ် B.A.Ed(B.Ed) (SAT၊ ငြိမ်း၊ အထက-၂)နှင့် (ဌာနမှူး၊ ငြိမ်း၊ လေ့ကျင့်ရေးဌာန၊ ပညာရေးကောလိပ်၊ တောင်ငူမြို့)အား နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက် အထူးဂရုစိုက်၍ ကုသပေးခဲ့ကြသော တောင်ငူမြို့မှ ဆရာဝန်များ၊ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော သူနာပြုဆရာမများအားလည်းကောင်း၊ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းများ၊ E-mail များဖြင့်အကြောင်းကြား နှစ်သိမ့်အားပေးကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေပေးပို့ကြသူများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေသင်္ဂဟများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအားလည်းကောင်း၊ ကွယ်လွန်သည့်ရက်မှစ၍ မြေကျသောနေ့နှင့် ရက်လည်ဆွမ်းကျွေးနေ့များအထိ ကိစ္စအဝဝကို အဘက်ဘက်မှပြည့်စုံစွာ ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## (၁၂)လပြည့်အလွမ်း

## ဒေါ်အကြည်(ခ)ဒေါ်ကြည်ကြည်

**အသက် (၇၄)နှစ်**

**(၉-၅-၂၀၁၂)-(၉-၅-၂၀၁၃)**

ချစ်ရတဲ့မေကြီးရေ

မောင်နဲ့ သားသမီးမြေးလေးများကို ခွဲခွာသွားတာ ၉-၅-၂၀၁၃ရက်ဆို (၁၂)လပြည့်သွားပြီလေ မောင်တို့ကတော့ စက္ကန့်မျှပဲရှိနေသေးတယ် ထင်နေတာလေ။

ဘာပဲဖြစ်ဖြစ်လေ မေကြီး ရောက်ရှိနေတဲ့ဘဝမှာ စိတ်ချမ်းသာပါစေ၊ သာသနာ့အကျိုးများဆောင်ရွက်နိုင်ပါစေ၊ ယခုကဲ့သို့သော ရောဂါဝေဒနာကြီးများမခံစားရပါစေနဲ့လို့ မောင်နဲ့ သား သမီး မြေးများက အလှူဒါနတွေပြုပြီး နေ့စဉ်ဆုတောင်းပေးနေလျက်ပါ မေကြီးရေ…

**အချစ်များစွာဖြင့်-**
**ဖေကြီး ဦးချစ်ကြည်**
**သားကြီး ကိုအောင်ဇော်ဦး၊ မစန္ဒာမင်း**
**သမီး မခင်အောင်မျိုးနှင့်**
**မြေးငယ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းကျော်(ကမ္ဘ)

**အသက်(၆၈)နှစ်**

Yangon Metal Industry Co.,Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သော ဦးဝင်းကျော် (စူပါဘက်ထရီ၊ ပလိပ်ပြားနှင့် အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) အသက်(၆၈)နှစ်သည် ၃-၅-၂၀၁၃ ရက်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**Proven Technology Industry Co., Ltd.**
**(TOYO BATTERY)**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ညွန့်

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက် (၇၃)နှစ်**

ဦးခင်မောင်ညွန့်၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၆-၅-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**
**တည်ဆောက်ရေး(၂)၊ ဆည်မြောင်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ညွန့်

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက် (၇၃)နှစ်**

ဦးခင်မောင်ညွန့်၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၆-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းဦးစီးဌာန**

ကြော်ငြာ

## အထူးကျေးဇူးတင်ရှိခြင်း

၃-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီး ထွန်းမြင့်(ငြိမ်း)အသက်(၉၃)နှစ် (ဆက်သွယ်ရေးညွှန်ကြားရေးမှူး၊ငြိမ်း)နာမကျန်း ဖြစ်စဉ်မှစ၍ ကွယ်လွန်ပြီးသည်အထိ အဘက်ဘက်မှ လိုလေသေးမရှိ ကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကျော်ညွှန့်၊ ဒေါ်သီတာစိန်နှင့်ဆက်သွယ်ရေးတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ နာမကျန်းဖြစ်စဉ် အထူးကြပ်မတ်ဂရုတစိုက်ကုသပေးခဲ့ကြသော တဆရ-၂(ခုတင် ၅၀၀)မှ တပ်မှူးကြီး၊ ပါရဂူဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ နာရေးတွင် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ညွှန့်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဝန်ကြီးဌာန

အသက်(၇၃)နှစ်

ဦးအောင်နန္ဒကျော်(KBZ Bank)၏ဖခင်ဖြစ်သူ ဦးခင်မောင်ညွှန့် အသက်(၇၃)နှစ်သည် ၆-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Blossom success Co., Ltd.**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်ညွှန့်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

အသက်(၇၃)နှစ်

ဦးခင်မောင်ညွှန့် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) အသက်(၇၃)နှစ်သည် ၆-၅-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကမ္ဘောဇဘဏ်လီမိတက်**
**ကဒ်ဌာနမိသားစု**

---

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

သမီးလေး ဆုမြတ်သွယ် မိသားစုနှင့်ခွဲခွာသွားသည်မှာ ၉-၅-၂၀၁၃ရက် ဆိုလျှင် (၁)လပြည့်ရှိခဲ့ပါပြီ။ ကျန်ရစ်တဲ့ ဖေဖေ၊ မေမေတို့နှင့် ကိုကြီးတို့ကလည်း တစ်ရက်မှမေ့လို့မရပါဘူး။ သမီးလေးကို ရည်စူးပြီး နေ့စဉ်ကောင်းမှုကုသိုလ် ပြုလုပ်ပေးနေပါတယ်။ သမီးလေး ကောင်းရာဘုံဘဝကနေ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖေဖေ ဦးအောင်ထူး-မေမေ ဒေါ်မော်မော်**
**ကိုကြီးများ- ကိုဇော်မင်းထူး-မလှလှထွေး**
**ကိုကျော်စွာအောင်၊ ကိုဝေလင်းထူး**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းနွယ်

အထက(၂)ဗိုလ်တထောင်၊ RC (1) အတွင်းရေးမှူး

အသက်(၅၅)နှစ်

ဦးစိန်မြ (ဗဟိုပုံနှိပ်တိုက်၊ စက်ရုံမှူး)၏ဇနီး ဒေါ်စန်းစန်းနွယ် ကွယ်လွန် ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RC-1, RU BC, BC ကျောင်းသားဟောင်းများလူမှုရေးအဖွဲ့**

---

## ဦးမျိုးခင် (အမရပူရ)

**B.Sc (Hons)**

ကထိက(ငြိမ်း)၊ ရူပဗေဒဌာန

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(မန္တလေး)

အသက်(၇၂)နှစ်

အမရပူရမြို့၊ သင်ပန်းကုန်းရပ်နေ (ဦးဘကောင်း-ဒေါ်ညွန့်ညွန့်)တို့၏သား ကြီး၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေလလမ်းနေ (ဦးသန်းကြီး-ဒေါ်ခင်) တို့၏သားသမက်၊ဒေါက်တာဒေါ်ခင်မြင့် ၏ခင်ပွန်း၊ ဒေါက်တာအောင်အောင်မျိုး (ရပကန၊ တောင်ကြီး) - ဒေါက်တာ နန်းလောင်နွံ၊ ဒေါက်တာကျော်စွာမျိုး (ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ တနင်္သာရီတိုင်းဒေသကြီး)-ဒေါ်နန်းခမ်း အိမ်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၈-၅-၂၀၁၃ရက် နံနက် ၁၁း၅၀နာရီတွင် အထက်ပါ တောင်ကြီး မြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ် ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်တင် (ပုသိမ်)

စာရင်းကိုင် (၃)-(ငြိမ်း)

လမ်းတံတား၊

ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန

အသက်(၆၄)နှစ်

ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၀နေ(ဦးအောင်တင်-ဒေါ်နုနုတင်)တို့၏ ဒုတိယမြောက်သမီး၊ သိက္ခာတော်ရဆရာ ဦးမန်းကျော်ဟန် - ဒေါ်ရှီစ်တို့၏သမီး ချွေးမ၊ ဦးစအဲလ်ဘတ်(ဆလက၊ ငြိမ်း) ၏ဇနီး၊ နန့်ဂျူလီယာပွင့်ဖြူဦး၊ နန့်ဇူဇိုင်း နာမေသဇင်ကျော်တို့၏မိခင်၊ ဒေါ်ခင် သန်းမြင့်-ဦးချမ်းငြိမ်းတို့၏ညီမ၊ ဦးမြင့် သိန်းအေး-(ဒေါ်စန်းစန်းတင်)၊ (ဦးစိုး မြင့်-ဒေါ်မြမြတင်)တို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၈-၅- ၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ရန်ကုန်မြို့ အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ် တော်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသန်း (အလုံ)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စပယ်လမ်း၊ အမှတ် ၁၉နေ(ဦးထွန်းခင်-ဒေါ်နှင်းခင်) တို့၏တတိယသမီး၊ (ဦးမောင်သင်း)၏ ဇနီး၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးစောနေဝင်း - ဒေါ်လေးလေးခင် (ခေတ္တ-ဩစတြေးလျ)၊ ဒေါ်မြတ်မြတ် သင်း၊ ဦးထွန်းထွန်းဝင်း(UNITEAM)- ဒေါ်တင်ကလျာ (LOGISTICS ASSISTANT SWIBER)၊ မောင် လွင်မိုးထက်တို့၏မိခင်၊ မမေသူခိုင်- မောင်ဉာဏ်ဝင်းချစ်(ခေတ္တ-ဩစတြေး လျ)၊ မောင်မင်းဇော်ဦး-မသီတာဝင်း (ခေတ္တ-ဩစတြေးလျ)၊ မောင်ထူးသစ်၊ မောင်ညီညီထွဋ်တို့၏အဘွား၊ မြစ်သုံး ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၅-၂၀၁၃ရက် နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၅- ၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်မျိုးဦး(ခ)မွန်ကြီး

(ရေဆင်း)

အသက်(၄၃)နှစ်

မွန်ပြည်နယ်၊ကျိုက်ထိုမြို့၊ သိမ်ဇရပ် ကျေးရွာနေ ဦးကျော်စိုး-ဒေါ်ခင်ခင်ထွန်း တို့၏သား၊ ဦးတင်ရွှေ-ဒေါ်စန်းတင် တို့၏သားသမက်၊ ကိုကျော်မျိုးလွင်၊ ကိုကျော်မျိုးနိုင် - မဇာဇာလွင်တို့၏ အစ်ကို၊ ရေဆင်းတက္ကသိုလ် ဆိုင်အမှတ် (၃) DAR ဆိုင်တန်းနေ ဒေါ်တင်တင်ဦး (ခ)မွန်မ၏ခင်ပွန်း၊ မောင်ကောင်းထက် ပိုင်၊ မချစ်စုဝေကျော်၊ မောင်ဇင်မင်းမြတ်၊ မရွှေစီတို့၏ဖခင်သည် ၇-၅-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၉-၅-၂၀၁၃ရက်(ကြာသ ပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကွေ့ကြီး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ များအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ချစ် (ငြိမ်း)

**(Mitsubishi Corporation) Telex Operator**

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့် ကန်လမ်း၊ အမှတ် ၆၆၊ A-1 နေ ဒေါ်သောင်းညွှန့်၏ခင်ပွန်း၊ ဒုအရာခံဗိုလ် မြင့်စိုး(မြစ်ကြီးနား)-ဒေါ်ခင်ခင်တင့်[မူအုပ် (အမက-၉၃)၊ ရှမ်းတဲ၊ မိတ္ထီလာမြို့]၊ ဦးမောင်မောင်မြင့်(ငွေကိုင်-၁၊ MICB )-ဒေါ်တင်တင်မြင့်(လယ်ပြ၊ အမက- ၁၊ မူလွန်၊ ဒဂုံတောင်)၊ ဒေါ်ဝင်းဝင်းမြင့် (လယ်ပြ၊ အထက-၅၊ ဒဂုံတောင်)၊ ဦးအောင်ကျော်ဆင့်တို့၏ဖခင်ကြီး၊ ဗိုလ်ကြီးကျော်စွာထက်(ကမာဝက်၊ တပ်ရင်း ဆေးမှူး)၊ ဗိုလ်ရဲမြင့်မြတ်(ခုတင်-၅၀၀)၊ အမ်းမြို့၊ မောင်မြင့်မိုး(UCSY)၊ မောင် သီဟအောင်၊ မောင်အောင်ပြည့်စုံမြတ်(Engineering)တို့၏အဘိုးသည် ၇-၅- ၂၀၁၃ရက် (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်လှ(ခ)ချင်ကင်ဖွယ် (စင်ကာပူအပ်ချုပ်ဆိုင်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တိုက် ၁၊ အခန်း ၇၃၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်စိန်-ဒေါ်ကျင်ဟန်)တို့၏ဒုတိယသား၊ (ဦးချန်မွန် ဖီး-ဒေါ်မြရီ)တို့၏သားသမက်၊ ဒေါ်လှလှရင်(ထ-၄၊ မင်္ဂလာတောင်ညွှန့်)၏ ခင်ပွန်း၊ ဦးတင်ညွှန့်(KEN BROTHERS Trading Co., Ltd.)-ဒေါ်စန်းစန်း တို့၏ညီ၊ (ဦးမောင်မောင်စိုး)၊ ဒေါ်ငွေငွေစန်း၊ ဒေါ်ငွေငွေကြူ၊ ဦးငွေလှိုင်- ဒေါ်အိန်ထွေးမှီတို့၏အစ်ကို၊ ကိုသော်ဇင်ဦး-မခင်လင်းလင်းမိုး၊ ကိုသော်ဇင်လတ်၊ မမေဦးလွင်တို့၏ဦးလေး၊ မနှင်းသော်တာဦး၊ မောင်ရဲရင့်အောင်တို့၏အဘိုးသည် ၇-၅-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးကောင်းတံတရုတ် သုသာန်သို့ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်နယ်ကျော်ညွှန့်(ခ)ဦးသိန်းတန်ညွှန့် (ဆန်နီ)

မြို့မကျောင်းသားဟောင်း

အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဘုရားလမ်းဘူတာရုံပိုင်ကြီး ဦးကျော်ညွှန့်-ဒေါ်ခင်နုနု)တို့၏ သားကြီး၊ (ပီတာကျော်ညွှန့်)၊ ဘော်ဘီကျော်ညွှန့်၊ ရှယ်လီကျော်ညွှန့်၊ ဒေါ်လီကျော် ညွှန့်တို့၏အစ်ကိုကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈/E ရပ်ကွက်၊ ကော့ သောင်းလမ်း၊ အမှတ် ၁၂၂၃နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ မမေကြည်ဝေ (အထက်တန်းပြ)၏ဖခင်သည် ၄-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျိစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစုနှင့်ညီ၊ညီမများ

---

ခေတ္တရာအသင်း(ရန်ကုန်)

## ဒေါ်လှမြင့် (ပြည်မြို့)

အသက်(၈၅)နှစ်

ပြည်မြို့၊ အမှတ် ၈၂၁၊ ဗိုလ်ချုပ်လမ်း နေ ဦးမြင့်(သုခမ္မမဏိဇောတရေ)၏ဇနီး၊ ဦးသိန်းတန်-ဒေါ်အေးအေးကြည် (ပြည် မြို့၊ ကရဝိက်သက်န်းတိုက်)၊(ဒေါက်တာ ခင်ထွန်း) - ဒေါ်နွဲ့နွဲ့ရီ (ရန်ကုန်မြို့၊ ကရဝိက် သက်န်းတိုက်)၊ ဦးငွေး- ဒေါက်တာစန်းစန်းဦး (သိမ်ကြီးဈေး၊ B ရုံ)တို့၏မိခင်သည် ၆-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ၃း၃၀နာရီတွင်ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသား များအား အကြောင်းကြားအပ်ပါသည်။

ခေတ္တရာအသင်း(ရန်ကုန်)

---

## ဒေါ်သန်းသန်းဦး(ခ)

**PATSY**

အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ရှေ့နေ ဦးဘိုးသင်- ဒေါ်ညွှန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၉၁ (ပထပ်)၊ ၅၁လမ်း၊ ပုဇွန်တောင် မြို့နယ်နေ ဦးလွန်းမောင်၏ဇနီး၊ (ဦးစိမ်း မောင်-ဒေါ်တင်ကြည်)၊ (ဦးလှဝေ-ဒေါ် ခင်ရီ)၊(ဦးမြ)-ဒေါ်စီစီတို့၏ညီမ၊ (ဦးလှ ဝင်း)-ဒေါ်သီသီဝင်းတို့၏အစ်မ၊တူ၊တူမ ၁၇ယောက်တို့၏အဒေါ်သည် ၈-၅- ၂၀၁၃ရက်မွန်းလွဲ၁း၅၀နာရီတွင်ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးခင် (အမရပူရ)

အသက်(၇၂)နှစ်

အမရပူရမြို့၊ သင်ပန်းကုန်းရပ်နေ (ဦးဘကောင်း-ဒေါ်ညွှန့်ညွှန့်)တို့၏သား ကြီး၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေလလမ်းနေ ဒေါက်တာဒေါ်ခင်မြင့်၏ ခင်ပွန်း၊ရန်ကုန်မြို့နေ ဒေါက်တာဦးစော လွင်-ဒေါ်ခင်သန်းညွှန့်၊ အမရပူရမြို့နေ ဦးကျော်စိန်-ဒေါ်မြင့်မြင့်၊ ဒေါ်မြမြ၊ ဦးချစ်ခိုင်၊ ဦးသိန်းထူး၊ ရန်ကုန်မြို့နေ ဦးခင်မောင်အောင် - ဒေါ်ရီရီမေတို့၏ အစ်ကိုကြီးသည် ၈-၅-၂၀၁၃ရက်နံနက် ၁၁း၅၀နာရီတွင် အထက်ပါတောင်ကြီး မြို့ နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ် ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးကျော်ဝင်း(ခ)

## ချာဟုတ်ဝမ်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း ၂၀၊ အမှတ် ၁၉နေ (ချာဘွန်တန်-တျူရန်ကီ) တို့၏သားကြီး၊ ဒေါ်ခင်ခင်မြ၏ခင်ပွန်း၊ Rev.ဦးဟုတ်စိန် - ဒေါ်လှလှဝင်းတို့၏ အစ်ကိုကြီး၊ ဒေါက်တာအိန်ဂျလာ- ဒေါက်တာထိန်လင်း၊ ဒေါ်ခင်ခင်အေး- ဦးလှဝင်း၊ ဒေါ်ခင်မွေး - ဦးပီတာ၊ ဒေါက်တာပိုပို - Rev.ဦးကောက်စိန်၊ ဒါရိုက်တာဦးသိန်းဟန်(Phoenix)-ဒေါ် မြတ်သဇင်ထူး (ဖီးနစ်ရပ်ရှင် ထုတ်လုပ် ရေး)တို့၏ဖခင်၊ Simon Doreen၊ ဖွဲ့ရဲထွဋ်၊ Gladys၊ ကျော်ရဲထွဋ်၊ အင်ကြင်းသိန်းဟန်၊ နိုဝယ်လ်သိန်းဟန်၊ Trinity တို့၏အဘိုးသည် ၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့)ည ၈း၃၀နာရီတွင် ခရစ် တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၅- ၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ် ယာန်ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း ပြီးပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းတော်ရှေ့နှင့် နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဖြူဖြူ (သာယာဝတီ)

အသက်(၇၉)နှစ်

သာယာဝတီမြို့၊ ဈေးလမ်းနေ (ဦးရမ်း ပရာဆပ်-ဒေါ်လှမေ)တို့၏သမီး၊(ဦးညွှန့် မောင်၊ စာရင်းစစ်ရုံး၊ ငြိမ်း)၏ဇနီး၊ ဦးကျော်ကျော်အေးဝင်း-ဒေါ်ဝင်းမာညွှန့်၊ ဦးရဲသူညွှန့် - ဒေါ်ကြည်ကြည်ခိုင်၊ ဦးကိုကိုအောင်-ဒေါ်တင်မိုးညွှန့်၊ ဦးစည် သူညွှန့် - ဒေါ်အေးအေးမော်တို့၏မိခင်၊ မောင်ကျော်ရဲနိုင်-မရွှေစင်ဦး၊ မသြမေ ကျော်၊ မောင်ထူးမြတ်ရဲသူ၊ မထားမြတ် နဒီ၊ မောင်သူထူးအံ့၊ မသြမြတ်အိန္ဒြေ၊ မယဉ်မွန်သူတို့၏အဘွားသည် ၆-၅- ၂၀၁၃ရက်(တနင်္လာနေ့) ည ၁၁း၄၀နာရီ တွင် ကွယ်လွန်သွားပါ၍ ၇-၅-၂၀၁၃ ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၅- ၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၅၃-B၊ ဘုရား လမ်း၊(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လင်ကြူတင်

အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်း၊ အမှတ်(၃၀)နေ(ဦးတန်ကျင်အင်း)၏ဇနီး၊ ဒေါ်တန်ဘွန်လို၊ ဦးတင်အောင်(ဘဲတင် အောင်ပွဲရုံ)-ဒေါ်ခင်သိန်းကြည်၊ ဦးတင် မောင်လှ-ဒေါ်တိုးတိုးလှိုင်၊ ဦးထွန်း လင်း-ဒေါ်မြင့်မြင့်အေးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (အမှတ် ၉၅၊ ၇လမ်း၊ လမ်းမတော်မြို့နယ် နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြရွှေ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၆၊ မအူပင်လမ်းနေ (ဦးကျော် လှ-ဒေါ်ထွားပု)တို့၏သမီး၊ (ဦးမောင် မောင်စိန်)၏ဇနီး၊ (ဦးခင်မောင်ရွှေ-ဒေါ် တင်တင်အေး)၊ဦးတင်မောင်ရွှေ-ဒေါ်ခင် မြင့်၊ ဦးတင်မောင်သန်း-ဒေါ်ခင်နှင်းဝေ၊ ဦးမင်းဆွေ-ဒေါ်သန္တာ၊ ဦးသန်းဦး-ဒေါ် ချိုချိုမြင့်၊ ဦးသက်ဦးတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၀ယောက်တို့၏ဘွား ဘွားကြီးသည် ၈-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင်ကွယ်လွန်သွားပါ၍ ၁၀-၅- ၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၈း၄၅နာရီတွင်ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်စိန်

ဌာနစုမှူး(၂)

နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)

အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ဦးဖိုးစိန်-ဒေါ်အေး ကင်)တို့၏သား၊ ညောင်လေးပင်မြို့နေ (ဦးအုံးကျော် - ဒေါ်ပြုံး)တို့၏ သား သမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နီလာလမ်း သွယ်(၃)၊အမှတ် ၅/၅၉၁နေ ဒေါ်ခင်ခင် ဝင်း၏ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်မွန်အောင် (Chiyoda & Public Works Co., Ltd.)၊ ဦးသိန်းထွန်းစိန်၊ ဒေါ်ခင်ဆွေမြင့် အောင်(Aye's Family Co., Ltd.)၊ ဦးအောင်မျိုးဆင့်(ခ)ဗိုလ်ဝတို့၏ ဖခင် သည် ၆-၅-၂၀၁၃ရက် (တနင်္လာနေ့) ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ၌ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၅- ၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

## ဦးကျော်ရှိန် (ဇလွန်)

အသက်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန် မြို့နယ်၊ ကူးတို့ဆိပ်ကျေးရွာနေ (ဦးချမ်း မြ-ဒေါ်အေးသောင်)တို့၏သား၊ ဦးထွန်း ရင်၊ ဒေါ်မြကြည်၊ ဦးနေဒွန်း၊ ဒေါ်လှရီ တို့၏ညီ/မောင်၊ ဒေါ်လှမင်း၊ (ဦးသန်း အောင်)၊ ဦးစိုးမြင့်(မြန်မာ့အလင်း၊ငြိမ်း) တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက် ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဧရာ ၁၂လမ်း၊ အမှတ် ၆၉၈နေ ဦးစိန်ဟုတ်- (ဒေါ်သန်းရင်)တို့၏သားသမက်၊ ဒေါ် ငွေငွေ(မ-၂၁မူလွန်)၏ခင်ပွန်း၊ဦးအေး မြင့်၊ ဦးတင်မြင့်၊ ဦးလှမြင့်၊ ဦးအုန်းမြင့် တို့၏အစ်ကို/ညီ၊ မသင်းနုဆွေ (Audit Firm)၊ မကေခိုင်ဇင်၊ မောင်စိုးဝေဖြိုး၊ မဝင်းသီရိရှိန်တို့၏ဖခင်သည် ၇-၅- ၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၁၃ ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်

(မောင်မောင်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)

အသက်(၉၆)နှစ်

ကြည့်မြင်တိုင်၊ အိုးဘိုရပ်နေ (သရက်ထည် ဦးဘစံ-ဒေါ်ညွှန့်)တို့၏သား၊ [အေဝမ်းဦးမောင်မောင်စိုး(ခ)ဦးတင်ဖေ - ဒေါ်ထားကြည်]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၇၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြဝေ)၏ခင်ပွန်း၊ ဒေါ်သင်းသင်းအေး(MD-Eiksietan Co., Ltd.)-ဦးဝင်းမြင့်(ဒုတိယညွှန်ချုပ်၊ ငြိမ်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးမောင်မောင်ဝေ-ဒေါ်နန္ဒာခင်၊ ဒေါ် ခင်သန်းနု(အမှုဆောင်ဒါရိုက်တာ၊Eiksietan Co.,Ltd.)-အငြိမ်းစားသံအမတ်ကြီး ဦးသိန်းမြင့်၊ ဒေါ်သီသီခင်-ဒေါက်တာဦးညီညီစိန်၊ ဒေါက်တာဒေါ်မေသင်း(အမှု ဆောင်ဒါရိုက်တာ၊ Eiksietan Co., Ltd.)-ဒေါက်တာဦးကိုကို (အမှုဆောင် ဒါရိုက်တာ Eiksietan Co.,Ltd.)၊ ဒေါ်ဖြူဖြူဝင်း၊ ဦးကြည်ခိုင်၊ ဦးကြည်လှိုင်- ဒေါ်ခင်ခင်ကြီး၊ ဒေါ်သဇင်(ခ)မခိုင်(Eiksietan Co., Ltd.)-ဦးအောင်မြင့်စိုး (ရန်ကုန်စာတ်မှန်)၊ဦးအောင်မြင့်(အမှုဆောင်ဒါရိုက်တာ၊ Eiksietan Co., Ltd.)- ဒေါ်ရီမင်းမြိုင်၊ဒေါ်အေးအေးအောင်-ဦးမောင်မောင်မြင့်(C.O Miraco Shipping) တို့၏ဖခင်ကြီး၊မြေး၂၅ယောက်တို့၏အဘိုး၊မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ သဖြင့် ၁၀-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်

(မောင်မောင်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (သရက်ထည် ဦးဘစံ-ဒေါ်ညွှန့်) တို့၏သား၊ [အေဝမ်းဦးမောင်မောင်စိုး(ခ)ဦးတင်ဖေ-ဒေါ်ထားကြည်]တို့၏သား သမက်၊ ရန်ကုန်မြို့၊ အမှတ် ၇၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြဝေ) ၏ခင်ပွန်း၊ (ဒေါ်အုန်းသိမ်-ဦးတင်)၊ (ဒေါ်အုန်းကြူ-ဦးဦးခိုင်)၊ (ဦးလှသော်-ဒေါ် ကြိုင်)၊ (ဒေါ်လှဖြူ)၊ (ဒေါ်လှငွေ)၊ (ဒေါ်လှကြွေ-ဦးအေးမောင်)၊ (ဦးစန်းရှင်)- ဒေါ်သန်းမေတို့၏ညီ/မောင်၊ (ဒေါ်စောရှိန်-ဦးထွန်းခင်)၊ (ဦးရွှေမြ)တို့၏အစ်ကို သည် ၈-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၁၀-၅-၂၀၁၃ရက်(သောကြာနေ့)နံနက် ၉နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၇ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်

(မောင်မောင်ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြဝေ)၏ ခင်ပွန်း၊ ဦးရန်မျိုးအောင်-ဒေါ်အေးသွဲ့သွဲ့အောင်၊ဦးကျော်အောင်စိုး-ဒေါ်ခင်နီလာ၊ ဦးကျော်ထွန်း-ဒေါက်တာနွေအေးအေးဝေ၊ မခိုင်ဇင်ဝင်း၊ မခင်စန္ဒာဝင်း၊ ဦးကျော် သူရ-ဒေါ်မြတ်စုအောင်၊ မစုစုဝေ၊ ဦးမြတ်သူရ-ဒေါက်တာသွဲ့သွဲ့ဆွေ၊ ဒေါ်သက် ထားစုဝေ-ဦးသန်းဇော်၊ ဦးတင့်လျှမ်းဝေ-ဒေါ်ဇင်ဇင်မျိုးခိုင်၊ ဦးအောင်သူရ၊ မဝေရီဝင်းလဲ့ဖြူ၊ ကိုသူရဇော်၊ ဒေါက်တာယဉ်လဲ့ဖြူ၊ မမေသီရိကို၊ ဦးလင်းသူ အောင်-ဒေါ်ရင်ငြိမ်းအေး၊ မောင်ပြည့်လျှမ်းထက်၊ မငွေငွေလှိုင်၊ ဒေါက်တာ သီရိလှိုင်၊ မငြိမ်းစန္ဒီ-ဗိုလ်ကြီးအာကာ၊ မဆုရည်အောင်၊ မောင်သူရိန်အောင်မြင့် (ပနစ်၊ IM-2)၊ မစိမ့်စမ်းရည်၊ မောင်ဝေဖြိုးမောင်၊ မောင်ဟိန်းထက်အောင်တို့၏ အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၃ရက် (သောကြာနေ့)နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက် ခွာပါမည်။)

ကျန်ရစ်သူမြေးမြစ်များ

---

## ဦးသိန်းထွန်း

ညွှန်ကြားရေးမှူး(ငြိမ်း)

အကောက်ခွန်ဦးစီးဌာန

အသက်(၈၈)နှစ်

အမှတ် ၃၆၀၊ ရန်ကင်းလမ်း၊ လေး ထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်း မြို့နယ်နေ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးချိုချိုထွန်း(အကောက်ခွန်၊ငြိမ်း)-ဒေါ် ခင်အုန်းသိန်း၊ ဒေါက်တာသန့်ဇင်ထွန်း- ဒေါ်စုစုဝင်း၊ ဒေါ်ဆွေဆွေထွန်း-ဦးငွေး အောင်၊ ဒေါ်ယဉ်ယဉ်ထွန်း-ဦးသန်းထွေး တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ် ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၈-၅-၂၀၁၃ရက် နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၅- ၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

## ဦးတင်ဦး

ပစ္စည်းထိန်း(၄) ဝယ်/ဖြန့်(ငြိမ်း)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

အသင်းဝင်အမှတ်(၀၂၈၂)

အသက်(၇၁)နှစ်

၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွား ပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တီ (B.A)

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်(ဣန္ဒြိတံ)၊ အမှတ် ၃၈/Aနေ (ဦးဆင်-ဒေါ်ဖွား)တို့၏သမီး၊ အငြိမ်းစား တရားသူကြီး(ဦးအေးကြည်) ၏ဇနီး၊(ဦးတင်မောင်အေး)၊ ဦးခင်မောင် အေး-ဒေါ်ယဉ်ယဉ်ဦး၊ ဦးငွေးဝင်း- (ဒေါ်ခင်သန်းအေး)၊ (ဦးကြည်မောင် အေး)-ဒေါ်နွဲ့နွဲ့အေး၊ ဦးကိုကိုအေး- ဒေါ်မြတ်မြတ်သူတို့၏မိခင်၊ နေမျိုးထိုက် (C/Off, PIL)-ကြည်မျိုးအေး(ခေတ္တ- Spore)၊ ဒေါက်တာမြတ်သူရ - Dr. Parueluk Kerson၊ လွင်မျိုးအေး (ခေတ္တ-U.K)၊ Dayne Tanioka- ကေခိုင်ဝင်း(USA)၊ စည်သူအေးတို့၏ အဘွား၊ ကြည်ရဲထိုက် (3rd Yr. ME, SMA-Spore)၊ ဆုကြည်ကဗျာထိုက် (Sec.3, Bvss-spore)၊ ပန်းကလေး တို့၏ဘွားဘွားကြီးသည် ၆-၅-၂၀၁၃ ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၅- ၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် **mmalin.npt @ gmail.com**၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

# မြန်မာနိုင်ငံအလယ်ပိုင်း စိမ်းလန်းစိုပြည်ရေး တောင်ကိုရီးယားမှ ငွေကြေးထောက်ပံ့ကူညီ

မောင်သစ္စာ ➤ ရေးသားသည်

ရန်ကုန် မေ ၈

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အပူပိုင်းဇုန်စီမံကိန်းအတွက် တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)က အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း မေ ၈ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ စီမံကိန်းအရ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ယခုနှစ်အတွင်း သစ်တောများ ပြန်လည်ပြုစု ပျိုးထောင်ခြင်းနှင့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ငွေကြေးကူညီထောက်ပံ့မှုကို နှစ်နိုင်ငံ ကိုယ်စားလှယ်များက

စာမျက်နှာ ၅ ကော်လံ ၁ ◆



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၈

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးစိုးနိုင်၊ ဦးဌေးမြင့်၊ ကော်မတီကော်မရှင်များမှအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လူမှုတာဝန်သိသော မီဒီယာပုံစံနှင့် မြန်မာ့မီဒီယာလောက

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာများ၏ အရေးပါမှုကို ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ မိန့်ကြားချက်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်မီဒီယာပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိပါသည်။

ယင်း၏ရလဒ်အဖြစ် နှစ်ပေါင်းငါးဆယ်နီးပါး ကျင့်သုံးခဲ့သည့် ထုတ်ဝေစာများကို ကြိုတင်စိစစ်သည့်စနစ်ကို ၂၀-၈-၂၀၁၂ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပါသည်။

ထို့ပြင် ၁၇-၉-၂၀၁၂ ရက်နေ့တွင် စာနယ်ဇင်းကောင်စီ(ယာယီ)ကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ၁၈-၁၀-၂၀၁၂ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလျက်ရှိသည့် သတင်းစာသုံးစောင်အားအများပြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် ပြောင်းလဲရန် သတင်းစာအုပ်ချုပ်ရေးအဖွဲ့ (Governing Body) ကို ဖွဲ့စည်းပေးခဲ့ပါသည်။

အနာဂတ်ရုပ်သံလွှင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရုပ်သံလွှင့်ဥပဒေတစ်ခုကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲနေပါသည်။ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး ၄င်းဥပဒေကြမ်းအပေါ် ပုံနှိပ်လုပ်ငန်းရှင်များ၊ စာနယ်ဇင်းသမားများနှင့် ပြည်သူလူထု၏ အကြံပြုချက်များရယူခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ထပ်မံတင်ပြထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)က ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စာနယ်ဇင်းဥပဒေ မူကြမ်းကို ပြုစုရေးဆွဲလျက်ရှိပါသည်။

အလားတူ ပုဂ္ဂလိက နေ့စဉ်သတင်းစာများအား ထုတ်ဝေခွင့်ပြုခဲ့ရာ ၂၈-၂-၂၀၁၃ ရက်နေ့တွင် ရှစ်စောင်၊ ၂၅-၃-၂၀၁၃ ရက်နေ့တွင် ရှစ်စောင်၊ ၂၉-၄-၂၀၁၃ ရက်နေ့တွင် ၁၀ စောင် ထုတ်ဝေခွင့်ပြုခဲ့သည့်အတွက် ယခုအခါ ပုဂ္ဂလိကသတင်းစာ မြန်မာဘာသာဖြင့် ၂၄ စောင်၊ အင်္ဂလိပ်ဘာသာဖြင့် နှစ်စောင် စုစုပေါင်း ၂၆ စောင် ထုတ်ဝေခွင့်ပြုထားပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲဖော်ဆောင်နေမှုများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ် မဟာဗျူဟာနှင့် နိုင်ငံတကာဆိုင်ရာ လေ့လာရေးဌာနမှ အကြီးတန်းပုဂ္ဂိုလ် KAVI CHONGKITTAVORN က မေလ ၆ ရက်နေ့ထုတ် The Nation သတင်းစာ၌ "မီဒီယာနှင့်ပတ်သက်လာလျှင် အာဆီယံအဖွဲ့အစည်းအတွင်း မြန်မာနိုင်ငံသည် အကြီးမားဆုံး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၈ လတာကာလအတွင်း မြန်မာနိုင်ငံအစိုးရဆောင်ကြဉ်းခဲ့သည့် ပြောင်မြောက်လှသော မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် အားနည်းချက်အချို့ရှိခဲ့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို အံ့အားသင့်စေခဲ့ကြောင်း၊ မြန်မာနိုင်ငံက စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မီဒီယာပွင့်လင်းမှု၊ အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့

**မောင်သက်**


TIME FOR ASEAN'S MEDIA SECTOR TO COME TOGETHER

REGIONAL PERSPECTIVE

KAVI CHONGKITTAVORN

ဝန်ဆောင်မှု မီဒီယာဖော်ဆောင်မှုတို့အပေါ် နိုင်ငံတကာ မိသားစုတို့က ကြိုဆိုထောက်ခံခဲ့ကြကြောင်း၊ အာဆီယံအဖွဲ့အတွင်း အခြားနိုင်ငံများသည် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော အနေအထားပုံစံမှ မိမိတို့အပေါ် သက်ရောက်လာနိုင်ခြေများကိုပင် စိုးရိမ်ပူပန်မှုများဖြစ်လျက်ရှိကြောင်း" ဖြင့် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဆောင်းပါး၌ မြန်မာနိုင်ငံ၏ အတိတ်ကာလမီဒီယာကဏ္ဍအခြေအနေနှင့် နှိုင်းယှဉ်ပြီး "တစ်ချိန်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့အတွင်း တင်းမာသည့်သဘောထားနှင့် ခေါင်းမာမှုများအပေါ် အခိုင်အမာရပ်တည်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ယခုအချိန်တွင်မူ မြန်မာနိုင်ငံသည် အခြေအနေအားလုံးကို ပြောင်းပြန်လှန်ခဲ့ပြီး

စာမျက်နှာ ၅ ကော်လံ ၁ ✻

## ယနေ့ မာတိကာ


ဂျူးအခြေစိုက်အိမ်ရာ တည်ဆောက်မှု ဝန်ကြီးချုပ် နေတန်ယာဟုဆိုင်းငံ့ထား စာ - ၄

ပုဂ္ဂလိကသတင်းစာများ ထွက်ရှိလာပြီးနောက် အပတ်စဉ်ထုတ်ဂျာနယ်များ အရောင်းအား စာ - ၇

ကျောက်ပန်းတောင်း၌ သောက်သုံးရေခက်ခဲသည့်ကျေးရွာများသို့ ရေလှူ စာ - ၁၁

ကမ္ဘာ့ထိပ်တန်းကလပ်အဖြစ် ရပ်တည်နေတဲ့ ဘာစီလိုနာ စာ - ၁၄


## ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် မေ ၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**


